# ဗောဓိပင်စိုက်ပျိုးပူဇော်ကာ
# ညောင်ရေသွန်းပွဲတော်
# ပြုလုပ်ခြင်း

၁၉၈၉၉

ရန်ကုန်မြို့ ပါရမီလမ်း တိုက်အမှတ် (၄၃) နေ

အလှူ့ဒါယိကာမ ဒေါ်နုနုဝေ ၏ ၁၅၈

# ဗောဓိပင် စိုက်ပျိုး ပူဇော်ကာ

# ညောင်ရေသွန်း ပွဲတော်

# ပြုလုပ်ခြင်းနှင့်

## ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်

# အလှူတော် မင်္ဂလာ

# ပရိတ်တရားတော်[illegible]ဖိတ်ကြားလွှာ

စာကြည့်တိုက်
၁၈၅၉

| ကောဇာ | သာသနာ | ခရစ် |
| --- | --- | --- |
| ၁၃၅၀ | ၂၅၃၁ | ၁၉၈၈ |
| ကဆုန်လပြည့်နေ့ | | မေ (၃၀) ရက် |

အနန္တငါးပါး ဦးထိပ်ထားလျက်
ကွယ်လွန်သူ မိဘများ ဖြစ်ကြသော
အမိန့်တော်ရ ရွှေနေကြီး ဦးဆင့် — ဒေါ်အေးတင် နှင့်
ဒေါက်တာ တင်အေး တို့ကို ရည်စူး၍
ရန်ကုန်မြို့ ပါရမီလမ်း၊ တိုက်အမှတ် (၄၃) နေ
အလှူ့ဒါယိကာမဖြစ်သူ ဒေါ်နုနုဝေ က
လေးမြတ်စွာ မင့်လျှောက်အပ်ပါသည် သံဃာတော်
အရှင်မြတ်တို့ ဘုရား။

လှူရန် ပစ္စည်းဝတ္ထုများ
ပင့်သံဃာတော် (၁၀၀) တို့အား လှူဒါန်းဖွယ်ပစ္စည်းများ
တပါးလျှင် သင်္ကန်းဒွိစုံ၊ သိမ်ဝင်သံဃာ (၁၅) ပါး
တို့အား လှူဒါန်းဖွယ်တို့ဖြင့် လှူဒါန်းခြင်း။

ဤ ကုသိုလ်ကောင်းမှု အစုစုတို့ကို ရေစက်သွန်းချ
အမျှဝေရန် ဖြစ်ပါသည်။

## အလှူတော်မင်္ဂလာ အစီအစဉ်

၁၃၅၀- ခု၊ ကဆုန်လပြည့်နေ့ (၃၀-၅-၈၈) စနေနေ့၊ နံနက် ၇ နာရီ ၃၀ အချိန် စည်ကား သိုက်မြိုက်စွာ ဗောဓိပင် စိုက်ပျိုး ပူဇော်ပြီး ညောင်ရေသွန်းလောင်းရန်။

၇ နာရီ ၄၅ မှ၊ ၈ နာရီ ၃၀ အထိ သိမ်ဝင်ရန်နှင့် ရှင်ပြု သီလရှင် ဝတ်ရန်။

၈ နာရီခွဲမှ ၉ နာရီခွဲအထိ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် စာချ ဓမ္မကထိက ဆရာတော် အရှင်ကုဏ္ဍလာဘိဝံသ၏ အနုမောဒနာ တရားတော် နာကြားရန်။

နေ့လည် ၁ နာရီမှ ၂ နာရီအထိ ချမ်းမြအောင်စည် မဟာစည် သာသနာ့ရိပ်သာ ဩဝါဒါစရိယ နာယကဆရာတော် အရှင်သံဝရ ၏ ညောင်ရေသွန်း အနုမောဒနာ တရားတော် နာကြားရန်။

ရင်းည ၇ နာရီမှ ၉ နာရီအထိ ဒေါ်နုံ့ဒဝ၏ ရဟန်းတော် အရှင်ဉာဏသိရိ၏ အနုမောဒနာ တရားတော် နာကြားရန် ဖြစ်ပါသည်။

## ရဟန်းလောင်းများ

၁။ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းမှ အရှင်ဉာဏသိရိ။

၂။ ရန်ကုန်မြို့ မဟာဂန္ဓာရုံကျောင်းတိုက်မှ ရှင်ဩဘာသတို့အား ရာသက်ပန် ရဟန်းတော်များ ဖြစ်ကြပါသည်။

## ဒုလ္လဘရဟန်းလောင်းများ

| | | |
|---|---|---|
| ၁။ | ဦးမြခိုင် | ရန်ကုန်မှ |
| ၂။ | ဦးစိန်မောင် | ။ |
| ၃။ | ဦးတင်ဆောင် | ။ |
| ၄။ | ဦးစောဆောင် | ရွှေဘိုမှ |
| ၅။ | ဦးအေးကြူ | စစ်ကိုင်းမှ |
| ၆။ | ဦးတင်ညွန့် | သုံးခွမြို့မှ |
| ၇။ | ဦးတရုပ်ကြီး | မတ္တရာမှ |
| ၈။ | ဦးဝင်းရှိန် | မန္တလေးမှ |
| ၉။ | ဦးမြင့်အောင် | ရွှေဘိုမှ |

## ရှင်သာမဏေလောင်းများ

| | | |
|---|---|---|
| ၁။ | မောင်ဘိုထွေး | ရန်ကုန်မှ |
| ၂။ | မောင်ဇော်ဇော်ဟန် | ။ |
| ၃။ | မောင်ယုမင်း | ။ |
| ၄။ | မောင်ဇော်မင်း | ။ |

| | |
|---|---|
| ၁။ ဒေါ်ဌေးကြည် | ချမ်းမြအောင်စည်မှ |
| ၂။ ဒေါ်တင်ဝင်း | ။ |
| ၃။ မမင်းမင်းဟန် | ရန်ကုန်မှ |
| ၄။ မရီရီမြင့် | ။ |
| ၅။ မလဲ့လဲ့ဆွေ | ။ |
| ၆။ မဥမ္မာလွှင် | ။ |
| ၇။ မဝေဝေလွင် | ။ |
| ၈။ မနန်းအေးကရီဦး | ။ |
| ၉။ မတင်တင်မြင့် | ။ |

## ဒေါက်တာတင်အေး–ဒေါ်နုနုဝေတို့၏
## ကောင်းမှု အလှူတော်များ

| | | |
|---|---|---|
| ချမ်းမြအောင်စည် ယောဂီဆောင် | | ၁၀၀၀၀ |
| " | တယ်လီဖုံးအလှူ တပ်ဆင် လှူဒါန်းခြင်း | ၆၀၀၀ |
| " | ကျောင်းပြုပြင်ရန် | ၁၀၀၀၀ |
| " | ဗောဓိပလ္လင် | ၅၅၀၀ |
| " | ဆောက်လုပ်ပြီးကျောင်း ဆေးသုတ်ရန် | ၂၁၃၈ |
| " | ကျောင်းအတွက် အအေးစက် | ၂၅၀၀၀ |
| အလယ်တောရ မိုးကုတ်သီလရှင်ကျောင်း ရေကန်နှင့် ဘိလပ်မြေ | | ၄၀၀၀ |
| " | အမိုးပြား အလှူငွေ | ၇၀၀၀ |
| မဟာဂန္ဓာရုံ အလယ်ကျောင်းတော်ကြီး | | ၁၅၀၀၀ |
| " | ဆွမ်းစားကျောင်း | ၁၅၀၀၀ |
| ပဲခူး မဟာစေတီစိန်တောင် | | ၁၅၀၀ |
| တောင်ပုလုဆရာတော် လှမ်းစေတီအတွက် | | ၅၀၀ |
| နှင်းဆီလမ်း စာသင်ကျောင်းအတွက် | | ၅၀၀ |
| ဗိုလ်တစ်ထောင် ကျောင်းတိုက်အတွင်းရှိ သိမ်ပြုပြင်ရန် | | ၅၀၀ |
| ကမာရွတ် အောင်မင်္ဂလာ ကျောင်းဆောက်ရန် | | ၁၀၀၀ |
| ဗုဒ္ဓဂါယာ ဘုရားရှိခိုးကျောင်း အတွက် | | ၁၀၀၀ |

| | |
|---|---|
| ရန်ကုန် ဗုဒ္ဓတက္ကသိုလ် | ၅၀၀ |
| သီတဂူ သံဃာ့ဆေးရုံ | ၁၀၀ |
| စာအောင် သံဃာအတွက် | ၃၀၀၀ |
| ချမ်းမြေ့ ငွေဖလား | ၃၀၀ |
| ဆေးကုန်း ဆရာတော် | ၅၀၀၀ |
| မဟာဂန္ဓာရုံ ရန်ကုန်ကျောင်း ငွေပဒေသာပင် | ၁၅၀၀ |
| အမရပူရ မဟာဂန္ဓာရုံ ငွေပဒေသာပင် | ၁၅၀၀ |
| ဓမ္မပူဇာ ၃ ပါးအတွက် | ၃၀၀၀ |

ပေါင်း [ ၁၁၉၅၃၀ ]



ချမ်းမြအောင်စည် ဩဝါဒါစရိယ
သာသနဓဇသိရီပဝရ ဓမ္မာစရိယ
နာယကဆရာတော်

# နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ကျေးဇူးရှင် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး
## ဟောကြားတော်မူအပ်သော

## ဗုဒ္ဓဉာဏ်တော်၏ အစွမ်းသုံးပါး
## လင်္ကာ

[အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် နာယကဆရာတော်
အရှင် စန္ဒောဘာသ စီစဉ်သည်။]

၁။ သိရန်မှန်က, မကျန်ရအောင်, လုံးဝစုံလင်, အကုန်မြင်,
သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

၂။ သိသည့်တရား, များအပြားနှင့်, ဟောထားစဖွယ်, နည်းသွယ်သွယ်ကို, ခြယ်လှယ်စုံလင်, အကုန်မြင်, သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

၃။ ကျွတ်ထိုက်ကြပေ, များပေနေ၏, ဝေနေယျစရိုက်, သူ့အကြိုက်ကို, နှိုက်ချွတ်စုံလင်, အကုန်မြင်, သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

၄။ ဉာဏ်တော်စွမ်းပကား, ကျယ်သုံးပါးကြောင့်, အများဝေနေ, ကျွတ်လွတ်စေဖို့, မာနမနား, သက်တော်အားဖြင့်, ကြီးမားလေဘိ, ရှစ်ဆယ်ပြည့်၍, ပရိနိဗ္ဗာန်, စံသည့်တိုင်အောင်, သယ်ယူဆောင်, ဘုန်းခေါင်ငါတို့ ဘုရားတည်း။

ဓစတနာတူလျှင် အကျိုးတူ

တိဋ္ဌန္တေ နိဗ္ဗုတေစာပိ,
သမေ စိတ္တေ သမံ ဖလံ၊
စေတောပဏိဓိဟေတုံ ဟိ,
သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

တိဋ္ဌန္တေစာပိ-သက်တော်ထင်ထင်, တည်ရှိစဉ်ဝယ်, ဖူးမြင်ရငြား, မြတ်ဘုရား၌လည်းကောင်း၊ နိဗ္ဗုတေစာပိ-ရှေးပြည်နိဗ္ဗူ, စံတော်မူသည့်, သုံးလူထွဋ်ထား, မြတ်ဘုရား၌လည်းကောင်း၊ စိတ္တေ-ဂုဏ်တော်အာရုံ, ကောင်းစွာထုံ၍, တလုံလုံလဲ, မှိုဝဲစွဲသုံး, စိတ်နှလုံးသည်၊ သမေ-သဒ္ဒါပညာ, အရာရာဝယ်, မကွာတန်းတူ, ညီမျှပါမူကား၊ သမံဖလံ- အကျိုးမေးဟန်, အဖန်ဖန်လည်း, ကေန်ညီမျှ, တန်းတူရလေတော့၏၊ ဟိ (ယုတ္တံ)-ထို စကားလျှင်, မမှားကေန်, ယုတ္တိတန်လှပါပေ၏၊ သတ္တာ- ယုတ်မြတ်မဟူ, သူ-ငါအစ, သတ္တဝါဟူသမျှတို့သည်၊ စေတောပဏိဓိဟေတု-စိတ်နေစိတ်ထား, ကြီးမားဖြူစင်, ကြည်လင်သန့်ရှင်း, အကြောင်းရင်းကြောင့်၊ သုဂတိံ- လူ့ရွာနတ်ထံ, ချမ်းသာစံလျက်, နိဗ္ဗာန်တိုင်ထိ, အကောင်းဆုံးဂတိသို့၊ ဂစ္ဆန္တိ — ပါရမီ စွမ်းသလောက်, စခမ်းပေါက်အောင်, လှမ်းရောက်နိုင်ကြပေသတည်း။

## ဃနေ့လုပ်ရမည့် အလုပ် ယခုလုပ်

အဇ္ဇေဝ ကိစ္စံ အာတပ္ပံ၊
ကော ဇညာ မရဏံ သုဝေ၊
န ဟိ နော သင်္ဂရံ တေန၊
မဟာသေနေန မစ္စုနာ။

အဇ္ဇေဝ— နက်ဖြန် မရွေ့, ယခုနေ့၌ပင်၊ အာတပ္ပံ– ကိလေသာအမှိုက်, မီးဖြင့် တိုက်သို့, လောင်မြိုက်ဖို့ရန်, အဖန်ဖန် အားထုတ်မှုကို၊ ကိစ္စံ (ကာတဗ္ဗံ)- မနား မနေ, ပြုသင့်ပေ၏၊ သုဝေ—ယနေ့မှနောက်, နက်ဖြန်ရောက်မှ၊ မရဏံ— သေရမည်ကို၊ ကော—နတ်နှင့်လူဝယ်, အဘယ်သူသည်၊ ဇညာ — ကောင်းစွာ ပိုင်ပိုင်, သိနိုင်ပါအံ့နည်း၊ ဟိ (ယုတ္တံ) — ထိုကဲ့သို့သာ, အခါခါဖြင့်, မှန်စွာပုံသေ, တွေးသင့်ပေ၏၊ မဟာသေနေန- တွင်းပန္နစ်တန်, ရောဂါဒဏ်ဖြင့်, ဘေးရန်ပတ်လည်, များသောစစ်သည် ရှိသော၊ တေန မစ္စုနာ— သုံးဆယ့်တစ်ဘုံ, အကုန်ခြေနင်း, ထိုသေမင်းနှင့်၊ သင်္ဂရံ - ကိုယ်ကာသာအောင်, ညှာတာအောင်ဟု, လက်ဆောင် ချော့မြူ, တိုက်၍ယူနိုင်ခြင်းသည်၊ န နော အတ္ထိ (နတ္ထိ ဧဝ) — မရှိကေန်, အမှန်ပင်ဖြစ်ပါပေသတည်း။

## ဘုရားရှင် ပွင့်တော်မူရခြင်း၏ ရလာဒ်

ဘုရားရှင်တော်, မပွင့်ပေါ်လျှင်, လူတော်အများ, စိတ်ကောင်းထားလည်း,ဤကား ကုသိုလ်, အကုသိုလ်နှင့်, ထိုထိုဘုံဘဝ, မသိရ, များလှ အပြစ်တွေ။

ဘုရားရှင်တော်, ပွင့်ထွန်းပေါ်၍, ဟောဖေါ် ညွှန်ကြား, မြွက်တရားကြောင့်, ဤကား ကုသိုလ်, အကုသိုလ်နှင့်, ထိုထို ဘုံဘဝ, သိကြရ, များလှ ကျေးဇူးတော့။

ကျေးဇူးတော်ရှင်, ဘုရားရှင်ကို, နေ့စဉ်မပြတ်, ကျေးဇူးဆပ်ဖို့, အမြတ်ရတနာ, သာသနာ၏, နှစ်ဖြာဝန်ထမ်း, လွန်ကြိုးပမ်း, လူစွမ်း ပြုကြစေ။

ငရဲရှိတယ်, တိရစ္ဆာန်ရှိတယ်, ပြိတ္တာရှိတယ်, လူနှံ-လူမွဲ
လူဆင်းရဲရှိတယ်, သေရဦးမယ်, သတိထား။

---

သံဝေဂဝတ္ထု ရှစ်ပါး

အမိ ဝမ်းခေါင်း, ဆယ်လ ညှောင်းမျှ, အောင်းခဲ့ရချေ, တည်သန္ဓေနှင့်, လူ့ပြေ လူ့ရွာ, ရောက်ပြန်ပါလည်း, အိုနာ သေရေး, ဒုက္ခဘေးကြောင့်, စိတ်အေး ကိုယ်ခိုင်, မနေနိုင်ခဲ့, ဆိုင်ဆိုင် ဒုက္ခ, ခံပြီးမှလည်း, များလှပါယ်ရွာ, ရောက်ကြရှာ၏။

အတိတ်တာရှေး, ဤဝဋ်ဘေးနှင့်, နောင်ရေး နာဂတ်, ဒုက္ခ ထပ်လိမ့်, မပြတ် ခုခါ, ဖြစ်တုန်းမှာလည်း, အစာရှာရ, ထို ဒုက္ခကြောင့်, နေ့ည မဟူ, ကိုယ်စိတ်ပူ၍, သူသူ ငါငါ, မသက်သာသည်, ရှစ်ဖြာ သံဝေ ရကြောင်းတည်း။

## ဘာဝနာဆိုတာ ဘာကိုခေါ်သလဲ
### အရကျက်ရန်

၁။ လောဘ ဒေါသ, မာန်မာနနှင့်, ဣဿာ မစ္ဆေ, နည်းပါး
စေ၍, စိတ်နေ စိတ်ထား, သဒ္ဓါပွားလျက်, ကြီးမား
မြင့်မြတ်, ဖြစ်စေတတ်, မှတ်လေ ဘာဝနာ။

၂။ လောဘ ဒေါသ, မာန်မာနနှင့်, ဣဿာ မစ္ဆေ, နည်းပါး
စေ၍, စိတ်နေ စိတ်ထား, ပညာပွားလျက်, ကြီးမား
မြင့်မြတ်, ဖြစ်စေတတ်, မှတ်လေ ဘာဝနာ။

၃။ လောဘ ဒေါသ, မာန်မာနနှင့်, ဣဿာ မစ္ဆေ, နည်းပါး
စေ၍, စိတ်နေ စိတ်ထား, သတိပွားလျက်, ကြီးမား
မြင့်မြတ်, ဖြစ်စေတတ်, မှတ်လေ ဘာဝနာ။

၄။ လောဘ ဒေါသ, မာန်မာနနှင့်, ဣဿာ မစ္ဆေ, နည်းပါး
စေ၍, စိတ်နေ စိတ်ထား, ဝီရိယ ပွားလျက်, ကြီးမား
မြင့်မြတ်, ဖြစ်စေတတ်, မှတ်လေ ဘာဝနာ။

၅။ လောဘ ဒေါသ, မာန်မာနနှင့်, ဣဿာ မစ္ဆေ, နည်းပါး
စေ၍, စိတ်နေ စိတ်ထား, သမာဓိပွားလျက်, ကြီးမား
မြင့်မြတ်, ဖြစ်စေတတ်, မှတ်လေ ဘာဝနာ။

၆။ လောဘ ဒေါသ, မာန်မာနနှင့်, ဣဿာ မစ္ဆေ, နည်းပါး
စေ၍, စိတ်နေ စိတ်ထား, မေတ္တာပွားလျက်, ကြီးမား
မြင့်မြတ်, ဖြစ်စေတတ်, မှတ်လေ ဘာဝနာ။

၇။ လောဘ ဒေါသ, မာန်မာနနှင့်, ဣဿာ မစ္ဆ, နည်းပါး စေ၍, စိတ်နေ စိတ်ထား, ကရုဏာပွားလျက်, ကြီးမား မြင့်မြတ်, ဖြစ်စေတတ်, မှတ်လေ ဘာဝနာ။

၈။ လောဘ ဒေါသ, မာန်မာနနှင့်, ဣဿာ မစ္ဆ, နည်းပါး စေ၍, စိတ်နေ စိတ်ထား, မုဒိတာ ပွားလျက်, ကြီးမား မြင့်မြတ်, ဖြစ်စေတတ်, မှတ်လေ ဘာဝနာ။

---

၁။ ကျေးဇူးတော်ရှင်, ဘုရားရှင်ကို, နေ့စဉ် မပြတ်, ကျေးဇူး ဆပ်ဖို့, ပရိယတ်နှင့်, ပဋိပတ် နှစ်ဖြာ, သာသနာကို, ကောင်းစွာ ကြိုးကုတ်, လွန်အားထုတ်, အဟုတ် ကျင့်ကြစေ။

၂။ အကျင့် မဖေါ်, ဂုဏ် လာဘ် မျှော်၍, စိတ်ပျော် ကိုယ်ရှင်, သာသနာဝင်မှု, အစဉ်နှောင်လာ, သာသနာနှင့်, ကိုယ်ပါ နိမ့်ကျ, နောက်ဘဝ၌, ရောက်ရလေမည့်, တိုင်းမသိ, များဘိ ဒုက္ခတွေ။

## လေးလံလှတဲ့ ဤခန္ဓာဝန်

ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ,
ဘာရဟာရော စ ပုဂ္ဂလော၊
ဘာရာဒါနံ ဒုခံ လောကေ,
ဘာရနိက္ခေပနံ သုခံ။

ပဉ္စက္ခန္ဓာ—ငါးပါး ခေါ်တွင်, ငါ့ကိုယ်မဝ်ဟု, ထင်မြင်ရခြား, ခန္ဓငါးပါးတို့သည်၊ ဟဝေ — စင်စစ် ကေန်, ဆမှန်အားဖြင့်၊

**ဘာရာ** — လေးလံလှစွာ ၊ ဝန်ထုပ် ဝန်ပိုးကြီးတို့ပါ တကား၊ ပုဂ္ဂလော—သူ ငါကာစ, ပုဂ္ဂိုလ်ဟူသမျှသည်၊ ဘာရဟာရော—ခန္ဓာဝန်ထမ်း , အမြဲနွမ်းလျက် , ပင်ပန်းရှာသာ , နေရပါတကား၊ လောကေ—ငရဲ တိရစ္ဆာန် , မချန် ပြိတ္တာ, ဗြဟ္မာ လူ နတ်, အရပ်ရပ်သော လောက၌၊ ဘာရာဒါနံ—ခန္ဓာဝန်ကို ထမ်းဆောင်နေရခြင်းသည်၊ ဒုခံ(ဒုက္ခံ)-ဇာတိ ဇရာ, အစဖြာလျက်, များစွာမထောင်သောင်း, ဆင်းရဲအပေါင်း၏ , အကြောင်းရင်းမှန် , အခြေခံပါတကား၊ ဘာရနိက္ခေပနံ—မဂ်အရိယာ,ရသည့်ခါဝယ်,ခန္ဓာဝန်သစ်, ပစ်ချနိုင်ခြင်းသည်၊ သုခံ — ဒုက္ခများစွာ , ကင်းမကွာသဖြင့် , သာယာငြိမ့်ငြောင်း , ချမ်းသာကြောင်းပါတကား။

## စဉ်းစားစမ်းပါ

အပ္ပမာယု မနုဿာနံ,
ဟိတွေယျ နံ သုပေါရိသော၊
စရေယျာ'ဒိတ္တသီသောဝ,
နတ္ထိ မစ္စုဿ နာ'ဂမော။

မနုဿာနံ— ယခုလိုလူ , ဆုတ်ကပ်သူတို့၏၊ အာယု — ကြောက်စရာလမ်း,အသက်တမ်းသည်၊ အပ္ပံ—ရေတွက်လေလေ, တိုလှချေ၏၊ သုပေါရိသော·သိမြင်ကျိုးကြောင်း, ပညာရှိသူတော်ကောင်းသည်၊ နံ(အာယုံ)-ကြောက်စရာအချက်,ထိုအသက်ကို၊ ဟိတွေယျ-နေ့ရောညဉ့်ပါ, ရှုတ်ချရာ၏၊ ( ဟိတွေတွာ—အချိန်ရှိသမျှ, ရှုတ်ချပြီး၍၊ ) အာဒိတ္တသီသောဝ—ဦးခေါင်း ဥသျှောင် , မီးလောင်ခံရသူကဲ့သို့၊

စရေယျ—တရားအမြွတ်, မလစ်လပ်အောင်, မပြတ်ပုံသေ, ကျင့်၍နေရာ၏၊ မစ္စုဿ—မမွတာမင်း, သေရခြင်း၏၊ န အာဂမော—မရောက်လာရာ, သတ္တဝါ မည်သည်၊ နတ္ထိ—လူ့ဘုံ နတ်ရောက်, အကုန် ပေါက်အောင်, မွေ့ခန့်ရှာကြံရှာဖွေ, မရှိနိုင်ချေ တကား။

မယုံဘူးလား

အဍ္ဎဝဿံသတံ သဗ္ဗေ,
လောကေ သကမ္မနိဿိတာ၊
မရဏံ ဝေ ဂမိဿန္တိ,
ဇာတာနံ ဟိ မစ္စု ဓုဝံ။

လောကေ-မျက်မြင်တွေ့ရ, လူ့လောက၌၊ သကမ္မနိဿိတာ—စားရေး ဝတ်ရေး, နေထိုင်ရေးဟု, ကိုယ်ရေးလျှော့ရှုပ်, ကိုယ့်အလုပ်ကို မှီကြကုန်သော၊ သဗ္ဗေ—ရဟန်း ရှင် လူ, ခပ်သိမ်း သူတို့သည်၊ **အဍ္ဎဝဿသတံ**—တစ်နေ့ တစ်ရက်, တစ်နံနက် ဟု, အသက်ကုန်ဆင်း, အနှစ်တစ်ရာ အတွင်း၌၊ ဝေ(ကေဋေန)-စင်စစ်ကေန်, အမှန်, မလွဲ, တစ်ပုံစံထဲသာလျှင်၊ ရမဏံ ဂမိဿန္တိ—သေတွင်း သေဝ, သေပေါက်ကျအောင်, ရောက်ရကုန်လတ္တံ့၊ ဟိ(သစ္စံ)—သူတော်အများ, လက်ကိုင်ထား၍, စကားဆိုဟန်, အမှန်ပင် ဖြစ်ပါပေ၏၊ ဇာတာနံ—ရှေးကံအရ, တစ်ဘဝ၌, ဖြစ်ကြရသူ, အများလူတို့၏၊ မစ္စု—အသက်တပ်းနှင့်, ကံစွမ်းအမြိုန်, ကုန်ချိန်ရောက်က, သေပျောက်ရခြင်းသည်၊ ဓုဝံ—မြေလတ်ခတ်နဲ့, မြှောက်သည့် ခဲသို့, မလွဲ မသွေ, အမှန်ပင် ဖြစ်ပေသတည်း။

## နေ့ဘက်ဆုံး သေရမည်

ဘုန်းကံကြီးမာ, ခြေရံများ၍, ခွန်အားပြည့်မတ်, ဣဒ္ဓိပါဒ်နှင့်, အတတ်ပညာ, ကြီးမြင့်ပါလည်း, သတ္တဝါအားလုံး, ကုန်အောင်ချုံး, နေ့ဘက်ဆုံးသေရမည် တကား။

ရေ၌ဒုတ်ရေး, တုတွေးရေပွက်, တောင်ထက်မြစ်တု, အားမရှိသူထွေး, ကံထွေးသားတစ်, သံအိုးခြစ်၌, ချပစ်အလား, သတ်မည့်နွားနှင့်, မြက်ဖျားမှာနှင်း, ပုံမယွင်းခဲ့, နည်းမင်းအာယု, ကောင်းသည့်မှုကို, ပြုသင့်လက်ငင်း, ခုချက်ချင်း။

ညဥ့်နေ့[၁] တစ်နေ့[၂], ထက်ဝက်နေ့တည်း[၃], တစ်ကြိမ်မျှစား[၄], ထက်ဝက်စားနှင့်[၅], လေးငါးလုတ်တွင်း, မသေလျှင်းမှု, ခြောက်ယောက်သူကို, မှေ့သူဟောထား၊ တစ်လုတ်စားတွင်း[၆], ရှုံ့ရှိုက်တွင်းမှာ, မသေပါမှု, မြတ်စွာဘုရား, ဟောစတရားကို, အားထုတ်အံ့ဟု, နှစ်ယောက်သူသာ, အပုထက်စွာ ပွားသတည်း။

ငါနှင့်ရွယ်တူ, ငါ့အောက်လူ, ကြီးသူသေကြ, များလှပြီ။
ခဏမစဲ, အိုစမြဲ, ကိုယ်လဲသေဖက် နီးခဲ့ပြီ။
မသေရို့, ပါရမီ, ငါသည်ဖြည့်မှ, သင့်တော့မည်။

## အနိစ္စ, ဒုက္ခ, အနတ္တ

၁။ ရုပ်နာမ်နှစ်ဝ, ဤကာယ၏, ခုဖြစ်, ခုပျက်, မမြဲချက်ကို, ကွက်ကွက်ကွင်းကွင်း, ဉာဏ်ရောင်လင်းက, ယင်းသို့ကာယ, ဟုသမျှ၌, အနိစ္စချည်းသာ, ငြီးငွေ့လာ, မှန်စွာစင်ကြယ်ကြောင်း။

၂

၂။ ရုပ်နာမ် နှစ်ဝ, ဤကာယ၏, ဒုက္ခသက်သက်, ဆင်းရဲချက်ကို, ကွက်ကွက် ကွင်းကွင်း, ဉာဏ်ရောင် လင်းက, ယင်းသို့ကာယ, ဟူသမျှ၌, ဒုက္ခချည်းသာ, ငြီးငွေ့လာ, မှန်စွာ စင်ကြယ်ကြောင်း။

၃။ ရုပ်နာမ်နှစ်ဝ, ဤကာယ၏, အနတ္တတွက်, နှစ်မဲ့ချက်ကို, ကွက်ကွက် ကွင်းကွင်း, ဉာဏ်ရောင် လင်းက, ယင်းသို့ကာယ, ဟူသမျှ၌, အနတ္တချည်းသာ, ငြီးငွေ့လာ, မှန်စွာ စင်ကြယ်ကြောင်း။

## ရုပ်တရားကို ရှုပုံ

အဝိဇ္ဇာ– ဘဝတဏှာ အရင်းခံ၍ ရှေးကံက စီမံလိုက်သော ဤခန္ဓာကိုယ်သည် တစ်လုံးတစ်ခဲ တစ်တွဲတည်းသာ ထင်ရသော်လည်း ကံ- စိတ်- ဥတု- အာဟာရတို့ကြောင့် အသီးအသီး ဖြစ်၍နေသော ရုပ်ကလာပ် အမှုန်အမွှား တို့သာ ဖြစ်ချေသည်၊ ဤ ရုပ်ကလာပ် အမှုန်အမွှားတို့သည် အချိန်ရှိသမျှ ဖြစ်၍ဖြစ်၍ ဖြစ်တိုင်း ဖြစ်တိုင်း ပျက်၍ပျက်၍ ပျက်တိုင်းပျက်တိုင်း ထပ်၍ထပ်၍ ဖြစ်ပျက်နေသောကြောင့် မမြဲသော အနိစ္စတို့ပါတကား။

မမြဲသည့်အတွက် အဖြစ်အပျက်ဒဏ်ကို ခံနေရသောကြောင့် ကြောက်ဖွယ်ကောင်းသော ဒုက္ခတို့ပါတကား။

ကြောက်ဖွယ်ကောင်းသော ဒုက္ခဖြစ်၍ အနှစ်သာရ အတ္တ မရှိသော(အတ္တ မဟုတ်သော)အနတ္တတို့ပါတကား။

## နာမ်တရားကို ရှုပုံ

**စိတ်-စေတသိက်နှစ်ပါးကို** အာရုံကိုယူထထ်,အာရုံသို့ ညွတ်**တတ်** **သောကြောင့်** "**နာမ်တရား**"ဟု ခေါ်၏၊ ဤ**နာမ်တရားများသည်** စိတ်တစ်ပါးနှင့် စေတသိက်အများ ပေါင်း၍ ဖြစ်ရသောကြောင့် **နာမ်အလာပ်**ပဝ် ဖြစ်ချေသည်။

ထို **နာမ်ကလာပ်** များလည်း လက်ဖြောက် တစ်ချက်တီးခန့် **ကာလ**၌ ကုဋေတစ်သိန်း မက ဖြစ်ပျက်နေသောကြောင့် မမြဲသော အနိစ္စတို့ပါ တကား။

မမြဲသည့်အတွက် အဖြစ်အပျက် ဒဏ်ကို ခံနေရသောကြောင့် ကြောက်ဖွယ်ကောင်းသော ဒုက္ခတို့ပါတကား။

ကြောက်ဖွယ်ကောင်းသော ဒုက္ခဖြစ်၍ အနှစ်**သာရ** အတ္တမရှိ **သော**(အတ္တ မဟုတ်သော)**အန**တ္တတို့ပါ တကား။

---

### ဘယ်ဟာ မတည်မြဲ, ပေါက်လွဲ ပေါက်ပြန်

**အနိစ္စာ ဝတ သင်္ခါရာ, ဥပ္ပါဒ ဝယ ဓမ္မိနော၊**
**ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈန္တိ, တေသံ ဝူပသမော သုခေါ။**

သင်္ခါရာ — အကြောင်းထန်တန်, ပြုစီမံ၍, ရုပ်နာမ် အသစ်, ဖြစ်ဖြစ်သမျှ, သင်္ခါရတို့သည်၊ အနိစ္စာဝတ — စင်စစ်ကေန်, အမှန် မုချ, မမြဲလေကုန်စွ တကား၊ ဥပ္ပါဒဝယဓမ္မိနော—အဖြစ်သဘော, ပျက်သဘောတို့, အတော မသတ်, အထပ်ထပ် အထွေထွေ, လှည့်ပတ်၍ နေကြကုန်၏၊ ဥပ္ပဇ္ဇိတ္ဝာ — **အ**ကြောင်းအားလျော်စွာ

ပေါ်လာပြီး၍၊ နိရုဗ္ဗန္တိ – ချုပ်ဖြတ်, ရုတ်တရက်, ချုပ်ပျက်ကြလေကုန်၏၊ တောသံ (သင်္ခါရာနံ) – အဖြစ်ပျက်ဒဏ်, အမြဲခံရသည့်, ရုပ်နာမ် နှစ်ဝ, ထို သင်္ခါရတို့၏၊ ဝူပသမော-ကင်းရာကုန်ရာ, ငြိမ်းအေးစွာသည့်, နိဗ္ဗာနဓာတ်, အမြိုက်ရပ်သည်၊ သုခေါ–ဖြစ်ပျက် မစပ်, အငြိမ်းဓာတ်ဖြင့်, မပြတ်ပုံသေ, ချမ်းသာလှပေသည်တကား။

ဤသို့ ပေါင်းစု, ကြောင်းကျိုး ရှုသော်, ကောင်းမှုအရှယ်, မကြီးကျယ်လည်း, စိတ်ဝယ်ဖြစ်ပွား, သဒ္ဓါအားနှင့်, ဉာဏ်အားသိလ, စင်ကြယ်ကြ၍, ဒါန အလှူခံ, စင်ကြယ်ပြန်မှု, ကံဟူသရွေ့, အကျိုးတွေ့မှာ, တစ်စေ့ညောင်လောက်, ပင်ကြီးပေါက်သည် .... နောက်နောက် ယူဖွယ် အတုတည်း။

မိး ၁၁ ပါး

သူသူ ငါငါ, ဖြစ်လေရာဝယ်, ဦးစွာကြိုဆိး, ဇာတိမိးက, အပြီးပုံသေ, လောင်မြိုက်လေ၏၊ မသေတစ်သိး, ဇရာမိးလည်း, အပြိုးနောက်မှာ, ကင်လျက်ပါ၏၊ မကွာစေရ, မရဏဟု, တစ်ဘဝဖျက်ဆိး, လောင်သည့် မိးလည်း, ငြိုးငြိုး ပြောင်ပြောင်, အမြဲ လောင်၏၊ လောင်ပုံ လောင်အား, မထင်ရှားပဲ, နုတ္တဴး ပျိမျစ်, အရှယ်ဖြစ်သော်, အချစ်ရာဂ, မိးတွေထ၍, ဒေါသထန်ပြင်း, မောဟညှဉ်း၏၊ မကင်းနိုင်အောင်, ထို့နောက်နောင်လည်း, တောက်လောင်ဖိစီး, သောကမိးကြောင့်, ဝမ်းနည်းဖွယ်တွေ, အထွေထွေနှင့်, ပရိဒေဝ, ငိုကြွေးကြွေး, ဒုက္ခလည်းထပ်, ဒေါမနဿနှင့်, ဆက်စပ်မကွာ, ဥပါယာသ, လှိုက်ပြင်းဖျ၍, သက်မျှမရှု, တက်အောင်ပူသည်....ဆူဆူ ဆယ့်တစ် မိးတောက်တည်း။

## အနိစ္စ, ဒုက္ခ, အနတ္တ, လက္ခဏာရေး ၃ ပါး

အိုအိုလူများ, သတိထားလော့, သွားဆဲကာလ, ခါသမယဝယ်, ပထမခြေလှမ်း, ရုပ်နာမ်တန်းတို့, လှမ်းဒုတိယ, မရောက်ကြဘူး၊ ဒုတိယခြေလှမ်း, ရုပ်နာမ်တန်းလည်း, လှမ်းတတိယ, မရောက်ကြပင်၊ တစ်လှမ်းတွင်လည်း, မြောက်စဉ်တစ်မျိုး, ရှေ့တိုးတင်ဖို့, လွန်ပုံတစ်ဝ, အောက်ချတစ်ခင်း, ထိပြင်းတစ်လှေ့, ဖိနှင်းစေ့အောင်, တရွေ့ရွေ့ မြန်း, အခန်းခန်းဌ, ခြေလှမ်းပိုင်းခြား, စိတ်ခြောက်ပါးဝယ်, သွယ်သွယ် နာမ်တန်း, ရုပ်အတန်းတို့, နှမ်းအိုးခင်းထက်, နှမ်းစေ့ကျက်သို့, ဖြစ်ပျက်နေရ, အနိစ္စသည် .... ဒုက္ခ – အနတ္တချည်းသာတည်း။

## မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၏

# ဩဝါဒတော်များ

၁။ "သာသနာဆိုတာ" ဘုရား အဆုံးအမကို ခေါ်တယ်၊ ဘုရား အဆုံးအမဆိုတာ သီလ သမာဓိ ပညာ သိက္ခာ သုံးပါးပဲ ရှိတယ်။

၂။ ကိုယ်သိမ်မွေ့ပါ, နှုတ်ချိုသာပါ, စိတ်ကဖြောင့်မတ်ပါ။

၃။ လောကမှာ နာမည်ကြီး ဥစ္စာပေါတယ်ဆိုတာ အလကား၊ သေတော့ ကိုယ့်ရဲ့ သီလ, သမာဓိ, ပညာပဲ အားကိုးရမည်။

၄။ မိဘတွေက သားသမီးကို အမွေပေးတယ်ဆိုတာ ကိုယ်က ဘုရင်ဖြစ်ယင် ဘုရင့်စည်းစိမ်, သူဌေး-သူကြွယ်ဖြစ်နေယင် သူဌေး၊ သူကြွယ် ဖြစ်ရုံ တစ်သဝကိုသာ ပေးနိုင်ကြတယ်၊ ဗုဒ္ဓအမွေကတော့ တစ်သံသရာလုံး ကောင်းဖို့ ညွှန်ပြပေးခဲ့နိုင်တယ်။

၅။ သံသရာကြီးနှင့် စာယင် တစ်ဘဝဆိုမှာ တစ်ခဏလေးပါ၊ ဒီတော့ တစ်ဘဝကိုသာ မကြည့်ပဲ သံသရာကို မျှော်ပြီး အလုပ် လုပ်ပါ။

၆။ တစ်နေ့တွက် မျှော်မှန်းချက် ချနိုင်ပေမဲ့ တစ်ဘဝအတွက်, တစ်သံသရာ အတွက်ကျတော့ မမျှော်မှန်းနိုင်ကြပေဘူး။

၇။ သံသရာဆိုတာ သေပြီးမှ တစ်ဘဝကူးတာ မဟုတ်ဘူး၊ နာမ်ရုပ်တွေ အဆက်မပြတ် ဖြစ်ပျက်နေတာကို ခေါ်တာ။

၈။ ဘဝတစ်ခုထဲက အဝိဇ္ဇာနှင့်တဏှာကို နုတ်လိုက်ပါ၊ သံသရာဆိုတာ မရှိတော့ပါဘူး။

၉။ တစ်ဘဝ၏ ငါ့အဖြစ်ကို မကြည့်ပါနှင့်၊ တစ်သံသရာလုံးရဲ့ ငါ့အဖြစ်ကို ကြည့်ပါ။

၁၀။ မျက်စိက ပစ္စုပ္ပန် တမလွန် နှစ်ဖက်ကြည့်ပါ၊ မျက်ကွယ်တမလွန်ကို မမြင်နိုင်ယင် တစ်ဖက် ကန်းတာပဲ၊ ဒီအတွက် သုတရှိဖို့လိုတယ်။

၁၁။ ယခုဘဝရဲ့ အဖြစ်အပျက် ဒုက္ခကို မြင်မှ နောက်နောက်ဘဝကို မလိုချင် မတောင့်တမှာ။

၁၂။ ဒီခန္ဓာကြီးဟာ ဇာတိ ဇရာ ဗျာဓိ မရဏ ဝဋ်ဒုက္ခတို့ ပစ်တိုင်း အမှန်ခံနေရတဲ့ ပစ်မှတ်ကြီး သက်သက်ပဲ။

၁၃။ သတ္တဝါတွေ ဒုက္ခရောက်တာကို ပြောနေကြတယ်၊ သွားနေတာက ဒုက္ခလမ်းပဲ၊ ဒီတော့လေ ဒုက္ခကြားက ဒုက္ခလှောင်းဟာ ဒုက္ခကိုပဲ တွေ့ရမယ်။

၁၄။ သံဝေဂ မပါယင် တရားမရှာနှင့်။

၁၅။ သတ္တဝါတွေဟာဒုက္ခမရောက်သေးသမျှမကြောက်ကြဘူး။

၁၆။ လောကကြီးမှာ ဘယ်လောက်ကြီးကျယ်ကြီးကျယ် သေခါနီးကျမှ မျက်ရည်လည်ရယင် မကောင်းဘူး။

၁၇။ မင်္ဂလာဖိုလ်ရဖို့ ကျွတ်တမ်းစင်ဖို့ ဆိုတာ ဆုတောင်းနေရုံဖြင့် အကျိုး မရှိ။

၁၈။ တရားဆိုတာ ပြောတရား နာတရားတွေက မစွမ်းဘူး, အလုပ်တရားမှ စွမ်းတယ်။

၁၉။ ဘုရား တရားတော်ကို ကိုယ်က မကျင့်ပဲ သူများကျင့်ဖို့ ပြောနေတာဟာ ခေတ်ပြားကြီးပဲ။

၂၀။ မရှိတာထက် မသိတာ ခက်သည်၊ မသိတာထက် မကျင့်တာ ခက်သည်၊ မကျင့်တာထက် မယုံကြည်တာက ပိုခက်သည်။

၂၁။ ထမင်း စားတာကို မစားချင်လဲ စား, စားချင်လဲ စားရသလို တရားထိုင်တာလဲ ထိုင်ချင်လဲထိုင်, မထိုင်ချင်လဲ မှန်မှန်ထိုင်ရတယ်။

၂၂။ သမထပွားယင် စိတ်တည်ကြည်တယ်, စိတ်တည်ကြည်မှ ဈာန်ရယင်နိုင်တယ်၊ ဝိပဿနာပွားယင် ပညာတိုးပွားတယ်, ပညာတိုးပွားမှ အဝိဇ္ဇာ ပယ်နိုင်တယ်။

၂၃။ သန့်ရှင်းတဲ့နား အကြားများသည်၊ ကြည်လင်တဲ့ မျက်စိ အမြင်များသည်၊ စင်ကြယ်တဲ့စိတ် အသိများသည်။

၂၄။ အမှတ်မဲ့နေသူ၏ စိတ်ဟာ အကုသိုလ်ဘက် သွားနေသလို, အကုသိုလ်ကို အကျိုးပေးကလဲ ထိုသူ့မှာ အမြဲရှိနေတယ်။

၂၅။ သုခ တစ်ခုကို သုခ တစ်ခုဖြင့် ရရိုးမရှိ, ဒုက္ခနှင့် ရင်ဆိုင်မှ ရတယ်။

၂၆။ ဒုက္ခကြီး ကြောက်ယင် ဒုက္ခလေးကို ရင်ဆိုင်ရမယ်။

၂၇။ လောကမှာတော့ ထောင်မြင်မှ ရာစွန့်ချင်ကြတယ်၊ သဘာဝကလဲ ချမ်းသာလေးစွန့်မှ ချမ်းသာကြီး ရနိုင်တယ်။

၂၈။ ဘုန်းကံဆိုတာ ရှေးက ပါခဲ့ပေမဲ့ ယခုဘဝ ကြိုးစားမှု ကလဲ ရှိရတယ်၊ စင်စစ်မတော့ ကံဆိုတာ ရေလာ မြောင်းပေး လုပ်မှလဲ ကောင်းကျိုးရှိရာ ကောင်းကျိုးလာပြီး, မကောင်းမှုရှိရာ မကောင်းကျိုး လာမှာပဲ။

၂၉။ ကောင်းကောင်းနေသော်လဲ အသက် မတိုပါ, ဖြစ်သလို နေသော်လဲ အသက် မပိုပါ။

၃၀။ စိတ်နေစိတ်ထားဆိုတာဟာ သေးသိမ်တဲ့နေရာမှာ နေပြီး, သေးသိမ်တဲ့ အလုပ်ကိုသာ မြင်ရယင် သေးသိမ်ပြီး, ကြီးကျယ်တဲ့ အလုပ်ကို မြင်မှ ကြီးကျယ်တယ်။

၃၁။ ကုသိုလ်ဆိုတာ မေ့နေယင် တိရစ္ဆာန်နှင့် မထူးတော့ ဘူး၊ ကုသိုလ်ဆိုတာ ဒီနည်းနဲ့လဲ ရ, ဟိုနည်းနဲ့လဲ ရနေမှ ကောင်းတယ်။

၃၂။ သဘာဝသို့သော် ကုသိုလ်ပြုက လူသည် တိရစ္ဆာန်ထက် သာသလို, အကုသိုလ်ပြုယင်လည်း လူက တိရစ္ဆာန်ထက်ကြီးတယ်။

၃၃။ လူ့ဘဝဟာ ပါရမီဖြည့်ဖို့ အကောင်းဆုံး ဖြစ်တယ်၊ ဆင်းရဲဒုက္ခ အလယ်အလတ်တန်းစားတွင် ရှိနေလေတော့ သတိ–ဝီရိယ အမြဲရှိရပါမယ်၊ အပါယ်သတ္တဝါတွေ ကြပြန်တော့ ဆင်းရဲလွန်းတယ်, နတ်ပြည်ကြပြန်တော့ ချမ်းသာလွန်းတယ်။

၃၄။ မကောင်းအာရုံများကတော့ အလကားနေရင်းပေါ်တယ်၊ ကောင်းအာရုံများကတော့ သတိရှိမှ ပေါ်တယ်၊ သတိဆိုတာ ပိုတယ် မရှိ, လိုတယ်သာ ရှိတယ်။

၃၅။ အကြောင်းအားလျော်စွာ ကျောင်းခွဲတည်ထောင်ကြယင် ဟန်ကျောင်း မဟုတ်ပဲ, ဘုရားဝိနည်းတရားတော်နှင့်အလျော် ရပ်ရွာ ကျေးဇူးများအောင် ပညာသင်ပေးကြရမယ်။

၃၆။ အရာရာမှာ ပထမ ဗဟုသုတမျိုး, ဒုတိယ သတိထားဖို့, တတိယ မှန်-မမှန် စုံစမ်းဖို့နှင့် စတုတ္ထ ဝီရိယနှင့် အလုပ်လုပ်ဖို့ပဲ။

၃၇။ လောကကြီးမှာ ဂုဏ်ရှိဖို့ထက် ရှိပြီးဂုဏ်ကို ထိန်းသိမ်းဖို့က ခက်တယ်။

၃၈။ ကိုယ့်ကိုယ်ကို အထင်ကြီး စိတ်ကြီးဝင်နေယင် သူတစ်ပါးကို အထင်သေးတာ သဘာဝပဲ။

၃၉။ လူတွေဟာ ကိုယ်ဉာဏ်မမှီယင် သူတစ်ပါးသိတာကို မယုံကြည်ကြ, အမှန်မထင်ကြဘူး။

၄၀။ သူများအပြစ်ကို မကြည့်ပါနဲ့, ကိုယ့်အပြစ်ကို သိပါ။

၄၁။ ကိုယ့်ကို ပတ်ဝန်းကျင်က မချစ်ကြပေမဲ့ မမုန်းကြမှ ကောင်းတယ်။

၄၂။ သံသရာကြီးထဲမှာ ဒီ ဆွေတွေ မျိုးတွေကတော့ မဆန်းပါဘူး, သူတော်ကောင်းအဖြစ် တွေ့ရမှ တန်ဖိုးရှိတာ။

၄၃။ ငါသည် ငါကြည်ညိုသော ငါဖြစ်သင့်သည်, သူတစ်ပါးကို ညာဝါးလို့ ရသည်, ငါ့ကိုယ်ငါ ညာဝါးလို့ မရ။

၄၄။ လောက သူမရှိယင် ငါမဖြစ်ဘူးဆိုတာ မဟုတ်ပါဘူး, ငါ မရှိမှ ငါဖြစ်တာ၊ (ငါစွဲ မရှိမှ ဘဝပြတ်မည်-ဟူလို)။

၄၅။ လောကကြီးကား မိုက်၏, သတ္တဝါတွေကား ကန်း၏၊ အမိုက်လောကကြီးထဲ အကန်းသတ္တဝါတွေ လမ်းမှန် လမ်းလွဲ မခွဲခြားပဲ လျှောက်သွားနေကြတယ်။

၄၆။ ကိုယ်ရေးကိုယ်တာအတွက် ကျင့်လမ်းသည် ကောင်း၏, သာသနာအတွက်တော့ ပရိယတ်သာ ဆက်တည်နိုင်၏။

၄၇။ ပရိယတ် မဆက်နိုင်ယင် သာသနာ ခေါင်းပြတ်မည်၊ ပဋိပတ်မရှိယင် သာသနာ ခါးပြတ်မည်၊ ကျေးရွာဘုန်းကြီးမရှိယင် သာသနာ အောက်ခြေ ပြတ်မည်၊ ဒါ့ကြောင့် သာသနာ အတွက် စာသင်တိုက် , တောကျောင်းဘုန်းကြီး , ရွာကျောင်းဘုန်းကြီး ရှိရမည်။

၄၈။ လောကီပညာ ဘွဲ့ကလေးရအောင် လေးငါးနှစ် သင်ကြားကြိုးစားရသေးတယ်, "တစ်သံသရာလုံးက ပါလာတဲ့ ကိလေသာ

သတ်ဖို့ဆိုတော့ 'ဘယ်လောက် အားထုတ်ရမယ်'' လို့ မသတ်မှတ်နိုင်ဘူး။

၄၉။ သူများကို ထမင်းချက်ကျွေး၊ ရေခပ်ပေးသူများဟာ ထမင်းမငတ်၊ ရေမငတ်သလို၊ သူများကို လိမ္မာအောင် စောင့်ရှောက်သူနှင့် ဉာဏ်တိုးအောင် လုပ်ပေးသူဟာ အောက်ကျနောက်ကျမဖြစ်နိုင်ဘူး။

၅၀။ လောကကြီးမှာ ကိုယ်သာအနိုင်ရရေးအတွက် သူတစ်ပါးကို ဖြက်ရယ်ပြုကြ ဖြစ်တင်ရှုတ်ချကြ လုပ်နေကြတယ်။

၅၁။ မွေးနေ့ ကုသိုလ်ပြုယင် အချိန်ရှိတိုင်း ပြုရမည်၊ တရားသဘောအရ အချိန်ရှိတိုင်း (ဖြစ်-ပျက်မှု) မွေး-သေ နေကြတာပဲ မဟုတ်လား။

၅၂။ အို-နာ-သေရေး ဒုက္ခဘေးကို ကိုယ်နှင့် မနီးစပ်ယင် အရယ်မပျက် အပြုံးမပျက်ပါ၊ ကိုယ်နှင့်စပ်လာမှ ကိုယ့်အပေါ်သို့ ကျရောက်လာမှ အရေးကြီးတတ်ကြတယ်။

၅၃။ သေတာမှတပါး စားနောက်၊ သွားနောက် ဆိုတာ မကောင်းဘူး။

၅၄။ လောကမှာအချစ်ဆုံးအရာသည် ဒုက္ခအပေးဆုံး၊ ချစ်စရာတစ်ခုသာရှိယင် ဒုက္ခတစ်ခု၊ ချစ်စရာများယင် ဒုက္ခများတယ်၊ ချစ်စရာမရှိယင် ဒုက္ခမရှိတော့ဘူးလို့မှတ်။

၅၅။ ဘာသာရေးသမားများဟာ ကိုယ့်ဘာသာ မဟုတ်ယင် ဂရုမစိုက်ကြဘူး၊ ဒါဟာ သေးသိမ်တဲ့ စိတ်သဘောထားတွေပဲ။

တမ္ဘာဆေး - ရန်ကုန်။

၁၆။ ဂိုဏ်းဂဏကဲ့လို့ သာသနာကျရသည့်ပါတီဝါဒ ကဲ့လို့ တိုင်းပြည်ကျရသည်၊ ဂိုဏ်းဂဏ ပါတီစိတ်တွေဟာ ကျဉ်းမြောင်းတဲ့ အမြင်တွေ ဖြစ်တယ်။

၁၇။ သေယဝ် ပြီးစတမ်းဝါဒ ထွန်းကားနေသ၍ ကမ္ဘာကြီးမှာ စာရိတ္တပျက်ပြားမှု မပျောက်နိုင်။

## ၂။ လူပုဂ္ဂိုလ်များအတွက်

၁။ လူရယ်လို့ ဖြစ်လာမှတော့ အသက်ရှင်တုန်းမှာ တကျော့ ကျန်, သေတော့ အပါယ်လေးပါး မဖြစ်သင့်ဘူး။

၂။ လူတွေဟာ အမှတ်တမဲ့ နေ , အမှတ်တမဲ့ သေကြတယ်၊ တကယ်ဆိုတော့ အို–နာ– သေရေး အတွက် ပြင်ဆင်ထားကြဖို့ ကောင်းတယ်။

၃။ လူတိုင်းဟာ ရုပ်ကိုသာ ပြင်တတ်ကြတယ် , နာမ်ကိုတော့ မပြင်တတ်ကြဘူး၊ ဒါ့ကြောင့်လဲ ရုပ် ချမ်းသာမှုကို ရှေ့ရှုနေကြတာပဲ။

၄။ လူသေပြီး လူဖြစ်သူက နည်းတယ်၊ ဖြစ်ပြန်တော့လဲ ဗုဒ္ဓတရားတော်နဲ့ တွေ့ဖို့ကလဲ ခဲယဉ်းပြီး , တွေ့တော့လဲ ဘာသာကို တကယ့် သဒ္ဓါဖြစ်ဖို့ ကဲတယ်။

၅။ လူဒကာ-ဒကာမတွေဟာ သာသနာ နှင့်စပ်ယင် ဘာကိုမှ နားမလည်ကြဘူး၊ သိရာလျှဒါန်း, ကျွမ်းရာ ကျောင်းဆောက်နေကြတာပဲ။

၆။ လူများဟာ ဘာသာရေးကို ပုဂ္ဂိုလ်တစ်ပါးချင်း မရှိသေးတတ်ကြဘူး၊ သံဃာစင်ပေါ် ရောက်မှ သံဃာ အစုအရုံးတွေမှ ကြည်ညိုလေ့ ရှိကြတယ်။

၇။ လူတွေဟာ သာသနာရဲ့ အနှစ် သီလ–သမာဓိ–ပညာကို မကြည်ညိုတတ်ကြပဲ ကျောင်းကောင်း ကန်ကောင်းကို ကြည်ညိုတတ်ကြတယ်။

၈။ မမ္မကထိကတွေကလဲ ဒါန-သီလ-ဘာဝနာ တရားအကျိုးတွေ ဟောပါရဲ့၊ လူတွေကလဲ နာကြပါရဲ့၊ အကျင့် အလုပ်မပါပဲ နာနေရုံဖြင့် အကျိုးမရှိပါဘူး။

၉။ လောကကြီးမှာ ဒါနရှိမှ လူချစ်ခင်ကြတယ်, သီလရှိမှ ကြည်ညိုကြတယ်, ပညာတတ်မှ လေးစားကြတယ်။

၁၀။ ပညာတတ်ယင် သတ္တိလဲ ထက်လာတယ်၊ ပညာ မတတ်ခင်က ခပ်ကြမ်းကြမ်း ဖြစ်နေပေမဲ့ ပညာတတ်လာတော့ အမြော်အမြင် ရှိလာတယ်။

၁၁။ လောကကြီးပွားရေးမှာ ပညာဟာ အဓိကအားပဲ။

၁၂။ ပညာဆိုတာ စာပေကိုသာ ပြောတာ မဟုတ်ဘူး၊ သူ့အရွယ်နှင့် သူ့အသက်မွေးဝမ်းကျောင်း ဆိုင်ရာ လက်မှု အတတ်အားလုံး ပါဝင်တယ်။

၁၃။ ဘာပညာပဲ ဖြစ်ဖြစ် အရွယ်ရှိစဉ်က မကြိုးစားခဲ့ယင် ပညာ တစ်ခုခုနှင့် အသက်မွေးရတော့မယ် ဆိုတော့ ပညာရင့်–ရင့်သလို, ပညာညံ့–ညံ့သလို အကျိုးခံစားရမှာပဲ။

၁၄။ လူတွေဟာ ချမ်းသာချင်ကြတယ်၊ ဝီရိယနှင့် ရှာပါ၊ ခြိုးခြံပါဆိုတော့ မရှာကြ မခြိုးခြံကြဘူး၊ နေရာတိုင်း ကျန်းမာရေး ပညာရေး ဒီလိုချည့်ပဲ။

၁၅။ လူတွေဟာ စီးပွားရေးသာ အမြော်အမြင် ရှိပြီး, ဘာသာရေးမှာတော့ မမြော်မြင်တတ်ကြဘူး။

၁၆။ ဘုရားပွဲ, ဘုရားပူဇော်ပွဲ ဆိုတာ စာထဲမှာတော့ ဘုရားဂုဏ်တော်တွေကို သီဆို ရွတ်ဖတ်ပြီး ကြေးစည် ခေါင်းလောင်းစတဲ့ သဒ္ဒ ( အသံ ) အလှူကို လှူကြတယ်၊ မီးပူဇော်ကြတယ်၊ ဒို့မြန်မာနိုင်ငံရောက်လာတော့မှ ပုဂံခေတ်ကနတ်, အရည်းကြီးတို့ကို ကိုးကွယ်မှု ရောလာပြီး ကြက်ကောင်လုံး ဝက်ကောင်လုံးတွေ, အငြိမ့်-ဇာတ်-လူပြက်-ပြက်လုံးတွေနှင့် ပူဇော်ကြတယ်၊ ဒါမှားနေတာပဲ။

၁၇။ သားသမီးတွေကို မိဖတွေက ဆုံးမ—မရတာ ပြောကြတယ်, စာရိတ္တပျက်ပြား ဆုတ်ယုတ်လာတာ တစ်ကြောင်း, လူကြီး မိဖတွေကိုယ်က အပျော်အပါး မလျှော့တာက တစ်ကြောင်းဖြစ်တယ်။

၁၈။ အပျော်အပါးများတဲ့ မြို့—ရွာ—နိုင်ငံဟာ ဆင်းရဲမြဲပဲ။

၁၉။ ခေတ်ဆိုတာ လိုက်သင့်မှ လိုက်ရတယ်, ဒီခေတ်ဆိုးရဲ့ ဒဏ်ကို ဒီသတ္တဝါတွေပဲ ခံကြရမယ်။

၂၀။ လူတွေဟာ ဖြစ်လာတဲ့ အခြေအနေကို ရှုန်းကန်ဖို့တော့ မကြံဘူး, ကုန်းခံဖို့သာ စိတ်ကူးကြတယ်။

၂၁။ လူတွေဟာ သူများကိုတော့ လက်ညှိုး ထိုးတတ်တယ်, ကိုယ့်ကိုယ်တော့ ခွင့်လွှတ်ကြတယ်။

၂၂။ တရားရုံးများ, ပွဲလမ်းသဘင်, အားကစားဌာန, ဘုံဆိုင်တွေမှာ လူရှုပ်တာဟာ တိုင်းပြည်ရဲ့ မကောင်းတဲ့ လက္ခဏာပဲ။

၂၃။ ဒါနနဲ့ သီလတွင် ဒါနဟာ ပိုက်ဆံ မကုန်ဘူးလား, ကုန်တယ်၊ သီလကော ကုန်ရဲ့လား, မကုန်ဘူး၊ အကျိုးရတော့ အယ်ဟာက ကြီးသလဲ, သီလက ကြီးတယ်။

၂၄။ ဘာပဲဖြစ်ဖြစ် ကံချည်းပဲ အောက်မေ့ လိုက်ကြတာပဲ၊ ဘုရားရဲ့ ဉာဏ်–ဝီရိယဖြင့် ပြုပြင်မှု ကြိုးစားမှုကို အသားပေးဝါဒ ရှိပါလျက် ကံချည်းချထားတော့ သာသနာလဲနာ, လူမျိုးလဲနာတာပေါ့။

၂၅။ ယခုအခါ ခေတ်စားနေသော ရှင်ပြုနည်းများမှာ ငွေပိုငွေလျှံ ရှိသူတို့ အတွက် မထောင်းသာသော်လည်း ရှိသမျှပစ္စည်းလေးနှင့် အားခဲရသူ့ ကြွေးယူ၍ သားကြီးရှင်ဖြစ် ပြုရသူတို့အတွက် အလွန် နစ်နာလှပါတယ်။

သံသရာကျိုးလည်း နေ့စဉ် ဆွမ်းလောင်း, မိဖ ပြုစု စသော ဒါနမှုလောက် အားမကိုးရ၊ ပြခဲ့သော နွားသတ် ဝက်သတ်ခိုင်း၍ ငွေကုန်မြှော်ရသော အ မှုနှင့် ဂုဏ် ပကာသနကို ပမာနထားသော အလှူတို့မှာ ငွေကုန် အပြစ်ဖြစ် ၂ မျိုးလုံး နစ်နာတယ်။

ယို့အလှူမင်္ဂလာဝယ် သား၊ငယ်ကို မင်းမြောက်တန်ဆာ ဆင်၍ အဘိသိက် သွန်းလိုက်ပါသော်လည်း၊ ဘယ်သူကမှ အထင်မကြီးကြ၊ ထို အဘိသိက် သွန်းလောင်းမှုကြောင့် ဘာ မင်္ဂလာမှုလည်း မတိုးတက်ပါ။

ယခု ရှင်လောင်းများထက် မယှဉ်သာအောင် အဆင့် အတန်းမြင့်သော "သားတော် ရာဟုလာ" ရှင်ပြုရာဝယ် ဘာဘိသိက်မှ မသွန်းရ, ဘာ အလှူကြီးမှုလည်း မလှူလိုက်ရ, ကျောင်းတော်ကိုလိုက်သွားရာ အရှင်သာရိပုတ္တရာ မထေရ်မြတ်က ဦးခေါင်းရိတ်ရှ် သာမဏေဝတ်ပေးရုံမျှဖြင့် ရှင်ပြုကိစ္စ ပြီးစီးရပါသည်။

---

## ၃။ ရဟန်း, ရှင်, လူများ အတွက်

၁။ ရှင်ပြုတယ်ဆိုတာ အလှူကစလေး, ဘာမှ ကုန်ကျစရာ မလိုဘူး၊ "ရှင်ပြုပြီး ကျကျနန နေဖို့သာ ခက်တယ်"။

၂။ ယခု ဘုန်းကြီးတို့သာသနာမှာ ငွေကုန်ပေါ့ များနေတယ်၊ "ဘုရားပွဲ, အသုဘ, အလှူပွဲတွေမှာ ငွေသိပ်ကုန်နေတယ်"။

၃။ အလှူ လုပ်တဲ့အခါ ငှက်ပျောပွဲ–အုန်းပွဲတွေ မထည့်နဲ့၊ ငှက်ပျောပွဲ–အုန်းပွဲဆိုတာ နတ်တင်ရာက လာတယ်၊ ဘုရားလက်ထက်က အလှူမှာ တရားဟောပြီးယင် ဒကာတွေက ငှက်ပျောပွဲ အုန်းပွဲတွေ လိုက်ပို့ရတာ ရှိလား, မရှိဘူး၊ ဇာတဝန်မှာ ဇာတိ ဒေတိတွေ လုပ်သလား, မလုပ်ဘူး။

၄

၄။ သားကောင်းရတနာ သမီးကောင်းရတနာလေးတွေ မွေးလာတာဟာ လောကကို အလှဆင်သလိုပဲ, တစ်မျိုးတစ်နွယ်လုံး ကမ်ဘာနိုင်ငံလုံး တစ်သာသနာလုံးကို အကျိုးပြုနိုင်တယ်။

၅။ မိဘတွေက သားသမီးကို ဘယ်လောက်ချစ်တယ် ပြောပြော ပညာကို တက်အောင် သင်မပေးယင် ချစ်ရာ မရောက်ဘူး, နှစ်ရာ ရောက်တယ်၊ ကျန်းမာရေး ဂရုစိုက်မပေးယင် ချစ်ရာ မရောက်ဘူး။

၆။ စာရိတ္တဟာ ကလေးဘဝက သင်ပေးမှ ဖြစ်တယ်၊ ကြီးမှ သင်ပေးယင် မရတော့ဘူး, မလွယ်တော့ဘူး၊ ရုပ်ရှင်တို့ ဘာတို့ ဝင်လာတော့ သဘောကျကြတယ်, အဲဒီအတုခိုးကြတယ်၊ ဒီတော့ ဗမာ သား သမီးတွေဟာ ဗမာနဲ့ မတူတော့ဘူး, ကပြားလေးတွေ ဖြစ်လာတယ်။

၇။ ဒီရွာကနေ မြို့ကို ပညာသင်သွားကြရတဲ့ ကလေးတွေ ကျောင်းသားတွေကလဲ မြို့က ဝတ်စား ဆင်ယင်မှုတွေ အတုမခိုးခဲ့ကြနဲ့၊ မိဘတွေ လူကြီးတွေက ဆုံးမပေးကြ။

၈။ ဘာသာယဉ်ကျေးမှု မရှိယင် ဘယ်လိုလုပ်မလဲ၊ ဘာသာယဉ်ကျေးမှု မရှိယင် ကျေးဇူးတရားကို အလေးထားတော့မှာ မဟုတ်ဘူး၊ ဒီလိုဆိုယင် လူ့လောက ပျက်စီးဖို့ ဖြစ်တော့မှာပေါ့။

၉။ ဆရာကိုတာဟာ တပည့်ကို တော်တော် များများမြင်မှ ဆရာလုပ်ရတယ်၊ ဘယ်သူဟာ ဘယ်လို အရည်အချင်းရှိတယ်ဆိုတာ မြင်ရတယ်၊ တချို့တပည့်တွေဟာ ဆရာထက် အရည်အချင်း

ပိုသေးတယ်၊ ဉာဏ်ဘယ်လောက်ကောင်းနေနေ ဆရာမကောင်းယင် လုံးလယ်လိုက်နေတာပဲ။

၁၀။ မိမိကိုယ်က ပထမဆုံး အချိုးကျရမယ်၊ မိမိ အချိုးကျမှ သူများကို ဒီလို အချိုးကျအောင် လုပ်နိုင်တယ်။

၁၁။ ကိုယ့်ကိုယ်ကို မြှင့်တင်ကြ၊ အချိန်ရှိတိုင်း မပျင်းကြနဲ့၊ ကိုယ်တော်တို့ချည့် ပျင်းတာမဟုတ်ဘူး, ဘုန်းကြီးလဲ ပျင်းတာပဲ၊ ဒါပေမဲ့ ခြားနားတယ်၊ ကိုယ်တော်တို့ပျင်းတော့ ဘာမှမလုပ်ဘူး, ဘုန်းကြီးပျင်းလာယင် တစ်ခုခု လုပ်ဖြစ်အောင် လုပ်တာပဲ၊ ဒါကို အသင်္ခါရိကကုသိုလ်ခေါ်တယ်၊ ပျင်းလို့ မလုပ်တဲ့သူကအသင်္ခါရိက ကုသိုလ် မဖြစ်ဘူး, ဒီလိုခြားနားတယ်။

၁၂။ ပါရမီဆိုက မကျင့်ပဲတောင်းနေရုံနဲ့ မရဘူး၊ မတောင်းပဲ ကျင့်နေယင် ရတယ်။

၁၃။ ကိုယ်က သီလ မပေါက် မကြား ထိန်းမှ တပည့်တွေကို ဩဝါဒ ပေးနိုင်တယ်၊ ဆရာက ဗရမ်းဗတာနေယင် တပည့်တွေကို ဆုံးမလို့ မရဘူး။

၁၄။ ကံဟုမူလ, သမ္ဗုဒ္ဓတို့, ဟောပြသည်မှာ, အရင်းသာရှင့်၊ ဥစ္စာ ဘောဂ, ဇီဝိတနှင့်, သုခပွားရန်, ဤလူ့ထံ၌, ဉာဏ်-ဝီရိယ, ပယောဂတည်း။

၁၅။ ကုသိုလ်ဆိုတာ အလိုလိုမရနိုင်ဘူး, လုပ်ယူမှ ရနိုင်တယ်၊ ယခုရှိတဲ့ သဒ္ဓါတရားကို အသုံးချမှ နောက်တော့ သဒ္ဓါထက်မယ်၊ ယခုရှိတဲ့ ဝီရိယကို အသုံးချမှ နောက်တော့ ဝီရိယ ထက်မယ်။

၁၆။ လူတွေဟာ ကောင်းကျိုးကိုသာ မျှော်ကြတယ်၊အကောင်းကို ခံစားချင်ကြတယ်၊အကြောင်းကောင်းအောင် မလုပ်ချင်ကြဘူး၊ အကြောင်း ကောင်းအောင် မလုပ်ယင် အကျိုးကောင်း ရမှာ မဟုတ်ဘူး။

၁၇။ ဘုန်းကြီးရဲ့ ဝါဒက သူများက တစ်ကျပ်ပေးယင် ကိုယ်က နှစ်ကျပ်တန်အောင် အလုပ် လုပ်လိုက်ရမှ ကျေနပ်တယ်။

၁၈။ တရားကို ပေါ့ပေါ့ လျော့လျော့ အားမထုတ် ရဘူး, တက်တက်ကြွကြွ အားထုတ်ရတယ်၊ ပေါ့လျော့ယင် ပျင်းတယ်, တရားမရဘူး, တက်ကြွမှုရှိမှ တရားရတယ်။

၁၉။ ကိုယ့်ကိုယ်ကို အချစ်ဆုံးတင်မပြီးကြနဲ့, ကုသိုလ်လဲအများဆုံး ရအောင် လုပ်ရမယ်၊ ချစ်လေ နစ်လေ မလုပ်ကြနဲ့။

၂၀။ အကုသိုလ်တွေများယင် လူတွေ ရောဂါများကြ, အသက်တိုကြ, စိတ်ဆင်းရဲကြရတယ်။

၂၁။ လောကမှာ ညံ့တဲ့လူက တော်တဲ့လူကိုမနာလိုဘူး, မသာတဲ့သူက သာတဲ့လူကို မနာလို ဖြစ်ကြတယ်၊ မနာလိုစိတ်ဟာ ဒေါသစိတ်ပဲ။

၂၂။ လောဘကို အကန့်အသတ်နဲ့ ခွင့်ပြုရတယ်၊ စား ဝတ် နေရေး ကိစ္စကြီးငယ် အတွက် လောဘဆိုတာ ရှိရတယ်၊ စား ဝတ် နေရေး တန်းစေ့အောင် ရပြီး ဖြစ်ပါလျက် ထပ်ပြီး လိုချင်ယင် မတင်းတိမ်ယင်တော့ မဖြစ်တော့ဘူး။

## ၂၃။ အလှူလုပ်တဲ့အခါမှာ……

လှူချီးမွမ်းခံချင်တာ လောဘ၊
ဂုဏ်လိုချင်တာ လောဘ၊
နတ်ပြည်ရောက်ချင်တာ လောဘ၊

၂၄။ သိပ္ပံပညာ တိုးတက်လို့ အစားကောင်းတွေစားရ, အဝတ်ကောင်းတွေ ဝတ်ရ, အနေကောင်းတွေ နေရ, ဒါပေမဲ့–အကျင့်စာရိတ္တဖက်က တိုးတက်မှု မရှိတာကြောင့် စိတ်ချမ်းသာမှုတော့ ရကြလိမ့်မည် မထင်ပါ၊ ဗုဒ္ဓတရားတော်ကို သိမှသာ စိတ်ချမ်းသာမှု ရနိုင်လိမ့်မည်လို့ ယုံကြည်ပါတယ်။

၂၅။ တင်းတိမ်ခြင်းဟာ အမြတ်ဆုံး ဥစ္စာပါပဲလို့ ဗုဒ္ဓမြတ်စွာက ဟောတော်မူတယ်၊ ရှေးတုန်းက လူတွေဟာ အစားကို ငါးပိချက်ကလေး ငါးကလေးနဲ့ပဲ စားကြတယ်၊ အဝတ်ကိုလဲ ကိုယ့်ဟာကိုယ် ယက်ဝတ်ကြတယ်, စိတ်ချမ်းသာကြတာပဲ၊ စိတ်ချမ်းသာတယ်ဆိုတာ ပေါမှ ချမ်းသာတာမဟုတ်ဘူး၊ တင်းတိမ်မှ ချမ်းသာတယ်။

၂၆။ ချမ်းသာတယ်ဆိုတာ ဝမ်းမြောက်တဲ့ သောမနဿ, နှစ်သက်တဲ့ ပီတိ, ခံစားရတဲ့ သုခ ဒီလိုရမှ ချမ်းသာတယ်။

၂၇။ ကိုယ်က ပတ်စန်းကျင်ကို ထိခိုက်နေယင် မလုပ်ဘူး, မထိခိုက်စေရဘူး၊ သူများ မကောင်းပေမဲ့ မိမိကိုယ်ကို ကောင်းအောင် ကြိုးစားရမယ်။

၂၈။ အချင်းချင်း မေတ္တာနဲ့ နေကြ, စိုင်းဝန်း ကူညီကြပါ၊ ငါးပါးသီလလုံခြုံအောင်နေကြပါ၊ ဘုရားရှိခိုးကြတာလဲ ဩကာသ

နဲ့တင် မပြီးကြနဲ့၊ တကယ် ဗုဒ္ဓအစစ်၊ ဘုရား အစစ်ကို မှန်းပြီး အာရုံပြုကြပါ၊ ဘုရား ဂုဏ်တော်တွေကို အာရုံပြုကြပါ၊ ကမ္ဘာသူ ကမ္ဘာသား ဝေနေယျ သတ္တဝါတွေကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေလို့ အမြဲမေတ္တာနဲ့ သစ္စာရှိရှိ နေထိုင်ကြပါ။

၂၉။ မေတ္တာဆိုတာ သွား-ရပ်-ထိုင်-လျောင်း နေရာတိုင်းမှာ လုပ်လို့ရတယ်၊ အရှင်သုဘူတိဟာ ရဟန္တာဖြစ်လဲ မေတ္တာပို့တာပဲ၊ မေတ္တာက အပေါစား မဟုတ်ဘူး၊ ဣရိယာပုထ် လေးပါးလုံး အိပ် မပျော်သမျှ မေတ္တာနဲ့ နေရမယ်။

၃၀။ သူတော်ကောင်းဆိုတာ သူများနဲ့ ဆက်ဆံရယင် ကိုယ်က အနာခံရတယ်, လောဘ-ဒေါသကို လျှော့ရတယ်။

၃၁။ ကံဆိုတာ မမြင်ရပေမဲ့ ဘုရားဟောထားလို့.......

(၁) ဘုရားကို ယုံကြည်မှုကြောင့် ရှိတယ်လို့ ယူရတယ်။
(၂) လူတို့မည်သည် အမှာပူးချင်း, ပတ်ဝန်းကျင်ချင်း တူပေမဲ့ ဉာဏ်ချင်း-စိတ်ချင်း- အကျိုးပေးချင်း မတူဘူး၊ ဒါကို ကြည့်ပြီးတော့ ကံကြောင့် ဖြစ်ရ တယ်ဆိုတာ သိရတယ်။

၃၂။ တရားသာ အားထုတ်ကြတယ်, သီလတော့ မရှိကြဘူး၊ သီလမရှိတော့ တရားအားထုတ်တာ မသန့်ရှင်းဘူး၊တရားအားထုတ် တဲ့ ပုဂ္ဂိုလ်တွေဟာ ရှေးဦးစွာ သီလရှိရမည်၊ ဒါမှ တရားအားထုတ် တဲ့ အခါ မိမိရဲ့စိတ် သန့်ရှင်းတယ်, ဒါမှ တရားမှန်တယ်၊ ဒီလိုမှ

ရှေးဦးစွာ သီလမရှိယင် တရားအားထုတ်တော့ မသန့်ရှင်းဘူး, နည်းလမ်း မကျဘူး။

၃၃။ " သံသရာ အရှည်နှင့် ပုထုဇဉ် အရူး" ခရီးကခရှ, အရူးတွေ, စာရေးကသိုး, အဖေါ်ဆိုးနှင့်, အမျိုးမျိုး ကာမဂုဏ်, အာရုံတွေ အလွန်နှောက်တာကြောင့်, အပါယ်ဘုံ ခါခါရောက်သော်လဲ, လွှတ်မြောက်ဖို့ခဝး။

(၁) သံသရာခရီးက အလွန်ရှည်၏။

(၂) ခရီးသွားသူတွေကား အရူး, အနှမ်းတွေသာ။

(၃) သူတို့၏ ဂုဏ်ပကာသန ဒါန, သီလ, ဘာဝနာ, စားနပ် ရိက္ခာသည် နိဗ္ဗာန်မရောက်ခင် ပုပ်သိုးကြလိမ့်မည်။

(၄) သူတို့၏ အဖေါ်ဖြစ်သူမှာ အမြဲပါနေသော တဏှာဖြစ်၏။

(၅) သို့ဖြစ်၍ အပါယ်ငရဲ ရောက်သော်လည်း တဏှာမပျောက် သောကြောင့် သံသရာမှ လွှတ်မြောက်ဖို့ရာ အဝေးကြီး ဖြစ်နေ၏။

၃၄။ လူတွေဟာ အကောင်းကြိုက်ကြတယ်, ကောင်းကောင်း (စား—ဝတ်) နေကြတယ်၊ အကျင့်ကျတော့ ကောင်းကောင်း မကျင့်ကြဘူး။

ရဟန်း သာမဏေနှင့် လူပုဂ္ဂိုလ်များအတွက်
ဩဝါဒများ ပြီးပြီ။

## ဆရာတော့် အမိန့်ခွန်

ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက, နောက်ဆုံးအထိ ပါရမီ၊
လူ့နတ်များစွာ ချမ်းသာရေးမို့, အသက်ပေးလို့ ဖြည့်ခဲ့သည်။
ဗုဒ္ဓမြတ်စွာ သာသနာ အတွက်မို့, ငါပါအသက် ဆုံးစေမည်၊
နောက်မဆုတ်ပေါင် ဘုလိုဂပ္ပာလို့, ကုသိုလ်ရေးမို့ ကြိုးစားမည်။

---

## ကလေးများအတွက် ကဗျာ

အိပ်ရာဝင်ခါသော် သတိရလို့, ဗုဒ္ဓ-ဓမ္မ-သံဃာရယ်၊
ကိုးကွယ်ပါတယ် စိတ်မှာညွှတ်လို့, နှုတ်မှာတတွတ်တွတ် ရွတ်ရတယ်။
အိပ်ရာထပြန် တဖန်တပ်၍, မှန်မှန်မပြက် ရွတ်ပါကွယ်၊
ဘေးအန္တရာယ် ရန်စွယ်ကင်းလို့, ကောင်းခြင်းသုခ ရလိမ့်မယ်။

ဗုဒ္ဓကြောင်းရာ ကောင်းစွာသိမှ, ဗုဒ္ဓကိုလည်း ကြည်ညိုမယ်၊
ကြည်ညိုသူတွေ ဟောညွှန်ပြမှ, စိတ်က နှစ်ခြိုက် လိုက်ကြတယ်။

ဂုဏ်တော်တန်တန် မှန်မှန်ရလို့, ခဏခဏ ရွတ်သင့်တယ်၊
အကျိုးနှင့်ကံ ဝေါန်တတ်မှ, ကံကောင်းကံမြတ် ပြုလိမ့်မယ်။

သရဏဂုံ တည်ရုံမျှနှင့်, ဥပါသက ဖြစ်ပါပြီ၊
ကိုယ်ကျင့်သီလ္လာ လုံခြုံကြဖို့, ငါးပါးသီလ ပဉ္စသီ။

ဒုစရိုက်တွေ ရှောင်သွေလဲ့လို့, သုစရိုက်လဲ စုံအသိ၊
ဆွမ်း-ပန်း-ရေတော် မီးတော်ကပ်၍, နေ့စဉ်မပြတ် ပြုသင့်သည်။

# သုဘသုတ် (ကောက်နုတ်ချက်)

## [သုဘလုလင်မေး, ဘုရားရှင် ဖြေတော်မူအပ်သော တရားတော်။]

"လောကမှာ လူချင်းတူပါလျက် အဘယ့်ကြောင့် ဆင်းရဲ, ချမ်းသာ, လှ–မလှ စသည် ကွဲပြားကြပါသနည်း" ဟု သုဘလုလင်၏ မေးလျှောက်ချက်ကို (ကံသာလျှင် အားကိုးရာ အစစ်ဖြစ်ကြောင်း) ဘုရားရှင် ဖြေတော်မူပုံ။

အို..သုဘလုလင်– လောက၌ လူများသာမက, အားလုံးသော သတ္တဝါ ဟူသမျှတို့သည်....

၁။ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ၊

၂။ ကံသာလျှင် အမွေအနှစ်၊

၃။ ကံသာလျှင် ဆွေမျိုး။

၄။ ကံသာလျှင် မိတ်ဆွေကောင်း။

၅။ ကံသာလျှင် အားကိုးအားထားရာ ဖြစ်ပေသည်။

အဲဒီ ကံတရားက သတ္တဝါများကို အယုတ်, အလတ်, အမြတ် စသည် ကွဲပြားအောင် စီမံခွဲခြားပေသည်-ဟု မိန့်တော်မူလေသည်။ [ကိုယ် နှုတ် စိတ်တို့ဖြင့် ကောင်းကောင်း-ဆိုးဆိုး ပြုမူသမျှ အလုပ်အားလုံးကို "ကံ" ဟု ခေါ်သည်။]

## မဃဒေဝလင်္ကာ — ၂၄၅

၁။ ကံဟုမူလ, သမ္ဘုဒ္ဓတို့, ဟောပြသည်မှာ, အရင်းသာမျှင့်။

၂။ ဉစ္စာဘောဂ, ဇီဝိတနှင့်, သုခပွားရန်, ဤလူ့ထံ၌, ဉာဏ်ဝီရိယ, ပယောဂတည်း။

၃။ ကာလဒေသ, ပုဂ္ဂလကို, နှိုင်းဆအပ်တဲ့, ကံကိုယုံ၍, မီးပုံအတွင်း, မဆင်းထိုက်စွာ၊ ကျွားရဲရာလည်း, ကြမ္မာအကြောင်း, မရိုးကောင်းဟု, သူ့ဓဟာင်း ရှေးက, ဆိုကုန်ကြ၏။

၄။ လုံ့လ မတူ, ဉာဏ်မကူပဲ, အယူတစ်ခေါင်း, ကံတစ်ကြောင်းမျှ, မကောင်းလည်းကံ, ကောင်းလည်းကံဟု, ကံကိုချည်းသာ, မကိုးရာဘူး။

၅။ ပညာဉာဏ်ဖြင့်, သင့်-မသင့်ကို, အခွင့်ရှု၍, အပြုလုံ့လ, ရှိအပ်စွတည့်, တံငါ့လက်တွင်, ရောက်လျှင်းတုံငြား, သုံးကောင်ငါးကို, မှတ်သား ဝမ်းထဲ, နည်းယူ စွဲလော့။

၆။ ကံမွဲဉာဏ်နုံ့, မလုံ့မလ, နတ်မ-မဘူး, အလသမျိုး, အကျိုးယွင်းယို, အလိုရေ့ရည်း, ပကျော့ကျည်းနှင့်, ကိုယ်လည်း လုံ့လ, နတ်လည်း မ-၍, တောင့်တကြံရာ, မြန်မကြာလျှင်, လွယ်ကာကိစ္စ, ပြီးနိုင်ကြ၏။

၇။ အန္ဓဗာလ, လူထိုမျှတို့, ကမ္မဝီရိယ, မယုံကြဘူး၊ သိဝ မဟေ, ပရမေသွာ, ဗြဟ္မာဗိဿကြိုး, ကမ္ဘာစိုးနှင့်, တန်ခိုးကြီးမား, နတ်ဘုရားတို့, ပေးစား ဖန်ဆင်း, ဖြစ်တုံလျှင်းဟု, ချွတ်ယွင်းသမှု, အမှားရှုသည်...တောင်သူ့ ယူလေ့ ယူလာတည်း။

**သုဘာလုလင် မေး**

(က) ၁။ လူချင်း တူပါလျက် အဘယ့်ကြောင့် အချို့မှာ အသက်တိုရ၍,

၂။ အချို့က အသက်ရှည်ပါသနည်း။

**ဘုရားရှင် ဖြေ**

၁။ ဤလောက၌ အချို့သော မိန်းမ – ယောကျ်ားတို့သည် သတ္တဝါတို့ အပေါ်၌ သနား ကြင်နာမှု ကင်းလျက် ရက်စက်စွာ သူတပါးအသက်ကို သတ်ဖြတ်လေ့ရှိကြ၏၊ ထိုသူမျိုးသေယင် ငရဲသို့ ရောက်ရတတ်၏၊ (ရှေးကံ ထောက်ပံ့မှုကြောင့်) လူ့ပြည်သို့ ရောက်ရယင်လည်း ကြာရှည် နေခွင့်မရ, အသက်တိုရလေသည်။

၅။ ဤလောက၌ အချို့သော မိန်းမ – ယောကျ်ားတို့ကား သတ္တဝါတို့ အပေါ်၌ သနား ကြင်နာ ကရုဏာ အားကြီးလျက် သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ကြ၏၊ ထိုသူမျိုး စုတေယင် နတ်ပြည်သို့ ရောက်ရတတ်၏၊ နတ်ပြည် မရောက်ပဲ လူ့ပြည်သို့ ရောက်ယင်လည်း အသက်ရှည်စွာ တည်နေရပေသည်။

(ကျက်မှတ်ရန်)

(က) ၁။ သူများအသက်, သတ်သည့်တွက်, အသက် ကိုယ့်မှာ တို။

၂။ မသတ် ရှောင်ရှား, ထိုသူများ, ရှည်လျား အသက် ကို။

(ခ) ၃။ အဘယ့်ကြောင့် အချို့မှာ အနာရောဂါများ၍,
၄။ အချို့မှာ အနာရောဂါ ကင်းရှင်းပါသနည်း။

၃။ ဤလောက၌ အချို့သော မိန်းမ—ယောကျ်ား တို့သည် တပါးသော သတ္တဝါကို လက်ဖြင့် ဖြစ်စေ, ခဲ—ဒုတ်—ဓါး စသော လက်နက်ဖြင့် ဖြစ်စေ ညှဉ်းဆဲလေ့ ရှိကြ၏၊ (သေအောင်ကား မသတ်)၊ ထိုသူမျိုးသေယင် ငရဲကျတတ်၏၊ ငရဲမကျပဲ လူ့ပြည်သို့ ရောက်ရယင် ရောဂါထူပြော အနာ ပေါလေသည်။

၄။ ထိုကဲ့သို့ ညှဉ်းဆဲ နှိပ်စက်လေ့ မရှိသူသည် စုတေယင် နတ်ပြည်သို့ ရောက်ရတတ်၏၊ နတ်ပြည်မရောက်ပဲ လူ့ပြည်ရောက်ယင်ကား အနာရောဂါ ကင်းရှင်းရပေသည်။

(ကျက်မှတ်ရန်)

(ခ) ၃။ နှိပ်စက်ကလူ, ညှဉ်းဆဲသူ, ပြောထူ ရောဂါယို။
၄။ သနားစိတ်သွင်း, မနှိမ်နင်း, ကင်းရှင်း ရောဂါကို။

—

(ဂ) ၅။ အဘယ့်ကြောင့် အချို့မှာ အရုပ်ဆိုး၍,
၆။ အချို့မှာ အဆင်း လှပါသနည်း။

၅။ ဤလောက၌ အချို့သော မိန်းမ—ယောကျ်ား တို့သည် အလွန် ဒေါသ ကြီးကြ၏၊ အနည်းငယ် စကားပြောစရာ ရှိယင် သူတပါးကို ထိပါးပုတ်ခတ်၍ ပြောဆိုလေ့ ရှိကြ၏၊ ထိုသူမျိုး သေယင် ငရဲကျတတ်၏၊ ငရဲမကျပဲ လူ့ပြည်သို့ ရောက်ရယင် မျက်နှာပုပ်သိုး အရုပ်ဆိုးတတ်လေသည်။

၆။ ထိုသို့ဒေါသမထွက်ပဲ စိတ်ကြည်လင်အေးမြသူ စုတေယင် နတ်ပြည်သို့ ရောက်ရတတ်၏၊ နတ်ပြည်သို့ မရောက်ပဲ လူ့ပြည်သို့ ရောက်ယင် ကြည်လင်လှပသော ရုပ်အဆင်းကို ရပေသည်။

(ကျက်မှတ်ရန်)

(ဂ) ၅။ ထန်ပြင်းဒေါသ, ကြီးတတ်က, အလှပျက်မည်ဆို။

၆။ ဒေါသကင်းစင်, မေတ္တာယှဉ်, ကြည်လင်လှသကို။

---

(ဃ) ၇။ အဘယ့်ကြောင့် အချို့မှာ ခြွေရံစိုးမိုး တန်ခိုး အာဏာနည်းပါး၍,

၈။ အချို့မှာ တန်ခိုးအာဏာ ကြီးမားပါသနည်း။

၇။ ဤလောက၌ အချို့သော မိန်းမ-ယောကျ်ားတို့သည် ဣဿာ အားကြီးကြ၏၊ ထိုသူမျိုးသေယင် ငရဲသို့ ကျတတ်၏၊ ငရဲမကျပဲ လူ့ပြည်သို့ ရောက်ရယင် ခြွေရံစိုးမိုး တန်ခိုးနည်းပါးလေ၏။

၈။ ထိုကဲ့သို့ ဣဿာမရှိသူသည် စုတေယင်နတ်ပြည်သို့ ရောက် ရတတ်၏၊ နတ်ပြည်မရောက်ပဲ လူ့ပြည်သို့ ရောက်ရပြန်ယင် နာမည် ကျော်ကြား ခြွေရံများ၍, တန်ခိုးအာဏာ သြဇာကြီးမားပေသည်။

မှတ်ချက်။ ။သူတစ်ပါး၏ ကံ-ဉာဏ်-ဝီရိယအားလျော်စွာ စည်းစိမ်ဥစ္စာ ပေါများခြင်း, ဂုဏ်သိရ် ကြီးမားခြင်း, ထင်ရှား ကျော်စောခြင်း, တတ်သိ လိမ္မာခြင်း စသည်ကို မနာလိုမှု, စောင်း

ပြောင်းမှု(မျက်စောင်းထိုးမှု),ငြူစူမှု,(သည်လို ယုန်တော့ ချိုတိုင်း ရှိရဲ့, ဗီးကွက်လောက်တော့ ငှက်တိုင်းလှရဲ့) စသည်ဖြင့် နှုတ်ခမ်း စူ၍ ပြောဆိုမှုများသည် "ဣဿာ"၏ အစွမ်းပင်တည်း။

( ကျက်မှတ်ရန် )

(ဃ) ၇။ မနာလိုပြန်, ဣဿာထန်, ခြံရံကင်းမည်ဆို။
၈။ ဣဿာမထား,ဝမ်းမြောက်ငြား,ပေါများ ခြွေရံကို။

(င) ၉။ အဘယ်ကြောင့် အချို့မှာ ဥစ္စာမဲ့မွဲ ဆင်းရဲ၍,
၁၀။ အချို့မှာ ဥစ္စာပြည့်စုံ ကုံလုံကြွယ်ဝ ပါသနည်း။

၉။ ဤလောက၌ အချို့သော မိန်းမ-ယောကျ်ားတို့သည် စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ မရှိကြ၊ (ဝန်တိုမှု) မစ္ဆေရ တရား အလွန်အားကြီးကြ၏၊ ထိုသူမျိုးသေယင် ငရဲ၌ ဖြစ်တတ်၏၊ ငရဲ မကျပဲ လူ့ပြည်သို့ ရောက်ယင် ဥစ္စာမဲ့မွဲ ဆင်းရဲရလေ၏။

၁၀။ ထိုသို့ မစ္ဆေရ မရှိပဲ စွန့်ကြဲ ပေးကမ်း လှူဒါန်းလေ့ရှိသူသည် စုတေယင် နတ်ပြည်သို့ ရောက်ရတတ်၏၊ နတ်ပြည်မရောက်ပဲ လူ့ပြည်ရောက်ပြန်ယင်လည်း ဥစ္စာပြည့်စုံ ကုံလုံကြွယ်ဝ ပေသည်။ [မိမိပိုင်နှင့်, မိမိဆိုင်သော ပစ္စည်းများကို သူတပါးနှင့် မဆက်ဆံစေလိုမှု, မပေးကမ်း, မလှူဒါန်းရက်မှုများကို "မစ္ဆေရ" ဟု ခေါ်သည်။]

(ကျက်မှတ်ရန်)

(င) ၉။ မလှူမဒါန်း, မပေးကမ်း, ခြောက်ခန်း ဥစ္စာဆို။
၁၀။ စွန့်ကြဲလေ့တုံ, ပြုပါကုန်, ကုံလုံကြွယ်ဝလို။

---

(စ) ၁၁။ အဘယ့်ကြောင့် အချို့မှာ အမျိုးယုတ်၍,
၁၂။ အချို့မှာ အမျိုးမြတ်ပါသနည်း။

၁၁။ မလောက၌ အချို့သော မိန်းမ – ယောကျ်ားတို့သည် အလွန်မာနကြီးကြ၏၊ (သူတစ်ပါးကို အထင်သေး၏, ကိုယ့်ကိုယ်ကို အထင်ကြီး၏၊ ) ရှိသေလေးစားထိုက်သူကို ရှိသေလေးစားရမှန်း မသိ၊ ထိုသူမျိုးသေယင် ငရဲသို့ကျ, ငရဲ မကျမဲ လူ့ပြည်ရောက်ရယင်လည်း အောက်ကျ သေးသိမ်၍ ယုတ်ညံ့သော အမျိုး၌ ဖြစ်ရတတ်သည်။

၁၂။ ထိုသို့ မာန မကြီးပဲ ရှိသေ လေးစားထိုက်သူကို ရှိသေလေးစားလေ့ ရှိသူသည် နတ်ပြည်၌ ဖြစ်, နတ်ပြည်၌ မဖြစ်ပဲ လူ့ပြည်၌ ဖြစ်ရယင်လည်း မြင့်မြတ်သော အမျိုး၌ ဖြစ်ရရိုးရှိသည်။

(ကျက်မှတ်ရန်)

(စ) ၁၁။ မာန်မာနကြွယ်, ထိုသူဝယ်, မျိုးနွယ် ညံ့မည်ဆို။
၁၂။ ထိုက်သူရိုကျိုး, မာန်ကိုချိုး, အမျိုး မြတ်သကို။

---

(ဆ) ၁၃။ အဘယ့်ကြောင့် အချို့မှာ အသိအလိမ္မာ ဉာဏ်ပညာ နည်းပါး၍,
၁၄။ အချို့မှာ ဉာဏ်ပညာ ကြီးမားပါသနည်း။

၁၃။ ဤလောက၌ အချို့သော မိန်းမ — ယောကျ်ားတို့သည် ပညာရှိ အထံသို့ ချဉ်းကပ်၍ ကုသိုလ် အကုသိုလ်ကိုလည်းကောင်း, အပြစ် ရှိ-မရှိ, မှီဝဲထိုက် မမှီဝဲထိုက်သော အရာ, နောင်သံသရာဝယ် ကြာရှည်လေးမြင့် ဖွံ့ဖွံ့ဖြိုးဖြိုး အကျိုးပေးမည့် တရားအချက်တို့ကိုလည်းကောင်း, မေးမြန်းလေ့ မရှိကြ၊ ထိုလူမျိုးသည် ထင်မိထင်ရာ ပြု၍ ဒုစရိုက်များသဖြင့် သေယင် ငရဲသို့ သွားရတတ်၏၊ ငရဲမကျပဲ လူ့ပြည်သို့ ရောက်ရယင် အသိအလိမ္မာ ဉာဏ်ပညာကင်းပြီး လူဖျင်း လူအ—လူမိုက် ဖြစ်ရလေသည်။

၁၄။ ထိုကဲ့သို့သော တရားအချက်ကို နှစ်သက် ကြည်ဖြူနာယူ မေးမြန်းလေ့ ရှိသူတို့ကား စုတေယင် နတ်ပြည်သို့ ရောက်ရတတ်၏၊ နတ်ပြည်သို့ မရောက်ပဲ လူ့ပြည် ရောက်ယင်လည်း အသိအလိမ္မာ ဉာဏ်ပညာ ထက်မြက်သူ ( ဉာဏ်ကောင်းသူ) ဖြစ်ရတတ်ပေသည်။

## ကျက်မှတ်ရန်

(ဆ) ၁၃။ သိဖွယ် ဟူသမျှ, မမေးက, ဖျင်း-အ ပညာဆို။
၁၄။ ကြားမြင်များအောင်, မေးလေ့ဆောင်, ခုနောင်တတ်သိလို့။

လိုရင်း အချုပ်မှာ — " ဘယ်သူ မပြု, မိမိမှု" ဟူသည်နှင့် အညီ ရှေးက မိမိပြုခဲ့သော ကံအားလျော်စွာ ကောင်းကျိုး, မကောင်းကျိုးကို ရကြပေသည်၊ ဤကား အကျဉ်းမျှသာ ဟောအပ်သော ပါဠိတော် အရတည်း။

သုဘသုတ်(ခေါက်နှုတ်ချက်)ပြီး၏။

# မင်္ဂလသုတ်

## 【သုံးဆယ့်ရှစ်ဖြာ-မင်္ဂလာ တရားတော်】

(က) အသေဝနာစ ဗာလာနံ, ပဏ္ဍိတာနဉ္စ သေဝနာ၊
ပူဇာစ ပူဇနီယာနံ, ဧတံ မင်္ဂလ မုတ္တမံ။

(က) ၁။ လူမိုက်ကို မပေါင်းခြင်း။
၂။ လူလိမ္မာကို ပေါင်းခြင်း။
၃။ ပူဇော်ထိုက်သူကို ပူဇော်ခြင်း။
ဤသုံးပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်၏။

ကဗျာ။ ။လူမိုက် မှန်ယင် ရှောင်ကြဉ်ကြလို့,
လိမ္မာသူမှ ပေါင်းကြလေ၊
မိဘ မျိုးဆွေ ကြီးသူများနှင့်,
တရား သံဃာ့ မြတ်ဗိုဓေ၊
အမြဲပုံသေ ပူဇော်ထိုက်လို့,
သိုက်သိုက်မြိုက်မြိုက် ပူဇော်လေ၊
ဤ သုံးဖြာ မင်္ဂလာမြတ်လို့, စိတ်၌ စွဲမှတ် မြဲကြစေ။

( င ) ဒါနဉ္စ ဓမ္မစရိယာစ, ဉာတကာနဉ္စ သင်္ဂဟော၊
အနဝဇ္ဇာနိ ကမ္မာနိ, ဧတံ မင်္ဂလ မုတ္တမံ။

( င ) ၁။ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း။

၂။ သုစရိုက်တရားကို ကျင့်ခြင်း။

၃။ ဆွေမျိုးကို ထောက်ပံ့ခြင်း။

၄။ အပြစ်မရှိသော အလုပ်ကို လုပ်ခြင်း။

ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

ကဗျာ။ ။ပေးကမ်း ၎ငေ လှူဒါနနှင့်,
တရားလမ်းကျ ကျင့်တတ်စေ၊
မိဖ မျိုးဆွေ အောက်မကျဖို့,
ထောက်ကြ ပင့်ကြ မြှင့်ကြလေ၊
အပြစ်ထွေထွေ ပွေမနှောတဲ့,
အလုပ်သဘော လုပ်ရပေ၊
အဲဒီ လေးဖြာ မင်္ဂလာမြတ်လို့, စိတ်၌စွဲမှတ် မြဲကြစေ။

(စ) အာရတိ ဝိရတိ ပါပါ, မဇ္ဇပါနာ စ သံယမော၊
အပ္ပမာဒေါ စ ဓမ္မေသု, ဧတံ မင်္ဂလ မုတ္တမံ။

(စ) ၁။ မကောင်းမှုမှ စိတ်ကို ဖျောက်ခြင်း, (အာရတိ)။
ကိုယ်, နှုတ်တို့ဖြင့် ရှောင်ခြင်း, (ဝိရတိ)။
၂။ သေရည်အရက် သောက်ခြင်းမှ စောင့်စည်းခြင်း။
၃။ ကုသိုလ်တရားတို့၌ မမေ့ခြင်း။
ဤ သုံးပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

ကဗျာ။ ။ မကောင်းမှုဆို ထိုအယုတ်ဖြင့်,
စိတ်ရော ကိုယ် နှုတ် ရှောင်ပါကွယ်၊
ဘိန်းကင်း ကဇော် လျှော်စာ ဖက်လို့,
သေရည် အရက် သောက်မှုသယ်၊
ကုသိုလ်ဆိုင်ရာ ယူဆောင် တွေ့လို့,
သူတော်ဝလေ့ မမေ့ဖွယ်၊
အဲဒီသုံးဖြာ မင်္ဂလာမြတ်လို့, စိတ်၌ စွဲမှတ် မြဲကြကွယ်။

(ဆ) ဂါရဝေါ စ နိဝါတော စ, သန္တုဋ္ဌီ စ ကတညုတာ၊
ကာလေန ဓမ္မဿဝနံ, ဧတံ မင်္ဂလ မုတ္တမံ။

(ဆ) ၁။ ရှိသေ လေးစားထိုက်သူကို ရှိသေလေးစားခြင်း။
၂။ ကိုယ့်ကိုယ်ကို နှိမ့်ချခြင်း (မာန မကြီးခြင်း)။

၃။ ရသမျှဖြင့် တင်းတိမ် ရောင့်ရဲခြင်း။
၄။ သူ့ကျေးဇူးကို သိတတ်ခြင်း။
၅။ သင့်လျော်သောအခါ တရားနာယူခြင်း။
ဤငါးပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

ကဗျာ။ ။ သက်ကြီး ဂုဏ်ရှင် ရိုသေကြ၍,
မာန်မာနလည်း နှိမ်ချကြွယ်၊
မရတာကို ပို-မတပ့်ို, ကိုယ်—အရနဲ့ ရောင့်ရဲလွယ်၊
ကျေးဇူးတင်ကာ အခါအားဖြင့်,နာတရားနဲ့ နေရမယ်၊
အဲဒီ ငါးဖြာ မင်္ဂလာမြတ်လို့, စိတ်၌ စွဲမှတ် မြဲကြကွယ်။

---

(၈) ခန္တီစ သောဝစဿတာ, သမဏာနဉ္စ ဒဿနံ၊
ကာလေန ဓမ္မသာကစ္ဆာ, ဧတံ မင်္ဂလ မုတ္တမံ။

(၈) ၁။ အရာရာ သည်းခံခြင်း။
၂။ ပြောဆို ဆုံးမသောအခါ နားထောင်လွယ်ခြင်း။
၃။ ငြိမ်သက်သော ရဟန်းတော်များကို ဖူးမြင်ခြင်း။
၄။ သင့်တော်သော အခါ၌ တရား စကားကို ဆွေးနွေး
မေးမြန်းခြင်း။
ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

ကဗျာ။ ။ မခံသာအောင် ဆဲဆို ရိုက်လဲ, သည်းခံလိုက်ကြ
မောင်တို့ရယ်၊
ကျိုးရှိဆိုမူ နာယူမှတ်လို့, ရဟန်းရှင်မြတ် ဖူးရမယ်၊
သင့်တော်ခါတွင် နားအေးအေးနှင့်,
တရားဆွေးနွေး မေးရတယ်၊
အဲဒီ လေးဖြာ မင်္ဂလာမြတ်လို့, စိတ်၌ စွဲမှတ် မြဲကြကွယ်။

(စုံ) တပေါ စ ဗြဟ္မစရိယဉ္စ, အရိယသစ္စာန ဒဿနံ၊
နိဗ္ဗာနသစ္ဆိကိရိယာ စ, ဧတံ မင်္ဂလ မုတ္တမံ။

(စျ) ၁။ ကောင်းသော အကျင့်ကို ကျင့်ခြင်း။
၂။ မေထုန်ပြုမှုမှ ရှောင်ကြဉ်ခြင်း။
၃။ အရိယာသစ္စာကို မြင်ခြင်း။
၄။ အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း။
ဤ လေးပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

ကဗျာ။ ။ ခြောက်ပါးဣန္ဒြေ စောင့်ထွေချုပ်လို့,
တရားအလုပ် အားထုတ်ကွယ်၊
ဗြဟ္မစာရီ မေထုန်ကင်းလျက်,
သာသနာတွင်း ကျင့်ရမယ်၊
သစ္စာလေးအင် အမြင်ရတော့,
ဖိုလ် အရဟာ နိဗ္ဗာန်လွယ်၊
အဲဒီ လေးဖြာ မင်္ဂလာမြတ်လို့, စိတ်၌ စွဲမှတ် မြဲကြကွယ်။

(ည) ဖုဋ္ဌဿ လောကဓမ္မေဟိ, စိတ္တံ ယဿ န ကမ္ပတိ၊
အသောကံ ဝိရဇံ ခေမံ, ဧတံ မင်္ဂလ မုတ္တမံ။

(ည) ၁။ လောကဓမ်တရားတို့ ဒဏ္ဍသိ နှိပ်စက်ခံရယင်, စိတ်မတုန်လှုပ်ခြင်း။
၂။ ဝမ်းနည်းဖွယ် ကြုံသော်လည်း ဝမ်းမနည်းခြင်း။
၃။ ကိလေသာဖြင့် မမက်မောခြင်း။
၄။ နှောက်ရှက်မှု ဘေးရန် မရှိခြင်း။

ဤ လေးပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

ကဗျာ။ ။လောကဓမ်စုံ ဖုံဖုံတွေ့လည်း,
မတုန် မလှုပ် ငြိမ်ငြိမ်နေ၊
မကောင်းကြုံသော် ဝမ်းမနည်းနဲ့,
အကောင်းကြုံလဲ့ မမက်ဘေ၊
ဘေးတွေ ရန်တွေ ငြိမ်းပျောက်ကြလည်း,
ရန်ကင်း ဘေးပ အေးမြပေ!
အဲဒီ လေးဖြာ မင်္ဂလာမြတ်လို့, စိတ်နှလုံးမှတ် မြဲကြစေ။

ဤ မင်္ဂလာများကို ပြုကြယင် ရန်သူအားပေါ့တို့တွင် မည်သည့်ရန်သူမျှ အနိုင်မရပဲ (မိမိကသာ အောင်နိုင်၍) နေရာ အားလုံးတို့၌ ချမ်းသာခြင်းသို့ ရောက်ကြရ၏၊ မင်္ဂလာမှုသူတို့၏ (၃၈) ဖြာ ယို မင်္ဂလာသည် ကောင်းမြတ်သော မင်္ဂလာတည်း။

ကဗျာ။ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာမြတ်ဟု၊
လိုက်နာအပ်တဲ့ တရားဝယ်၊

လိုက်နာသူတော့ ရန်မာန်ဘေးကို၊
နေရာ မရွေး အောင်ရမယ်၊

ခုရော နောင်ခါ ဘဝပေါင်း၌၊
စ-လယ်-အနှောင်း ကောင်းဖို့ကြွယ်၊

ထို့နောက် မင်္ဂလာ စုံစုံစွေအောင်၊
ကြိုးကြိုးသရွေ့ ပြုကြကွယ်... ပြုကွယ်....ပြုကွယ်....။

:

အမှာ။ မင်္ဂလာ ( ၃၈ ) ပါးကို ရေတွက်ရာ၌ "မာတာပိတုဥပဋ္ဌာနံ" ဂါထာဝယ် အမိ လုပ်ကျွေးခြင်း, အဖ လုပ်ကျွေးခြင်းဟု နှစ်မျိုးခွဲ၍, လေး မင်္ဂလာ ရအောင် ရေတွက်မှ(၃၈)ပါးပြည့်သည်၊အသောဝနာစဂါထာမှ စ၍ ရေတွက်ကြည့်ပါလေ၊ ဆရာများကလည်း ကလေးနှင့် တန်ရုံ အဓိပ္ပါယ်ကို ပြောပေးကြပါ။

သုံးဆယ့်ရှစ်ဖြာ=မင်္ဂလာတရားတော်
ပြီး၏။

# ဒေဝဒူတသုတ်

## (သေမင်းတမန်ငါးပါးတရားတော်)

အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးတော်မူသည်။

ထိုအခါမြတ်စွာဘုရားသည် ရဟန်းတို့အား "သေမင်းတမန်" ခေါ် ဒေဝဒူတသုတ္တန် တရားတော်ကို ဟောတော်မူလေသည်။

ဘိက္ခုတို့ တံခါးချင်း ဆက်စပ်နေသော (မျက်နှာချင်းဆိုင်) အိမ်နှစ်ဆောင်တို့၏ အလယ်၌ ရပ်နေသူသည် အိမ်တွင်းသို့ ဝင်ထွက်သွားလာနေသော လူအများကို တွေ့မြင်ရသကဲ့သို့, ငါဘုရားသည် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားသူ (သေသူ), ဘဝသစ်တစ်ခု၌ ဖြစ်လာသူ (ပဋိသန္ဓေနေသူ), သတ္တဝါအမျိုးမျိုးကို မြင်တော်မူသည်၊ ကုံအားလျော်စွာ ထိုထိုဘဝသစ်၌ ဖြစ်လာကြကုန်သော ထိုထို သတ္တဝါများနှင့် ယင်း သတ္တဝါတို့၏ အခြေအနေကို ကောင်းစွာ ခွဲခြား၍ သိမြင်တော်မူသည်။

ဘိက္ခုတို့...ဤ သတ္တဝါတို့သည် ကာယသုစရိုက်, ဝစီသုစရိုက်, မနောသုစရိုက်တို့ကို ပြုကျင့်ကြကုန်၏၊ အရိယာပုဂ္ဂိုလ် တို့အား မပြစ်မှား,မစွပ်စွဲတတ်ကြကုန်၊ သမ္မာဒိဋ္ဌိအယူကိုသာ ယူကြကုန်၏၊ ထို သတ္တဝါတို့သည် သေအသည်၏ အခြားမဲ့၌ လူ့ပြည် နတ်ပြည်တို့၌ ဖြစ်ကြကုန်၏၊ သတ္တဝါတချို့ကား-ကာယဒုစရိုက်, ဝစီဒုစရိုက်,

မနော ဒုစရိုက်တို့ကို ပြုကျင့်ကြကုန်၏၊ အရိယာ ပုဂ္ဂိုလ်တို့အား ပြစ်မှား, စွပ်စွဲတတ်ကြကုန်၏၊ မိစ္ဆာဒိဋ္ဌိ အယူကို ယူကြကုန်၏၊ ထိုသတ္တဝါတို့သည် သေသည်၏အခြားမဲ့၌ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်ဘဝတို့၌ ဖြစ်ကြရကုန်၏။

ပထမ သေမင်းတမန်

ဘိက္ခုတို့...ထို အပါယ်လေးဘုံသို့ ကျရောက်ရသော သတ္တဝါ များတွင်, ငရဲသို့ ကျရောက်သူတို့ကို ငရဲထိန်းတို့က အသီးအသီး လက်ကိုဆွဲကာ ယမမင်းထံ ပို့ကြကုန်၏၊ ယမမင်းသည် ထိုသူ့အား သေမင်းတမန် ငါးပါးကို ပြောပြ၍ မေးမြန်းလေသည်။

ယမမင်း။ ။အမောင် လူသား....သင်သည် လူ့ပြည်၌ ပထမ သေမင်းတမန်ကို မမြင်ပါသလော။

အစစ်ခံရသူ ။ ။အရှင် ယမမင်း....မမြင်ပါ။

ယမမင်း။ ။အမောင် လူသား....သင်သည် လူ့ပြည်၌ မိမိ၏ ကျင်ကြီး, ကျင်ငယ်၌ လူးလည်းလျက် ပက်လက် အိပ်တတ်သော ကလေးသူငယ်ကို မြင်ဘူးပါ သလော။

အစစ်ခံရသူ ။ ။အရှင် ယမမင်း....မြင်ဘူးပါသည်။

ယမမင်း။ ။အမောင် လူသား....သိ, ကြား, လိမ္မာသည့် လူကြီး ဖြစ်သော သင့်မှာ '' ငါသည်လည်း

စင်စစ် ပင်္ဂသန္ဓေ နေရခြင်း သဘော ရှိ၏၊ ပင်္ဂ သန္ဓေ နေရခြင်းကို မလွန်ဆန်နိုင်၊ ယခုငါသည် ကိုယ်, နှုတ်, စိတ်တို့ဖြင့် ကောင်းမှု ကုသိုလ် များကို ပြုတော့မည်'' ဟု အကြံအစည် မဖြစ်ပါ သလော။

အစစ်ခံရသူ။ ။အရှင်ယမမင်း....ကျွန်ုပ် မတတ်နိုင်ပါ, မေ့လျော့ ခဲ့ပါသည်။

## ဒုတိယ သေမင်းတမန်

ယမမင်း ။ ။အမောင်လူသား....သင်သည် လူ့ပြည်၌ ဒုတိယ သေမင်းတမန်ကို မမြင်ပါသလော။

အစစ်ခံရသူ။ ။အရှင် ယမမင်း........မမြင်ပါ။

ယမမင်း ။ ။အမောင် လူသား........ သင်သည် လူ့ပြည်၌ တောင်ဝှေးကိုသာ မှီခို အားထားရာ ရှိလျက် ဆံ ဖြူခြင်း, သွားကျိုးခြင်း, အရေ တွန့်လိမ်ခြင်း စသည်ဖြင့် နောက်ဆုံး အရွယ်သို့ ရောက်နေ ကြသည့် အိုမင်း ရင့်ရော်နေကုန်သော မိန်းမ–ယောကျ်ားတို့ကို မြင်ဘူးပါသလော။

အစစ်ခံရသူ။ ။အရှင် ယမမင်း .......မြင်ဘူးပါသည်။

ယမမင်း ။ ။အမောင် လူသား........သိ, ကြား, လိမ္မာသည့် လူကြီးဖြစ်သော သင့်မှာ ''ငါသည်လည်း စင်စစ် အိုရခြင်းသဘော ရှိ၏၊ အိုရခြင်း သဘောကို

မလွန်ဆန်နိုင်၊ ယခု ငါသည် ကိုယ်, နှုတ်, စိတ် တို့ဖြင့် ကောင်းမှု ကုသိုလ်များကို ပြုတော့မည်'' ဟု အကြံအစည် မဖြစ်ပါသလော။

အစစ်ခံရသူ။ ။အရှင် ယမမင်း.......ကျွန်ုပ် မတတ်နိုင်ပါ, မေ့လျော့ခဲ့ပါသည်။

---

## တတိယ သေမင်းတမန်

ယမမင်း ။ ။အမောင် လူသား....သင်သည် လူ့ပြည်၌ တတိယ သေမင်းတမန်ကို မမြင်ပါသလော။

အစစ်ခံရသူ။ ။အရှင် ယမမင်း .......မမြင်ပါ။

ယမမင်း ။ ။အမောင် လူသား,....သင်သည် လူ့ပြည်၌ အနာရောဂါ နှိပ်စက်ခြင်းကြောင့် ပြင်းထန်လှသော ဆင်းရဲ ဝေဒနာကို ခံစားကြရလျက် မိမိတို့၏ ကျင်ကြီး, ကျင်ငယ်၌ လူးလည်း အိပ်စက်ကာ အခြားသူများကိုသာ မှီခိုအားထားရ၍ ရှိနေသည့် ဖျားနာခြင်း ရှိကုန်သော မိန်းမ – ယောကျ်ား တို့ကို မမြင်ဘူးပါသလော။

အစစ်ခံရသူ။ ။အရှင် ယမမင်း........မြင်ဘူးပါသည်။

ယမမင်း ။ ။အမောင် လူသား.......သိ, ကြား, လိမ္မာသည့် လူကြီးဖြစ်သော သင့်မှာ''ငါသည်လည်း စင်စစ် အမှန် နာရခြင်းသဘောရှိ၏၊ နာရခြင်းသဘောကို

မလွန်ဆန်နိုင်၊ ယခု ငါသည် ကိုယ်, နှုတ်, စိတ် တို့ဖြင့် ကောင်းမှုကုသိုလ်များကို ပြုတော့မည်''ဟု အကြံအစည် မဖြစ်ပါသလော။

အစစ်ခံရသူ။ ။အရှင် ယမမင်း—ကျွန်ုပ် မတတ်နိုင်ပါ, မေ့လျော့ ခဲ့ပါသည်။

---

## စတုတ္ထ ဒေဝဒူတမင်းတမန်

ယမမင်း ။ ။အမောင် လူသား...သင်သည် လူ့ပြည်၌ စတုတ္ထ ဒေဝဒူတမင်းတမန်ကို မမြင်ပါသလော။

အစစ်ခံရသူ။ ။အရှင် ယမမင်း.......မမြင်ပါ။

ယမမင်း ။ ။အမောင် လူသား....... လူ့ပြည်၌ ပြည့်ရှင်မင်း တို့သည် မကောင်းမှု ပြုကျင့်ကုန်သော ခိုးသူတို့ကို ဖမ်းဆီးကာ ကြိုးဒဏ်, ကြိမ်ဒဏ်, ထောင်ဒဏ် စသည်ဖြင့် လောက၌ ညှဉ်းပန်း နှိပ်စက်မှု အမျိုး မျိုး ပြုခြင်းကို မြင်ဘူးပါသလော။

အစစ်ခံရသူ။ ။အရှင် ယမမင်း ........ မြင်ဘူးပါသည်။

ယမမင်း ။ ။အမောင် လူသား........သိ, ကြား, လိမ္မာသည့် လူကြီးဖြစ်သော သင့်မှာ ''အချင်းတို့ မကောင်းမှု ပြုသူများသည် မျက်မှောက် ဘဝ၌ပင် ဤကဲ့သို့ သဘောရှိသော ကံကြမ္မာ (အပြစ်ဒဏ်) အမျိုးမျိုး ကို ခံကြရ၏၊ နောင် တမလွန်ဘဝ၌မူ အဘယ်

ဆိုဖွယ်ရာ ရှိမည်နည်း '' ဟု စဉ်းစားကာ ယခု ငါသည် ကိုယ်,နှုတ်,စိတ်တို့ဖြင့် ကောင်းမှု ကုသိုလ်များကိုသာ ပြုတော့မည်-ဟု အကြံအစည် မဖြစ်ပါသလော။

အစစ်ခံရသူ။ ။အရှင် ယမမင်း....ကျွန်ုပ် မတတ်နိုင်ပါ, မေ့လျော့ခဲ့ပါသည်။

---

## ပဉ္စမသေမင်းတမန်

ယမမင်း ။ ။အမောင် လူသား.... သင်သည် လူ့ပြည်၌ ပဉ္စမသေမင်းတမန်ကို မမြင်ပါသလော။

အစစ်ခံရသူ။ ။အရှင် ယမမင်း.... မမြင်ပါ။

ယမမင်း ။ ။အမောင် လူသား.......... သင်သည် လူ့ပြည်၌ သေပြီးနောက် တစ်ရက် , နှစ်ရက် , သုံးရက်ကြာလျှင် ဖူးဖူးယောင်ပြီး ညိုမဲလျက် သွေး , ပြည်, ယိုစီးထွက်နေသည့် မိန်းမ – ယောကျ်ား လူသေများကို မြင်ဘူးပါသလော။

အစစ်ခံရသူ။ ။အရှင် ယမမင်း....မြင်ဘူးပါသည်။

ယမမင်း ။ ။အမောင် လူသား ...... သိ , ကြား , လိမ္မာသည့် လူကြီးဖြစ်သော သင့်မှာ '' ငါသည်လည်း သေရခြင်းသဘော ရှိ၏၊ သေခြင်းကို မလွန်

ဆန်နိုင်၊ ယခု ငါသည် ကိုယ်, နှုတ်, စိတ်တို့ဖြင့် ကောင်းမှုကုသိုလ်များကို ပြုတော့မည်''ဟု အကြံ အစည် မဖြစ်ပါသလော။

အာစစ်ခံရသူ။ ။အရှင် ယမမင်း ကျွန်ုပ် မတာတ်နိုင်ပါ၊ မေ့လျော့ ခဲ့ပါသည်။

ထိုကဲ့သို့ ယမမင်းသည် သေမင်းတမန် ငါးပါးကို ပြ၍ စစ်ဆေး မေးမြန်းပြီးနောက် ''အမောင် လူသား.... သင်သည် မေ့လျော့ခြင်း ကြောင့် ကိုယ်, နှုတ်, စိတ်တို့ဖြင့် ကောင်းမှုကုသိုလ်များကို မပြု လုပ်မိခဲ့ပေ၊ စင်စစ် သင်သည် မေ့လျော့သဖြင့် မကောင်းမှု အကုသိုလ်ကံကို ပြုမိခဲ့၏၊ ထို အကုသိုလ်ကံကို သင်၏ မိဖ, ညီ, အကို, အမ, နှမ, မိတ်ဆွေ, သူငယ်ချင်း, ဆွေမျိုးသားချင်း တို့က ပြုလုပ်ကြသည်မဟုတ်ပေ၊ သင့်ကိုယ်တိုင်ပြုခဲ့သည့်အတွက် သင်သည် သာလျှင် ထိုအကုသိုလ်၏အပြစ်ကို ခံစားရပေမည်''ဟု ပြောဆိုပြီး နောက် ယမမင်းသည် မျက်နှာလွှဲ၍ ဆိတ်ဆိတ်နေလေသည်။

ထိုအခါ ထိုသူ့ကို ငရဲထိန်းများက နှောင်ဖွဲ့ခြင်း ငါးရပ် ဖြစ်သော လက်နှစ်ဖက်, ခြေနှစ်ဖက်, ရင်လယ်၌ သံပူစို့ဖြင့် စိုက်နှက် ခြင်း တည်းဟူသော ကံကြမ္မာကို ပြုကြကုန်၏။

ထို့နောက် ထိုသူ့ကို ငရဲထိန်းများသည် ရဲရဲငြိးသော သံပြား၌ အိပ်စိုင်းကာ ပေါက်ပြင့် ခုတ်ရွေကြ၏၊ ခြေကို မိုးမျှော် ဦးခေါင်း ဇောက်ထိုး ဆွဲကိုင်ကာ ပဲခွပ်များဖြင့် ခုတ်ရွေကြ၏၊ ရထားနောက် ချိတ်ဆွဲ၍ မီးတောက်လောင်နေသော မြေ၌ ရှေ့တိုး နောက်ဆုတ်

သွားခိုင်းကြ၏၊ မီးကျီးတောင်သို့ တက်ခိုင်း, ဆင်းခိုင်းကြ၏၊ ခြေထောက် မိုးမျှော်, ဦးခေါင်း၊ အောက်ထိုးဆွဲကိုင်ကာ သံအိုးပူထဲ၌ ပစ်ချကြ၏၊ ထိုသူသည် ထိုသို့ပစ်ချရာ၌ အမြုပ်တက်၍(တစ်ကြိမ်စီ) ပေါ်ချီ-မြုပ်ချီ, ဖီလာကန့်လန့် သွားချီဖြင့် ခံစားနေရ၏၊ ထိုသူသည် ထိုငရဲ၌ မကောင်းမှု ကုသိုလ်ကံ မကုန်သမျှ မသေနိုင်ပဲ စူးရှ ကြမ်းတန်း၍ ခါးစပ် သည်းထန်သော ဆင်းရဲဝေဒနာကို ခံစားရ၏။

ထို့နောက် ထိုသူကို ငရဲထိန်းတို့သည် အဝီစိငရဲ၌ ပစ်ချကြကုန်၏၊ ထိုသူသည် မိမိ မကောင်းမှုကံ အကုသိုလ် မကုန်မချင်း ထိုအဝီစိငရဲ၌လည်းကောင်း, အဝီစိငရဲကြီးနှင့် တစ်ထပ်ထည်းရှိသော ဘင်ပုပ်ငရဲ, ပြာပူငရဲ, လက်ပန်တောငရဲ, သန်လျက်ရွက်တောငရဲ, ကြေးနီမြစ် ငရဲတို့၌လည်းကောင်း ခါးစပ် သည်းထန်သော ဆင်းရဲဝေဒနာကို ခံစားရလေ၏။

ဘိက္ခုတို့ .. စင်စစ် ငါဘုရားသည် ထိုငရဲဒုက္ခနှင့် စပ်လျဉ်းသော စကားကို အခြား ရဟန်း-ပုဏ္ဏားတို့ထံမှ တဆင့် ကြားရ၍ ဟောကြားတော်မူသည် မဟုတ်၊ စင်စစ် ငါဘုရား ကိုယ်တိုင် သိမြင်တွေ့ရှိပြီးသော ငရဲဒုက္ခကိုသာလျှင် ငါဘုရား ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

ဒေဝဒူတသုတ်
(သေမင်းတမန်ငါးပါး တရားတော်)
ပြီး၏။

# ခေမာထေရီ တရားတော်

ပဒုမုတ္တိုရ်ဘုရား မျှားစွာသော အမျိုးသမီးတွေက အဂ္ဂသာဝိ ခေမာ ဆုမ်းကပ်ပြီး ကာမဖြစ်ဖို့ရန် ကမ္ဘာတစ်သိန်း ပါရမီဖြည့် ဆုတောင်း ရတယ်၊ ဒါကြောင့် ကမ္ဘာတစ်သိန်း တုန်းက ပဒုမုတ္တိုရ်မြတ်စွာဘုရားပွင့်တော်မူလာတယ်၊

ပဒုမုတ္တိုရ် မြတ်စွာဘုရား ပွင့်တော်မူလာတော့ ခေမာထေရီရဲ့ အလောင်းဖြစ်တဲ့ အမျိုးသမီးက မြတ်စွာဘုရား အမှူးရှိတဲ့ သံဃာတော်များကို ဆွမ်းကပ်လို့၊ တစ်ရက်ထဲ ဆွမ်းကပ်တာ မဟုတ်ဘူး၊ (၇) ရက်လောက် ဆွမ်းကပ်တယ်၊ ဆွမ်းကပ်ပြီးတဲ့အခါကျတော့ အဲဒီနေ့မှာ ဘုရားရှင် ကိုယ်တော်မြတ်က ဘိက္ခုနီမထဲမှာ ထိပ်တန်း အကျဆုံး ဖြစ်တဲ့ ဘိက္ခုနီမ တစ်ယောက်ကို တေဒဂ် ထားတော်မူတယ်၊ အဲဒါကို ခေမာထေရီ အလောင်းက အားကျပြီးတော့ "တပည့်တော်မလဲ့ နောင်ဘုရားတစ်ဆူရဲ့ လက်ထက်မှာ ဒီဘိက္ခုနီမ ကဲ့သို့ ပညာဖက်က တက်မြက်တဲ့ ဘိက္ခုနီမ ဖြစ်ပါရစေဘုရား" လို့ ဆုတောင်းတယ်၊ ဆုတောင်းတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက နောင် ဂေါတမဗုဒ္ဓ ပွင့်တော်မူတဲ့အခါ ဖြစ်ရစ်လိမ့်မယ်လို့ ဗျာဒိတ်ပေးတော်မူခဲ့တယ်၊ အားကျစရာလေး တွေ့တော့ အားကျ သွားလိုက်တာ, ကောင်းလိုက်တာ၊ အဲသလိုနဲ့ နောက် ဘုန်းကြီးတို့ ကမ္ဘာတစ်သိန်းရဲ့ ဒီဘက်, တော်တော်ရောက်လာပြီး (၉၁)ကမ္ဘာ ထက်မှာ ဝိပဿီ မြတ်စွာဘုရား ပွင့်လာတော့, ခုတင်က ပြောတဲ့ ခေမာထေရီ အလောင်းဟာ ဘိက္ခုနီမ ပြုပြန်ရော၊ ကောင်းလိုက် တာ, သိပ်ကောင်းတာပဲ။

သုံးယောက်ပေါင်း ပါရမီဟာ အဆက်မပြတ်ဘူး, တော်တော်ကျောင်း ဆောက်လှူ ကောင်းတယ်၊ နောက် ဝိပဿီ မြတ်စွာဘုရား လက်ထက်က လွန်လာလို့ ဒီကမ္ဘာ ရောက်တဲ့ အခါ ကောဏာဂုမ်ဘုရား လက်ထက်ကျတော့လဲ ဒီ အမျိုးသမီးပဲ၊ သူ့ရဲ့အဖော် ခနဥ္စာနီရဲ့ အလောင်း အမျိုးသမီး အဖော် တစ်ယောက်လဲပါတယ်၊ သုမေဓာဆိုတဲ့ အမျိုးသမီးအဖော် တစ်ယောက်လဲ ပါတယ်၊ သူတို့ သုံးယောက် စုပေါင်းပြီးတော့ ကျောင်းဆောက်ကြတယ်၊ တော်တော် ထိပ်တန်းကျတဲ့ အမျိုးသမီး တွေပေါ့၊ ကျောင်းဆောက်ပြီးတဲ့အခါ "သံဃဿ ဒေမ" လို့ ဆိုပြီးတော့ သံဃာများအား လှူကြတယ်။

ကိကိမင်းကြီး သမီး (၇) ပေါ် အဲသလိုနဲ့ နေပြီးတော့ ကဿပ မြတ်စွာဘုရား လက်ထက် ရောက်တော့ ကိကီ ရှင်ဘုရင်ကြီး ဆိုတာက ကဿပ မြတ်စွာဘုရားရဲ့ ဥပါသကာ ဒါယကာကြီး အရင်းဆုံးဖြစ်တယ်၊ အဲဒီ ရှင်ဘုရင်ရဲ့ သမီးတော် (၇) ဦး ရှိတဲ့ အနက်က ခေမာထေရီ အလောင်းက အကြီးဆုံး သမီးတော်တစ်ပါး ဖြစ်တယ်၊ ဒါနဲ့ အားလုံး သမီးတော် (၇)ပါး စလုံးဟာလေ သူတော်ကောင်းကွေ့ညည်း ဖြစ်ပြီး ခမည်းတော်ကြီးကလဲ သူတော်ကောင်း ဖြစ်တယ်၊ ဘုရားနဲ့ အင်မတန် ရင်းနှီးတယ်၊ သူတို့တတွေကလဲ မြတ်စွာဘုရားဆီ တရားနာလို့၊ အားလုံး သူတော်ကောင်းတွေ ဖြစ်နေကြလို့။

နောက်တော့ " ဘိက္ခုနီမ ပြုပါရစေ " လို့ ခမည်းတော်ဆီ ခွင့်တောင်းကြတော့ , ခမည်းတော်က သဒ္ဓါတရား ရှိတာလဲမှန် တယ်၊ သာသနာတော် ကြည်ညိုတာလဲ မှန်တယ်၊ သံယောဇဉ် သဘောနဲ့ သမီးတော်များနဲ့ ခွဲပြီး နေရမှာတော့ သဘောတူပုံ မရဘူး၊ ဒါနဲ့ " သမီးတော်တို့ရယ် ... လူ့ဘောင်မှာ နေပြီးတော့ ကုသိုလ်များ ပြုကြတာပေါ့, သီလတွေ စောင့်ထိန်းကြတာပေါ့, ဘာဝနာကမ္မဋ္ဌာန်းတွေ စီးဖြန်းကြတာပေါ့, ဘိက္ခုနီမတော့ မပြု ကြပါနဲ့ "လို့ အဲသလို ခွင့်မပေးလို့ ဘိက္ခုနီမ မပြုကြရရှာဘူး။

သူတော်ကောင်း အဖြစ် ဘိက္ခုနီမ မပြုကြရပေမဲ့ အမျိုးသမီးညီမ အနှစ်(၂)သောင်း (၇)ဖေါ်စလုံးကလေ "ဒို့ ဘိက္ခုနီမ မပြု ရလို့ရှိယင် , အိမ်ထောင်ရက်သား မပြု တော့ပဲ သူတော်ကောင်းအဖြစ်နဲ့ ဒို့နေကြမယ်"လို့ ဆိုပြီးတော့, အဗြဟ္မစရိယသိက္ခာပုဒ်ကို စောင့်ထိန်းပြီးတော့ အနှစ်(၂)သောင်း နေခဲ့ကြတယ်၊ သိပ်တော်ကြတာပဲ၊ အဲသလိုအနေမျိုးနဲ့ နေပြီး တော့ လူ့ပြည်ရောက်လိုက် , လူ့ချမ်းသာနဲ့ နေလိုက်၊ နတ်ပြည် ရောက်လိုက် , နတ်မင်းများရဲ့ မိဖုရားတွေဖြစ်လိုက်၊ လူ့ပြည် ရောက်လိုက်, လူမင်းများရဲ့ မိဖုရားဖြစ်လိုက်၊ ဒီလို ကျင်လည်လာ ခဲ့တယ်။

ဒီလို ကျင်လည်လာပြီး, ဘုန်းကြီးတို့ရဲ့ မြတ်စွာဘုရားလက်ထက် ကျတော့ ခုတင်က ခေမာထေရီ အလောင်းဖြစ်တဲ့ အမျိုးသမီးက ပဘာဝတီတို့, ဘာတို့, မိန်းမချောများ ထွက်တဲ့ မဒ္ဒရာဇ်တိုင်းပြည် သာဂလမြို့မှာ မဒ္ဒရာဇ်မင်းကြီးရဲ့ သမီးတော် သွားဖြစ်တယ်၊ သူ့မွေး

ဖွားတဲ့ အချိန်မှာ တစ်မြို့လုံး, တစ်တိုင်းပြည်လုံး အေးချမ်းသာယာလွန်းလို့, သူ့ကို နာမည်ပေးထားတယ်လေ "ခေမာ" လို့၊ ခေမာ—ဆိုတဲ့ စကားဟာ ဘေးခပ်သိမ်းတို့ရဲ့ ငြိမ်းအေးခြင်းဆိုတဲ့ အထိမ်း အမှတ်ပဲ။

အဲဒီ"ခေမာ"ဆိုတဲ့ အမျိုးသမီးဟာ(၁၆)နှစ်ထောက် အရွယ်ရောက်တဲ့ အခါကျတော့, ဗိမ္ဗိသာရ မဟာရာဇာဆိုတာ ဟိုခေတ်တုန်းကဆိုယင်တော့ ပထမတန်းရှင်ဘုရင်ပဲ၊ရာဇဂြိုဟ်ပြည်,သာဝတ္ထိပြည်ဆိုတဲ့ ပြည်ကြီးတွေက ဂင်္ဂါယနယ်မှာ ဟိုခေတ်တုန်းက အကြီးကျယ်ဆုံး,နယ်အကျယ်ဆုံး, ဘုန်းတန်ခိုးအကြီးဆုံး, ရှင်ဘုရင်များစံမြန်းတဲ့ နေရာပေါ့၊ ဒါနဲ့ ဗိမ္ဗိသာရမင်းက တောင်းရမ်းယူလို့ မို့ ဗိမ္ဗိသာရမင်းရဲ့ မိဖုရားဖြစ်တယ်၊ ဒါ့ပြင် မိဖုရားတွေလဲ ပါလိမ့်မယ်၊သူလဲ မိဖုရားတစ်ပါး ဖြစ်ပြန်ရော၊ ဒီထိအောင် သူ့လမ်းစဉ်ကကောင်းပါတယ်။

ဒါပေမယ်လို့ ခေမာမိဖုရားက ရုပ်—အင်မတန် လှတယ်၊ အင်မတန် လှတော့ ဗိမ္ဗိသာရမင်းက မြတ်စွာဘုရားရဲ့ ဝေဠုဝန်ကျောင်းတိုက်ကြီးရဲ့ ဒကာ သောတာပန် ဖြစ်တယ်၊ခေမာမိဖုရားက အင်မတန် ရုပ်ချောတယ်၊ ကျောင်းအမ ဖြစ်လို့ မြတ်စွာဘုရားဆီ သွားပါတော့လား ဆိုတော့, မြတ်စွာဘုရားက ရုပ်ရဲ့ အပြစ်ကို ဟောတယ်လို့ သူ့နားထဲမှာ မကြာခဏ ကြားနေတယ်၊ ငါသွားယင်တော့ မြတ်စွာဘုရားက ရုပ်ရဲ့ အပြစ်တွေကို ဟောလိမ့်မယ်၊ ဟောယင်တော့ ငါ့စိတ်နဲ့ သဘောချင်း တူမှာ မဟုတ်ဘူး၊ ငါက ရုပ်ချောနေတာ၊ ရုပ်ချောတဲ့သူဟာ ချောပီးရင်း, ချောချင်ရင်း၊ ချောပီးရင်း, ချောရင်းပေါ့။

ရုပ်ချောသူဟာ ကြောက်စရာ　　တရားနဲ့ သာ မဆင်ခြင်လို့ ရှိယင်
ရုပ်ချောတဲ့သူဟာ ကြောက်စရာ
အင်မတန်ကောင်းတယ်၊ အဲဒါနဲ့ သူက ရုပ်ချောတာအကြောင်း ကြွပြီးတော့လေ, ဘုရားဆီ မသွားဘူး၊ "ဪ–ကမ္ဘာတစ်သိန်း ပါရမီဖြည့်လာတယ်နော်၊ ဘုရားတစ်ဆူ လက်ထက်တော်တုန်းက သူကိုယ်တိုင် ဘိက္ခုနီမ ပြုလာတယ်နော်၊ ကဿပဘုရားရှင် လက်ထက်ကျတော့လဲ သူကိုယ်တိုင်ဘိက္ခုနီမပြုချင်စိတ် ဖြစ်ခဲ့တယ်၊ မြတ်စွာဘုရားကို အင်မတန်ကြည်ညိုခဲ့တယ်၊ အဲသလို ဘုရားလေးဆူနဲ့ ရင်းရင်းနှီးနှီးနေပြီး လာခဲ့တဲ့ အမျိုးသမီးဟာ ယခု ဒီဘဝကျတော့ မြတ်စွာဘုရား ကျောင်းဒကာရဲ့ မိဖုရား ဖြစ်ပါလျက် မြတ်စွာဘုရားဆီ မသွားချင်လောက်အောင် ရုပ်အဆင်းက ကပ်ဖဲ့လုပ်နေပါကလား" လို့ ဘုန်းကြီး စိတ်ထဲမှာ သံဝေဂ ဖြစ်မိပါတယ်၊ ဒီတော့ ရှင်ဘုရင်ကြီးမှာ တာဝန်တစ်ခု ရှိလာတယ်၊ သူက ဘုရားကျောင်းဒကာ သောတာပန်၊ ဘုရားကို အင်မတန် ကြည်ညိုတယ်၊ သူ့မိဖုရားက ဘုရားဆီ တစ်ခေါက်မှ မရောက်ဘူး ဆိုတော့, ရှင်ဘုရင်ကြီးမှာ တာဝန် မကင်းသလို ဖြစ်လာတယ်၊ ရောက်လဲ ရောက်စေချင်တယ်၊ အတင်း သွားဖို့ တိုက်တွန်းပြန်ယင်လဲ မိဖုရား စိတ်မချမ်းသာမှာ စိုးရှာတယ်။

ကျောင်းတိုက်ဘွဲ့ ဂီတ　　အဲသလို ငဲ့ပြီးတော့ မိဖုရား သွားချင်
ရေးကြစမ်းပါ　　လောက်အောင် ဝေဠုဝန်ကျောင်းတော်
ရဲ့ သာယာပုံတွေ, ပျော်စရာကောင်းပုံတွေ ကြည့်စရာကောင်းပုံတွေ၊ အဲဒါတွေကို ဂီတရေးကောင်းတဲ့သူတွေ ခေါ်ပြီးတော့, "အမောင်တို့ ....... ဂီတကောင်းကောင်း ရေးကြ

စမ်းပါ၊ ဝေဠုဝန်ကျောင်းကို ချီးမွမ်းတဲ့ ဂီတာ ၊ ဝေဠုဝန် ကျောင်းကို ဖွဲ့တဲ့ ကျောင်းဘွဲ့ပေါ့ကွာ၊ ကျောင်းတိုက်တော်ဖွဲ့ ဂီတတွေ ရေးစမ်းပါ'' လို့ တိုက်တွန်းတယ်၊ အဲဒီလို တိုက်တွန်း တော့ ဂီတဆရာတွေက ရေးကြတယ်၊ သူတို့ ရေးပြီးတဲ့ အခါ အဆိုတော်တွေကို အဆိုခိုင်းတယ်လေ၊ ဂီတတွေက သိပ်ကောင်း တာပဲ။

ရမ္မံ ဝေဠုဝနံ ယေန, န ဒိဋ္ဌံ သုဂတာလယံ၊
န တေန နန္ဒနံ ဒိဋ္ဌံ, ဣတိ မညာမသေ မယံ။

ယေန–လူ့ဘုံဌာန, လူ့လောကဝ်, နေရသသူ့အကြင်လူသည်၊ သုဂတာလယံ-သုံးလူ့မှန်ကန်း ၊ တရားမင်း၏ ၊ သီတင်းသုံးတော် မူရာလည်း ဖြစ်ပေထသော၊ ရမ္မံ-စိတ်နှစ်လုံးကို ယူကျုံးအည်နှယ်, မေ့လျော်ဖွယ် ကောင်းထသော၊ ဝေဠုဝနံ–ပျားပိတုန်းတို့ စားသုံးရန် အသင့် ၊ ပန်းစုံပွင့်၍ ၊ လွန်တင့်သာမွန် ၊ ဝေဠုဝန် ကျောင်းတိုက်တော်ကြီးကို၊ န ဒိဋ္ဌံ – အဆင့်ဆင့်မှား ၊ ခွင့်မအား သဖြင့် ၊ မျက်ဝါး ထင်ထင် ၊ မတွေ့ မမြင်အပ်ဘူးချေ၊ တေန– ဝေဠုဝန်ခေါ် ၊ ကျောင်းတိုက်တော်ကို ၊ ဖူးမြော်ဖို့ရန် ၊ မကောင်း ကံဆိုး ၊ ထိုလူမျိုးသည်၊ နန္ဒနံ – နတ်တို့စံရာ ၊ ဝတီသာဝယ် ၊ သာယာဖြတ်မွန် ၊ နန္ဒဝန်ဥယျာဉ်ကြီးကို၊ နဒိဋ္ဌံ – မမြင်အပ်ပြား, ပမာထား၍ ၊ မခြားတမူ ၊ အလားတူပင် ဖြစ်ပါတော့သတည်း၊ မယံ– ကျောင်းတိုက်တော်ဂုဏ်, အဖုံဖုံဝယ် ၊ တော်ရုံဖေါ်ထုတ်, အကျဉ်းချုပ်တို့သည်၊ ဣတိ မညာမသေ – ဤကဲ့သို့ပင်, စိတ်အစဉ်၌ , ထင်မြင်၍သာ , နေကြပါကုန်သည် တကား။

"ဝေဠုဝန် မမြင်ဘူးသူ ဖွဲ့ရေးပုံက—"ဝေဠုဝန်ကျောင်းတိုက် နန္ဒဝန် မမြင်ဘူးသူနဲ့ တူ ကြီးက နတ်တို့စံရာ တာဝတိံသာမှာ ရှိတဲ့ နန္ဒဝန် ဥယျာဉ်ကြီးနဲ့ သိပ်တူ တာပဲ၊ ဝေဠုဝန် ကျောင်းတိုက်ကြီးဟာ သိပ် သာယာတာပဲ၊ မြတ်စွာဘုရား သီတင်းသုံးတော်မူတယ်၊ ပျားပိတုန်းတွေ စားသုံး ဖို့ရန် ပန်းမှုန့်တွေက စုံပြီးတော့ နေတယ်၊ အဲဒီ ဝေဠုဝန်ကျောင်း တိုက်ကြီးကို မမြင်ဘူးတဲ့သူဟာ ဘာနဲ့ တူသလဲလို့ ဆိုတော့ တာဝတိံသာက နန္ဒဝန်ဥယျာဉ်ကြီးကို မမြင်ဘူးတာနဲ့ အတူတူ ပါပဲတဲ့၊ ကျုံ့ပိတ်တိတော့ ဒီလိုပဲ ဖတ်နေကြပါတယ်" လို့ ဂီထ ဆရာတွေက ရေးကြတယ်။

ရမ္မံ ဝေဠုဝနံ ယေန, န ဒိဋ္ဌံ သုဂတာလယံ၊

န တေန နန္ဒနံ ဒိဋ္ဌံ, ဣတိ မညာမသေ မယံ။

ယေန-လူ့ဘုံဌာန, လူ့လောကဥ္ဇ, နေရသသူ, အကြင်လူသည်၊ သုဂတာလယံ—သုံးလူ့မှန်ကင်း, တရားမင်း၏, သီတင်းသုံးတော် မူရာလည်း ဖြစ်ပေထသော၊ ရမ္မံ—စိတ်နှလုံးကို, ယူကျုံးသည့်နှယ်, မမွှေ့လျော်ဖွယ် ကောင်းထသော၊ ဝေဠုဝနံ-ပျားပိတုန်းတို့, စား သုံးရန် အသင့်, ပန်းစုံပွင့်၍, လွန်တင့်သာမွန်, ဝေဠုဝန်ကျောင်း တိုက်တော်ကြီးကို၊ နဒိဋ္ဌံ — အဆင့်ဆင့်မှား, ခွင့် မအားသဖြင့်, မျက်ဝါးထင်ယင်, မတွေ့မမြင်အပ်ဘူးချေ။

အင်မတန် ဖူးမြော်ဖို့ကောင်းတဲ့ ဘုရားရှင် ကိုယ်တော်မြတ် သီတင်းသုံးရာ ကျောင်းတိုက်ကြီးကို သွားပြီးတော့ မဖူးတွေ့တာ ကိုက မအားလို့, ဘာကြောင့် ညာကြောင့်, ဆင်ခြေ ဆင်လက်တွေ ပေးနေကြတဲ့ ဥစ္စာကိုက အမှားကြီး မှားနေကြတာပဲလို့။

နဒိဋ္ဌံ—အဆင့်ဆင့်မှား, ခွင့်မအားသဖြင့်, မျက်ဝါးထင်ထင်, မတွေ့မြင်အပ်ဘူးခဲ့ပြီ၊ တေန—ဝေဠုဝန်ခေါ်, ကျောင်းတိုက်တော်ကို, ဖူးမျှော်ဖို့ရန်, မကောင်း ကံဆိုး, ထိုလူမျိုးသည်၊ နန္ဒနံ-နတ်တို့ဂံရာ, ဝတိံသာဝယ်, သာယာမြတ်မွန်, နန္ဒဝန် ဥယျာဉ်ကြီးကို၊ နဒိဋ္ဌ—မမြင်အပ်ပြီ, ပမာထား၍, မခြားတမူ, အလားတူပင် ဖြစ်ပါတော့၏၊ မယံ-ကျောင်းတိုက်တော်ဂုဏ်, အဖုံဖုံဝယ်, တော်ရုံ ပေါ်ထုတ်, အကျဉ်းချုပ်တို့သည်၊ ဤကို မညာမသေ—ဤကဲ့သို့ပင်, စိတ်အာရုံ၌, ထင်မြင်ရှိသာ, နေကြပါကုန်သည် တကား။

ဝိဟာယ နန္ဒနံ ဒေဝါ, ဩတရိတွာ မဟီတလံ၊
ရမ္မံ ဝေဠုဝနံ ဒိသွာ, န တပ္ပန္တိ သုဝိမှိတာ။

ဒေဝါ—ဝတိံသာ, နတ်အများတို့သည်၊ နန္ဒနံ—နတ်တိုင်းမောင်မယ်, ပျော်မွေ့ဖွယ်ဟု, တင့်တယ်သာမွန်, နန္ဒဝန်ဥယျာဉ်ကြီးကို၊ ဝိဟာယ-တရံတခါ, ပယ်စွန့်ခွါ၍၊ မဟီတလံ-ဗုဒ္ဓမြတ်စွာ, သာသနာ၏, ရောင်ဝါလျှံထွန်း, ဇမ္ဗူကျွန်းသို့၊ ဩတရိတွာ-ဘုရားဖူးတရားနာ, ကုသိုလ်ရှာဖို့, ရံခါသော်, ဆင်းလာကြကုန်သည်ရှိသော်၊ ရမ္မံ—စိတ်နှလုံးကို, ယူကျုံးသည့်နှယ်, မွေ့လျော်ဖွယ် ကောင်းလှစွာသော၊ ဝေဠုဝနံ—အရိယာ အပေါင်း, သံဃာကောင်းတို့, ကိန်းအောင်း စံပျော်, ဝေဠုဝန် ကျောင်းတိုက်တော်ကြီးကို၊ ဒိသွာ-မျက်ဝါးထင်ထင်, တွေ့မြင်သည်ရှိသော်၊ သုဝိမှိတာ—တအံ့တသြ, ပြော၍ မပြီး, ချီးမွမ်းကြကုန်လျက်၊ န တပ္ပန္တိ—ပူပန်ခပင်း, ဒေါသကင်း သဖြင့်, နေရင်းနတ်ဘုံ, မပြန်လိုပဲ ရှိကြလေကုန်ခတော့သတည်း။

**ဝေဠုဝန်မြင် မပြန်ချင်**   **တာဝတိံသာ** နတ်ပြည်မှာ နန္ဒဝန်ဥယျာဉ်ဆိုတာ အင်မတန် ပျော်စရာကောင်းတယ်၊ နတ်မောင်နှံတွေ အတူတူ နံနက်ပိုင်းတို့ ညနေပိုင်းတို့ဆိုပါတော့ပေါ့၊ နန္ဒဝန်ဥယျာဉ်ထဲ လှည့်ပြီးတော့ ပျော်ပျော်ပါးပါး နေကြတယ်, အင်မတန် ကြည်နူးစရာကောင်းတယ်၊ ဒါပေမယ်လို့ တစ်ခါတစ်လေ သူတော်ကောင်းခေတ်ခံပါတဲ့ နတ်များကလေ, နန္ဒဝန်ဥယျာဉ် စွန့်ပြီးတော့ မြတ်စွာဘုရား သီတင်းသုံးတော်မူရာဖြစ်တဲ့ ဝေဠုဝန်ကျောင်းတိုက် လာကြတယ်, ဘုရားဖူးလာကြတယ်, တရားနာ လာကြတယ်၊ အဲသလို လာတော့ ပျင်းသလားလို့ ဆိုတော့ ဘယ်ဟုတ်မလဲ၊ အရိယာ သံဃာတော်တွေသီတင်းသုံးပြီးတော့ မြတ်စွာဘုရားက တရားဟောလို့၊ အဲသလိုမြတ်စွာဘုရား သီတင်းသုံးတော်မူရာဖြစ်တဲ့ ဝေဠုဝန်ကျောင်းတိုက်ကြီး မြင်ရတော့ ပြန်တောင် မပြန်ချင်ဘူး၊ ဝမ်းမြောက် ဝမ်းသာဖြစ်ကြတယ်။

ဒေဝါ – ဝတိံစံစား, နတ်အများတို့သည်၊ နန္ဒနံ – နတ်တိုင်းမောင်မယ်, ပျော်မွေ့ဖွယ်ဟု, တင့်တယ်သာမွန်, နန္ဒဝန်ဥယျာဉ်ကြီးကို၊ ဩဟာယ – စွန့်ရုံတခါ, ပယ်စွန့်ခွါ၍၊ မဟိတလံ – ဗုဒ္ဓမြတ်စွာ, သာသနာ၏, ရောင်ဝါလုံ့ထွန်း, ဇမ္ဗူကျွန်းသို့၊ ဩတရိတွာ – ဘုရားဖူး တရားနာ, ကုသိုလ်ရှာဖို့, ရုံခါခဏ, ဆင်းလာကြသည် ရှိသော်၊ ရမ္မံ – စိတ်နှလုံးကို, ယူကျုံးသည့်နှယ်, မွေ့လျော်ဖွယ်ကောင်းသော၊ ဝေဠုဝနံ – အရိယာအပေါင်း, သံဃာကောင်းတို့, ကိန်းအောင်း စံပျော်, ဝေဠုဝန် ကျောင်းတိုက်တော် ကြီးကို၊

ဒိဿာ—မျက်ဝါးထင်ထင်, တွေ့မြင်ရသည်ရှိသော်၊ သုဝိမိုတဒ-တအော် တညြ, ပြောဖွယ်မပြီး, ချီးမွမ်းကြကုန်လျက်၊ နှ တပ္ပန္တိ—ပူပန်ခပင်း, သောကကင်းသဖြင့်, နေရင်းနတ်ထံ, မပြန်လိုပဲ ရှိကြလေကုန်တော့သတည်း။

ကမ္မဋ္ဌာန်းဟော့ ဟောမှာစိုး ဂီတတွေကိုလေ, မိဖုရားကြား လောက်တဲ့နေရာမှာ အဆိုတော်တွေက ဆိုပြနေကြတယ်၊ မိဖုရားကလဲ နားထောင်လို့၊ "တယ်ဆိုပါလား, ဝေဠုဝန် ကျောင်းတိုက်ကြီးက တယ် သာယာတယ်ဆိုပါလား"၊ သူက ဘုရားရှိလို့ မသွားချင်, ဘုရားက အသုဘကမ္မဋ္ဌာန်းတွေ ဟောမှာစိုးလို့ မသွားပဲနေတာကိုး။

ယခု ဂီတတွေ စာရေးကောင်းတွေက, ကောင်းကောင်းရေးပြီး, အဆိုတော်တွေက ကောင်းကောင်း ဆိုပြလိုက်တော့ သူ့နားထဲမှာ ကြားလို့ စိတ်ထဲမှာ ကြည်နူးလို့၊ ဝေဠုဝန်ကျောင်းတိုက်ကို ဖူးမြင်ချင်လိုက်တာ, ဝေဠုဝန်ကျောင်းတိုက်ကြီးဆီ သွားချင်လိုက်တာ၊ အဲသလို စိတ်ဖြစ်နေတုန်းမှာ ဂီတဆရာတွေက ရေးသားလိုက်ကြတာ ထပ်ပြီးတော့....

ရာဇုပဋ္ဌာန နိဗ္ဗတ္တံ, ပုဒ္ဓုပဋ္ဌာန ဘူသိတံ၊
ကော ဝတ္တာ တဿ နိဿံ, ဝနဿ ဂုဏသဥ္စယံ။

ရာဇုပဋ္ဌာန- ဘုရင်မင်းမြတ်, သမ္ဗုဒ္ဓတ်၏, မပြတ်လှူဆော်, ဘုန်းကံတော်ကြောင့်၊ နိဗ္ဗတ္တံ-ရှေးဦးမဂ္ဂ, ပဌမကာ, စရျကောင်းစွာ, ဖြစ်ပေါ်လာသော၊ ဗုဒ္ဓုပဋ္ဌာန — သုံးလူထွဋ်ထား, မြတ်ဘုရား၏, ကြီးမား ပြင့်မော်, ဘုန်းကံတော်ဖြင့်၊ ဘူသိတံ — ထပ်ရှု ပြုမြ

တန်ဆာ ဆင်အပ်သော၊ တဿဝနသာ — ဘုန်းကံ အဆက်ဆက်၊ ဥဏ်တော်စွက်၍၊ တုပက်ကဲလွန်၊ ဝေဠုဝန်ခေါ်၊ ထိုကျောင်း တိုက်တော်ကြီး၏၊ ဂုဏသဥ္စယံ — ရှိသမျှ စုဆောင်း၊ ဂုဏ်တော် အပေါင်းကို၊ နိဒဿံ — တစိုးတစိ၊ အကြွင်း မရှိရလေအောင်၊ ကော — နတ်နှင့်လူဝယ်၊ ဘယ်သူတစ်ယောက်မျှ၊ ဝတ္တာ — တကယ် ဖြစ်သမျှ၊ စနစ်ကျအောင်၊ လှစ်ဟပိုင်ပိုင်၊ ပြောပြနိုင်ပါတော့ အံ့နည်း။

ဂီတဆရာတွေက သိပ်ရေးလိုက်ကြတာ ၊ ဆိုတဲ့သူတွေကလဲ သိပ် အဆိုကောင်းတယ်၊ မိဖုရားစိတ်မှာ သိပ်စွဲသွားတယ်၊ ဒါနဲ့ မင်း တရားကြီးဆီကို "ဝေဠုဝန်ကျောင်းတိုက် အဖူးသွားပါရစေ" လို့ သံတော်ဦးတင်တော့ ရှင်ဘုရင်ကြီးက သိပ်ဝမ်းသာသွားတာပေါ့၊ ကဲလေ "သွားပါ သွားပါ၊ သွားပါ သွားပါ" လို့ ပြောရုံတင် မကဘူး၊ အခြွေအရံတွေတောင် ထည့်ပေးလိုက်ပါသေးတယ်။

ဒါပေမဲ့ မှာလိုက်သေးတယ်၊ "မြတ်စွာဘုရားတော့ ဖူးဖြစ် အောင် ဖူးခဲ့"၊ အဲဒါတော့လဲ သူ့စိတ်ထဲမှာ၊ အောင့်သက်သက် နဲ့၊ "ဘုရားမတွေ့အောင် သွားမယ်၊ ဆွမ်းခံချိန် သွားလို့ ရှိယင် ဘုရားရှိမှာ မဟုတ်ဘူး၊ အဲဒီ အချိန်ပဲ သွားမယ်" လို့ ဆိုပြီးတော့ နောက်လိုက် နောက်ပါတွေနဲ့ သွားတော့ ရှင်ဘုရင်က ပြောလိုက် တယ်၊ "မိဖုရားလေး၊ သူ့အလိုလို ဘုရားဖူးလို့ ရှိယင် ကောင်းတယ် နော်၊ ဘုရား မဖူးပဲနဲ့ များ ပြန်လာမယ်ဆိုလို့ရှိယင် ငါ့ရဲ့ အမိန့် နဲ့လေ၊ ဘုရားကို ဖူးဖြစ်အောင် ဖူးရမယ်" လို့ အဲသလို တိုးတိုး တိုးတိတ် မှာလိုက်ရှာတယ်။

အခြေအရံများစွာနဲ့ ဝေဠုဝန် ကျောင်းတိုက်ထဲ ဝင်သွားယင်ပင်, ရှေးတုန်းက သာယာတာကတော့ ပျော်စရာကောင်းတာပဲရှိမယ်ပေါ့၊ ယခု သာယာနေတာက တိတ်ဆိတ်လို့၊ သံဃာတော်တွေက, အချို့ကျောင်းတိုက်နားမှာ ကမ္မဋ္ဌာန်းထိုင်လို့၊ တချို့က သစ်ပင်အောက်မှာ တရားနှလုံးသွင်းလို့॥

ငယ်ငယ်ရွယ်ရွယ် သေမယ် မသိ။ ။ ရဟန်းတော်တစ်ပါး ဆိုလို့ ပျိုယင် အရွယ်ကလေးက ငယ်ငယ်, ရုပ်ကလေးက သပ်သပ်ပယ်ပယ်နဲ့ သစ်ပင်အောက်မှာ တရားထိုင်လို့၊ အဲဒါတောင်မှ မိဖုရားက သွားပြီးတော့ "ကိုယ်တော်လေးရယ်, ငယ်ငယ်ရွယ်ရွယ်မှာ လောကီအာရုံနဲ့ နေရပါတယ်၊ ကြီးမှ တရားတို့ ဘာတို့ လိုက်စားရပါတယ်"လို့ ပြောတော့ အရှင်မြတ်လေးက "ငယ်ငယ်ရွယ်ရွယ် သေမယ်ဆိုတာ မသိဘူးနော်၊ ကြီးမှ သေမယ်လို့လဲ ဘယ်သူကမှ တာဝန်မခံနိုင်ဘူး၊ ဒါ့ကြောင့်မို့လို့ ဘယ်အရွယ် သေသေ, အသေရဲအောင်လို့ပဲ, ဥနှယ်က ကြိုးစားနေရတာပဲ"လို့ ပြန်ပြီး တရားဟောတော်မူတယ်။

ခေမာ မိဖုရားဟာ စဉ်းစားပြီးတော့, ဒီလို ကိုယ်တော်လေး သိတင်းသုံးတာ နဲနဲကလေး, စိတ်ဓာတ်ထဲမှာပေါ့လေ, ကြည်နူးသလိုဖြစ်မှာပေါ့၊ နောက် – ကျောင်းတိုက်တွင်း ဟိုနား ဒီနားမှာ ရှောက်ပြီး ကြည့်တော့လဲ, တယ် သာယာတယ်၊ လှလှပပ ပန်းတွေ ဘာတွေနဲ့ သာယာတာမျိုးက တစ်မျိုး၊ ဒါက လောကီစိတ်ကို ဆွဲဆောင်တယ်၊ ယခုလို တောရိပ် တောင်ရိပ်ကလေးနဲ့, ဆိတ်ငြိမ်ပြီးတော့ သာယာ ကြည်နူးဖွယ်ရာ ဖြစ်နေတာက တစ်မျိုး၊ အဲဒါက

သူတော်ကောင်းစိတ်ကို ဆွဲဆောင်တယ်၊ ဒီထဲမှာ ခုတင်ကလို အရွယ်ကောင်း ကိုယ်တော်ကလေးတွေက တရားကျင့်နေတာ ဖြစ်တော့၊ သာပြီး စိတ်ကို ဆွဲဆောင်သွားတာပဲ။

ဒါနဲ့ ကျောင်းတိုက်ကြီးကို ကြည်ကြည် နူးနူးနဲ့လေ "ဘုရားရှိတော်မမူဘူး"လို့ ထင်ပြီးတော့၊ မြတ်စွာဘုရား သီတင်းသုံးတဲ့ ဂန္ဓကုဋိကို ဝင်သွားတော့ မြတ်စွာဘုရားက ဒီနေ့ ခေမာမိဖုရား လာလိမ့်မယ် ဆိုတာကို သိတော်မူလို့မို့ ဖန်ဆင်းထားတဲ့ နိမ္မိတရုပ်ကလေးက မြတ်စွာဘုရားကို ယပ်ခတ်ပြီးနေတယ်။

**၁၆ နှစ်အရွယ် , လှယဉ်ကျေးမယ်**

ဘုရား ဖန်ဆင်းတဲ့ နိမ္မိတရုပ်ဆိုတော့ လောကမှာ ရှိတဲ့ အရုပ်တွေထက် , ရုပ်အဆင်းတွေထက်တော့ အများကြီး သာတာပေါ့၊ ဝင်သွား-သွားချင်းပဲ နိမ္မိတရုပ်ကလေးကြည့်၊ ( ၁၆ ) နှစ်သမီးကလေး လှလိုက်တာ၊ လှရုံတင် မကဘူး, နူးညံ့လိုက်တာ, နုနယ်လိုက်တာ၊ နုနယ်ရုံတင် မကဘူး, ယဉ်ကျေးလိုက်တာ၊ ယဉ်ကျေးရုံတင် မကဘူး, သိမ်မွေ့လိုက်တာ, ယပ်ကလေးများခတ်လို့၊ သူ့စိတ်ထဲမှာ ကြည့်လို့ အားမရဘူး၊ ကြည့်စမ်း .. ကြည့်စမ်း။

**သူ့ကို ဘာမှ မပိုဘူး**

"ဗုဒ္ဓမြတ်စွာက ရုပ်အဆင်း အပြစ်ပြောတယ်လို့ အများက ပြောနေကြတယ်၊ ယခု ဗုဒ္ဓမြတ်စွာ အနားမှာ ယပ်ခတ်ပြီးတော့ နေတဲ့ အမျိုးသမီးက အို.... ငါကမလ , သူနဲ့များ ယှဉ်လိုက်လို့ရှိယင် ဘယ်လောက်မှ ငါမဟုတ်တော့ဘူး၊ ငါ အင်မတန်ကို ကြမ်းသွားပြီ၊ အင်မတန်ကို

ရိုင်းသွားပြီ၊ ဟိုကလေး— ယဉ်ကျေးလိုက်တာ, သိမ်မွေ့လိုက်တာ, နူးညံ့လိုက်တာ , လှလိုက်တာ၊ ငါက သူ့ကို အကုန်လုံး ဘာမှ မမှီဘူး , လှလိုက်တာ" လို့ ဆိုပြီး လှတဲ့သူကို ကြည့်ပြီးတော့, ဣဿာ မစ္ဆရိယ မဖြစ်တဲ့အပြင် , ကြည်နူးပြီးတော့ ဒီ အမျိုးသမီး ကလေးကိုကောင်း သူက ချစ်လို့၊ မြတ်စွာဘုရားကလဲ ဒီ အခြေ အနေ ရောက်အောင် ဖန်ဆင်းတော်မူလိုက်တာပဲ၊ နောက်တော့ သူချစ်နေမှန်း သိတော့, အမျိုးသမီးကလေး အသက် (၂၀)ရွယ် အခန့်လောက် နဲနဲရင့်သွားတယ်၊ ခုတင်က နုနေတာ၊ အခုနဲနဲကလေး ရင့်သွားတယ်၊ နဲနဲကလေး ရင့်သွားတာကိုလဲ သူ သတိထားလိုက် မိတယ်၊ နောက်အသက်အစိတ်လောက် တော်တော်ကို ရင့်သွားပြီ၊ နောက် သုံးဆယ်လောက်၊ နောက် ပထမအရွယ် လွန်ပြီးတော့ မဇ္ဈိမ အရွယ် လေးဆယ်လောက်၊ နောက် မဇ္ဈိမအရွယ် လွန်ပြီးတော့ ငါးဆယ်, ခြောက်ဆယ်, ခုနစ်ဆယ်။

အဲသလို အရွယ်ရောက်တော့, တဖြေးဖြေး ရင့်ရင့် ရင့်ရင့်သွား လိုက်တာ အသားအရေတွေကလဲ ရင့်လာပြီ၊ အသား အရေတွေ ကလဲ တွန့်လာပြီ၊ မျက်လုံးတွေကလဲ ဝေလာပြီ၊ သွားတွေကလဲ ကျိုးလာပြီ၊ ဒီလို အနေမျိုးနဲ့ ရှစ်ဆယ်လောက် ရောက်နေတော့ တောင်ဝှေးကလေးများနဲ့ ထောက်ထောက်ပြီးတော့ ယပ်ကလေး ကတော့ ခတ်ယက်ခတ်ယက်၊ နောက်တော့ အဲဒီ အထဲက ရှစ်ဆယ် ကိုးဆယ် ဆိုတာလို ဖြစ်တော့, တစ်ခါက ရောဂါစွဲလို့၊ ဟောဟဲ ဟောဟဲနဲ့ နေရာက, ယပ်တောင်ကလေးပါ တခါထဲ ချပြီးတော့ ဘုရားနားမှာပဲ လဲသွားတယ်။

ငြိုးငွေ့မရာ ရုပ်ခန္ဓာ "ကြော်... ဒီ ရုပ်ခန္ဓာကြီးဟာ ဘာမှ မခိုင်မြဲ ပါလား၊ ကြည့်စမ်း, ခုတင်က ရုပ်ဟာ ခု ဒီအခြေအနေထိ ရောက်လာပြီ" လို့ တစ်ခါထဲ ငြိုးငွေ့သွားတယ်၊ ရုပ်ခန္ဓာပေါ်မှာ အပြစ်မြင်၍ သူ့ ရုပ်ခန္ဓာပေါ်မှာရော အပြစ် မြင်သွားတယ်၊ အဲသလို အပြစ်မြင်တဲ့ အနေမှာ အမျိုးသမီးလေးဟာ တစ်ခါထဲ သေပြီးတော့ အလောင်းကောင်ကြီး ဖြစ်သွားတော့ သိပ် သံဝေဂ ရတယ်ကိုး၊ အဲဒီ အခါကျမှ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက... ...

အာတုရံ အသုစိံ ပူတိံ, ပဿ ခေမေ သမုဿယံ၊
ဥဂ္ဃရန္တံ ပဂ္ဃရန္တံ, ဗာလာနံ အဘိနန္ဒိတံ။

ခေမေ—ခေမာ၊ အာတုရံ- ကိုးဆယ့်ခြောက်ဖြာ, မဟာရောဂါ တို့, လွန်စွာခံခက်, နှိပ်စက်အပ်ထသော၊ အသုစိံ - အမြဲနေ့စဉ်, ဆေးသုတ်သင်လည်း,မစင်မကြယ်, ရွံစဖွယ်လည်း ကောင်းထသော၊ ပူတိံ —ဆေးကြော သုတ်သင်, တန်ဆာဆင်လည်း, အမြင်သာ ဟုတ်, အကွင်းပုပ်၍လည်း နေထသော၊ ဥဂ္ဃရန္တံ - မျက်စိ နား နှာ, အင်္ဂါရှိတိုင်း, အထက်ပိုင်းဝယ်, ရွံဖွယ်သိုးပုပ်, အန်ထုတ်၍လည်း နေထသော၊ ပဂ္ဃရန္တံ—ကျင်ကြီး ကျင်ငယ်, အသွယ်သွယ်ဟု, မဖွယ် မရာ, အဖြာဖြာကို, မှန်စွာ နေ့ ည, ယိုချ၍လည်း နေထသော၊ ဗာလာနံ - ဘဝါဘဝ, သံသာရကာ, ရာဂစရိုက်ပွား, ငမိုက်သားတို့ သည်၊ အဘိနန္ဒိတံ — ရှိရင်း ပြောင်းပြန်, မမှန်ကန်အောင်, ကြံဖန် နှစ်သက်,စွဲမက်အပ်ထသော၊ သမုဿယံ-သုံးဆယ့်နှစ်ဝ,ကောဋ္ဌာသ တို့, လုံးဝ ခိုမှီး, ဤ ကိုယ်ေ...ကြီးကို၊ ပဿ — ဉာဏ်ရောင်

လင်းသလောက်, အတွင်းရောက်အောင်, ထွင်းဖေါက်စေ၍ ကြည့်ရှုစမ်းပါလော။

အာတုရံ—ကိုးဆယ့်ခြောက်ဖြာ, ဘေးရောဂါတို့, လွန်စွာခံခက်, နှိပ်စက်အပ်ထသော၊ ယခု ခန္ဓာကိုယ်တွေကိုလေ, ကိုယ်စီကိုယ်စီလဲ ကြည့်၊ ဒီတရားကို ဘုရားရှင် ကိုယ်တော်မြတ်က ခေမာမိဖုရားကို ဟောတော်မူနေတာ၊ ဒါပေမယ်လို့, ကိုယ်စီ ကိုယ်စီလိုက်ပြီးတော့ ကိုယ့်ကိုယ်ကိုလဲ စိတ်စိုက်လိုက်ကြစမ်းပါ။

အာတုရံ—ကိုးဆယ့်ခြောက်ဖြာ, ဘေးရောဂါတို့,လွန်စွာခံခက်, နှိပ်စက်အပ်ထသော၊ ညောင်းလိုက်တာ, ကိုက်လိုက်တာ, ခဲလိုက်တာ၊ ခန္ဓာကိုယ်က နေ့စဉ်နေ့စဉ် အနှိပ်စက်ခံနေချင်ကြတယ်၊ ဆေးဝါးတွေနဲ့ ကုသနေကြရတယ်၊ ရောဂါအမျိုးမျိုးတွေက နှိပ်စက်ပြီးတော့ နေတယ်။

အာတုရံ—ကိုးဆယ့်ခြောက်ဖြာ, ဘေးရောဂါတို့, လွန်စွာခံခက်, နှိပ်စက်အပ်ထသော၊ ဒီ ခန္ဓာကိုယ်ကြီးကို အင်မတန် သာယာတယ်, အင်မတန် ချစ်တယ် ဆိုတဲ့ ခန္ဓာကိုယ်ကြီးက ဒုက္ခပေးနေပုံလေ, တွေးစေချင်လွန်းလို့။

အသုစိံ—အမြဲနေ့စဉ်, ဆေးသုတ်သင်လည်း, မစင် မကြယ်, ရွံ့စဖွယ်လည်း ကောင်းထသော၊ နာကျပ် ခံခက်ပြီးတော့ အနှိပ်စက်ခံနေရတဲ့ မကောင်းခန္ဓာကိုယ်ကြီးက တကတဲ တင့်တင့်တယ်တယ်, နှစ်သက်ဖွယ်ရာတွေများ ထွက်နေတယ် ဆိုယင်တော့, ကောင်းသားပေါ့လေ၊ အခုတော့ ဒီလိုမဟုတ်ဘူး၊ အမြဲ နေ့စဉ် နေ့တိုင်းလိုပဲ ဆေးကြော သုတ်သင်နေရတယ်၊ ရေမိုးချိုးရတယ်၊ ဘာပြုလို့ တုန်း,

ရေမိုး မချိုးယင် နံစော်လှန်းလို့၊ မဆေးကြော မသုတ်သင်ယင် နံလှန်းလို့၊ ရွံစရာကောင်းလှန်းလို့၊ အဲဒီလို ရေမိုး ချိုးပြီးတော့လဲ အမြဲ ပြုပြင်ပြီး နေရတယ်။

အပြင်သာဟုတ်, အတွင်းပုပ်   အသုစိ°—အမြဲ ဇနှစဉ်, ဆေးသုတ်သင်လည်း, မှစင်မကြယ်, ရွံစဖွယ်လည်း ကောင်းထသော၊ ပူတိ° – ဆေးကြော သုတ်သင်, တန်ဆာဆင်လည်း, အမြင်သာ ဟုတ်, အတွင်း ပုပ်၍လည်း နေထသော၊ ကဲ.... ဆေးကြော သုတ်သင် တန်ဆာဆင်တော့ကော, မွှေးကြိုင်သွားပလား ဆိုတော့ အပေါ်ရံကလေး အပေါ်ရံကလေး အမြင်ကလေးသာဟုတ်တာ၊ အတွင်းကတော့ ပုပ်ယက်ပုပ်ယက်ပဲ၊ ပါးစပ်ကို ကြည့်လိုက်လို့ ရှိယင်, ပါးစပ်ကလဲ ပုပ်ယက်ပဲ၊ မျက်စိကို ကြည့်လို့ရှိယင်, မျက်စိကလဲ ပုပ်ယက်ပဲ၊ ဆံပင်တွေကို ကြည့်လိုက်စမ်းပါ။ ဆံပင်တွေကလဲ နံယက်ပဲ၊ အားလုံး ခန္ဓာကိုယ် တစ်ကိုယ်လုံး ကတော့ မပြောနဲ့တော့, ပုပ်ပြီးနေတာချည်းပဲ။

ပူတိ° – အမြဲနေ့စဉ်, ဆေးသုတ်သင်လည်း, အမြင်သာဟုတ်, အတွင်းပုပ်၍လည်း နေထသော၊ ဥဂ္ဃရန္တံ —မျက်စိ နား နှာ, အင်္ဂါ ရှိတိုင်း , အဘက်ပိုင်းဝယ် , ရွံဖွယ် သိုးပုပ်, အန်ထုတ်၍လည်း နေထသော၊ အပြင်ဖက်က မကောင်းတာတွေကို အန်ထုတ်ပြီးတော့ နေတာပဲ ရှိသေးတယ်၊ အတွင်းမှာ ပုပ်နေတဲ့ဥစ္စာ ဒီအတိုင်းထားလို့ မပြီးသေးဘူး၊ တာ ထဲ အန်ထွက်ပြီးတော့ နေတယ်၊ အထက်ပိုင်းကနေပြီး မျက်စိကြည့်လိုက်ပြန်တော့ မျက်တိုင်း မျက်ဝတ်တွေ, နားကြည့်လိုက်ပြန်တော့ နားချေးတွေ၊ နှာခေါင်း ကြည့်လိုက်ပြန်

တော့ နှာခေါင်းတွေ၊ ပါးစပ် ကြည့်လိုက်ပြန်တော့လဲ ပါးစပ်က သွားရည် သွားရံတွေ၊ အဲဒါတွေအကုန်လုံး အနံ့ထုတ်ပြီး နေတာပဲ။

ဥဒ္ဓံပါဒတလာ-မျက်စိ နား နှာ, အင်္ဂါရှိတိုင်း, အထက်ပိုင်းဝယ်, ရှုံ့ဖွယ် သိုးပုပ်, အနံ့ထုတ်၍လည်းနေထသော၊ အဓော ကေသမတ္ထကာ-ကျင်ကြီး ကျင်ငယ်, အသွယ်သွယ် ဟု, မဖွယ်မရာ, အဖြာဖြာကို, မှန်စွာ နေ့ ည, ယိုချ၍လည်း နေထသော၊ အောက်ပိုင်းကလဲ ကျင်ကြီးတွေ, ကျင်ငယ်တွေ, တစ်ခုမှ အကောင်းမထွက်လာဘူး၊ မကောင်းတာ တွေပဲထွက်တယ်၊ အထက်ပိုင်းကလဲ မကောင်းတာတွေပဲထွက်တယ်၊ ဒါလေ အင်မတန် နှစ်သက်တယ်တဲ့၊ အင်မတန် ချစ်တယ်တဲ့၊ ကိုယ့်ကိုယ်ကို အင်မတန် သာယာတယ်တဲ့၊ ဒီလို ဖြစ်နေကြတယ်၊ သူဖြစ်ပုံကဖြင့် တစ်ခုမှ မကောင်းဘူး၊ မြတ်စွာဘုရားက ဝေမာ မိဖုရားကို ဟောမေမဲ့ အားလုံး စိတ်စိုက်လိုက်စမ်းပါနော်။

အာတုရံ အသုစိံ ပူတိံ, ပဿ ခေမေ သမုဿယံ၊
ဥဒ္ဓံပါဒံ အဓောသီသံ, ဗာလာနံ အဘိနန္ဒိတံ။

ဒီ ခန္ဓာကိုယ်ကြီးကို ပထမတော့ ကိုယ့်ကိုယ်တိုင် စွဲမက်တယ်၊ ''အံမယ်လေ....ငါ့ကိုယ်လေး လှအောင်, ငါ့ကိုယ်လေး ဝအောင်, ငါ့ကိုယ်လေး သာယာဖွယ်ရှိအောင်'' နဲ့ ကိုယ့်ကိုယ်ကို အင်မတန် နှစ်သက်တယ်၊ တခါ ဘေးပတ်ဝန်းကျင်က နှစ်သက်ကြပြန်တယ်၊ ''အံမလေး.... ဘယ်သူဟာ လှလိုက်တာ'' တဲ့၊ ဘယ်လိုလူတွေက နှစ်သက်ဘုန်း ဆိုတော့, ဗာလမျှားတွေက ဒီလို ခန္ဓာကိုယ်တွေ နှစ်သက်ပြီးတော့ ရာဂ စရိုက်တွေ ကိုးပွားလာတဲ့ ငမိုက်သား

သတ္တဝါတွေကိုး၊ ရာဂစရိုက်တွေ တိုးပွားလာတဲ့ သတ္တဝါတွေ ဖြစ်တယ်၊ ရာဂစရိုက်ဘေ့ာ ပါလာတော့ “မျက်ခုန်းက ဘယ်လို့ မျက်လုံးက ဘယ်လို၊ ဆံပင်က ဘယ်လို၊ နှာခေါင်း ဘယ်လို၊ လက်က ဘယ်လို၊” အဲသလို စသည်အားဖြင့် ကြံဖန် နှစ်သက်နေကြတယ်၊ ဒီလောက် နှစ်သက်စရာကောင်းတဲ့ ခန္ဓာကိုယ် မဟုတ်ဘူး

ဗာလာန်-ဘဝါဘဝ, သံသာရက, ရာဂစရိုက်ပွား, ငပိုက်သား တို့သည်၊ အဘိနန္ဒိတံ–ရှိရင်း ပြောင်းပြန်, ဒမ္မကမှောင်, ကြံဖန် နှစ်သက်, စွဲမက်အပ်ထသော၊ သာယာဘွယ် – သိုးသယ် နှစ်ဝ, ကောဋ္ဌာသတို့, လုံးဝ ခိုင်း, ကျကိုယ်ကြီးကို၊ ဒီခန္ဓာကိုယ်ကြီးထဲ ဘာတွေရှိသလဲ, တစ်ခုစီတစ်ခုစီ ခွဲကြည့်လိုက်စမ်းပါ,ဆံပင်ရှိတယ်၊ ကောင်းပြီ, အဲဒီ ဆံပင်က ဆံပင်မလျှော်ပဲနဲ့ မဆေးကြောပဲနဲ့ ဆီတွေဘာတွေ မလိမ်းပဲနဲ့ ကောင်းရဲ့လား, မကောင်းပါဘူး၊ မဆေးပဲ ထားလိုက်လို့, မလျှော်ပဲ ထားလိုက်လို့ရှိယင် , နံကို နံတယ်၊ ဆီမလိမ်းပဲ ထားလိုက်လို့ရှိယင် ခြောက်ခြသွေ့ခြသွေ့ကြီးကို ဖြစ်နေကတယ်၊ ကြည့်လို့လဲ မကောင်းဘူး , ရှုပ်ထွေးနေတာပဲ မွေးညှင်း, ခြေသဲ, လက်သဲတွေ အရုပ်ဆိုးလိုက်တာ၊ လက်သဲလေး လိုးပြီးတော့ ဘေးနား ပြစ်လိုက်စမ်းပါ၊ ထမင်းပွဲထဲများ ရောက်မှာ စိုးလိုက်တာ၊ ဆံပင်လေး ထမင်းပွဲထဲ ရောက်မှာ စိုးလိုက်တာ၊ မိမိရဲ့ အိပ်ရာနားမှာ ခြေသဲ,လက်သဲတွေ ရောက်မှာ စိုးလိုက်တာ၊ ဒီခန္ဓာ ကိုယ်ကြီးက ဒီလို အစားတွေ၊ အင်မတန် လုပါတယ်ဆိုတဲ့ သွား လေးတွေ, တော်တော်ကြာ ကျိုးသွားပလား ဆိုယင် “လွှင့် ပစ်လိုက် , လွှင့်ပစ်လိုက်”၊ ဘယ်မှ သိမ်းမထားချင်ဘူး, အဲသလို

ပေါ့လေ၊ သုံးဆယ့်နှစ်ဝ ကောဋ္ဌာသတွေ စုနေတဲ့ ခန္ဓာကိုယ်ကြီးကို တကယ့် ဘဝါဘဝ သံသာရက ရာဂစရိုက်ဟာနဲ့ ကြီးပွားလာတဲ့ သတ္တဝါတွေမို့ နှစ်သက်နေကြတယ်၊အမှန် နှစ်သက်စရာ မကောင်း ပါဘူး။

ခွေးတွေ၊ ကျီးတွေ ချောက်နေရမှာ

ဘုန်းကြီး ပြောသားတယ်၊ သင်ထားတယ်လေ၊ ကိုရင်ကလေးတွေ ကိုရင်ဝတ်ခါနီးမှာ " ငါ၏ ကိုယ်မှာ၊ နံ့သာမွှေးကြိုင်၊ မြဲခိုင်လှစွာ၊ ကောင်းရာ မမြင်၊ ဆံပင်ဆာရှိ၊ အမွှေးရှိ၍၊ ရှိသည့်လက်သည်း၊ ခြေအသည်းနှင့်၊ သွားလည်း တစ်ထွေ၊အရေတစ်မျိုး၊ ညှီနံ့ဆိုးသည့်၊ အသိုးအပုပ်ချည်းပါတကား" လို့၊ ဒီ ခန္ဓာကိုယ်ထဲမှာ မွှေးကြိုင်တာ ဘာတစ်ခုမှ မရှိဘူး၊ အတွင်းထဲမှာလဲ မရှိဘူး၊ အတွင်းက သာပြီး ဆိုးသေးတယ်၊ အကယ်၍မျာ: အတွင်းမှာရှိတဲ့ ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းတွေဟာ အပြင်ဖက်မျာ: လှန်ပြီးတော့ ထားလိုက်လို့ ရှိယင်တော့ ခွေးတွေ၊ ကျီးတွေ ချောက်ပြီးတော့ တစ်ခါထဲနေရမှာပဲ၊ ဘယ်သူမှ ငြိမ်ငြိမ် မနေနိုင်ပါဘူးတဲ့၊ ခွေးတွေကလေ အတွင်းဖက်မှ အဆုပ်တို့၊ အသဲတို့၊ အူတို့၊ နှလုံးတို့၊ စားမလို့ လာမယ်တဲ့၊ ကျီးတွေက လာမတဲ့။

အဲဒီ အတွင်းကရှိတဲ့ ပစ္စည်းတွေကို အပြင်ဖက်သာ ထုတ်ပြလိုက်လို့ရှိယင် ကျီးတွေ ခွေးတွေကို ချောက်ပြီးတော့ နေရတာနဲ့ အားလပ်မှာ မဟုတ်ဘူးတဲ့၊ ဒီလောက် ခန္ဓာကိုယ်ရဲ့ အတွင်းက ဆိုးဝါးတယ်တဲ့၊ ငါ့ကိုယ်ထဲမှာ ကောင်းတာ ဘာမှ မရှိဘူး၊ ဒီပြင်သူတွေရဲ့ ကိုယ်ထဲမှာလဲ မရှိဘူး၊ အားလုံးသော သတ္တဝါတွေရဲ့

ကိုယ်ထဲမှာလဲ ဘာမှ ကောင်းတာ မရှိပါဘူး၊ အားလုံး မွေးကြိုဝ်တာလဲ မရှိဘူး၊ မြဲခိုင်တာလဲ ဘာမှမရှိဘူး၊ တကယ်တော့ "အသိုးအပုပ်တွေ မကောင်းဘာတွေသာ ရှုပ်ပြီးတော့ နေတာပဲ" လို့၊ အဲဒီလို အသုဘကမ္မဋ္ဌာန်းကို ကြာက်နေတဲ့ ခေမာမိဖုရားကို မတင့်တယ်တဲ့ ခန္ဓာကိုယ်ကြီးလို့ ဆိုတဲ့ဥစ္စာကို ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဟောပြတော်မူတယ်။

**တောင်ထိပ် ဥပမာ** တောင်ထိပ် ဥပမာ စဉ်းစားကြမို့၊ တဖြေးဖြေး တက်တဲ့ တောင်အပေါ် မတက်နိုင်တဲ့သူကို တောင်ပေါ် တက်နိုင်တဲ့သူက တွဲပြီးတော့ ခေါ်သွားလို့ တောင်ထိပ်ပေါ် ရောက်သွားတော့ အမြင်တွေကောင်းလို့ သာယာတာတွေ မြင်ရသလိုပဲလေ၊ ခေမာမိဖုရားကလဲ တောက်မအောက်မှာ မောပြီးတော့နေလို့ အထက်မတက်နိုင်တဲ့သူလိုပဲ၊ အဲဒါ ဘုရားရှင် ကိုယ်တော်မြတ်က သွီးကလေးကို ဆွဲပြီးတော့ တွဲတင်နေသလို တဖြေးဖြေးကလေး၊ ပထမတော့ နိမ္မိတရုပ်ကလေးကို ဖန်ဆင်းလို့ နေတယ်၊ သူ သာယာနေ တဲ့ဥစ္စာကို သာယာမှု ပျောက်သွားအောင် ရုပ်ရှင်ပြနေသလိုပေါ့၊ တစ်ခါထဲ အိုပြီးတော့ပြလိုက်၊ နာပြီးတော့ ပြလိုက်၊ သေပြီးတော့ ပြလိုက်၊ တောင်ပေါ် တင်နေတာ တောင်ပေါ် တင်နေတာ။

**ခေမာမိဖုရား သဘောတာပန်တည်** နောက်တော့ ခေမာမိဖုရားက ရုပ်အဆင်းပေါ်မှာ သံဝေဂတွေ ဖြစ်လို့ "မကောင်းပါပဲလား" လို့ သဘောပေါက်လာတဲ့ အချိန်မှာ တောင်ပေါ် ရောက်အောင် မြှင့်တင်လိုက်တာ တခါထဲ တောင်ထိပ်

ဒေါ ရောက်သွားသလိုပဲ၊ အကုန်လုံး အမြင်တွေ မှန်လို့၊ ခေမာ မိဖုရား သောတာပန် တည်သွားပါတယ်၊ အမြင်က သိပ်ကောင်း သွားတာပဲ၊ ဒါနဲ့ ခေမာမိဖုရား သောတာပန်တည်တော့ ဘုရားကို ကျေးဇူး တင်လိုက်တာလေ၊ '' အံမယ်လေး ...ငါ မှားလိုက်တာ၊ မြတ်စွာဘုရားက အသုဘ တရားတွေဟောတယ်ဆိုပြီးတော့ ဘုရားဆီ မလာချင်ဘူးဆိုတဲ့ ငါ ၊ မှားလိုက်တာ၊ ယခု ငါ အသိဉာဏ်တွေ ကြီးလိုက်တာ၊ ဘုရားကို တောင်းပန်မယ်'' ဆိုပြီးတော့

နမော တေ သဗ္ဗဒဿာဝိ, နမော တေ ကရုဏာ.ကရ၊
နမော တေ တိဏ္ဏသံသာရ, နမော တေ အမတံဒဒ။

သဗ္ဗဒဿာဝိ – ကြွင်းမဲ့ဉာဏ်၊ အလုံးစုံကို၊ အကုန်အစင်၊ သိမြင် ပေတတ်၊ အို...ရှင်တော်မြတ်ဘုရား၊တေ-ရှင်တော်မြတ်ဘုရား အား၊ နမော–လက်စုံမိုး၍၊ ရှိခိုးပါ၏ ဘုရား၊ မြတ်စွာဘုရားက သိလိုက် တာ၊ ဩော်....ကြည့်စမ်း ၊ ငါ့စိတ်ကို သိလိုက်တာ၊ ဒီမြင် ဒီပြစ် အသိတွေဆိုတာတော့ မပြောနဲ့တော့၊ ငါ့စိတ်ကို သိလိုက်တာ၊ သိလွန်းလို့ကိုလေ၊ ငါ့စိတ်ကို ပြုံးလာအောင် မြတ်စွာဘုရားက ဟောလိုက်တာ၊ အံမယ်လေး ..တပည့်တော် မလာမိတဲ့ အပြစ်တွေ ဝန်ချပြီး ရှိခိုး ကန်တော့ပါတယ် ဘုရား။

ကရုဏာကရ – မဟာကရုဏာ၏ တည်ရာ ၊ ဖြစ်တော်မူပါ ပေသော မြတ်စွာဘုရား၊ တေ – ရှင်တော်မြတ် ဘုရားအား၊ နမော – ဂုဏ်တော် ကျေးဇူးတော်တွေကို မှန်း၍ ၊ အကြိမ်ကြိမ် ရှိခိုးပါ၏ဘုရား၊ မြတ်စွာဘုရားက သိပ် ကရုဏာတော် ကြီးမား

တာပဲ၊ ကြည့်စမ်း, တကယ်တော့နော "ခေမာ မိဖုရားက ငါ့ဆီ မလာတာ ငါ ဘာဂရုစိုက်ရမှာတုန်း" ဒီလို မဟုတ်ဘူး၊ ငါ့ဆီ မလာချင်တဲ့သူကို ငါ့ဆီ လာချင်အောင်, ရောက်လာတဲ့အခါကျ တော့ နမိတ္တရုပ်တွေ ဖန်ဆင်းလို့၊ နိမိတ္တရုပ် ဖန်ဆင်းပြီးတော့ အိုပြတယ်, နာပြတယ်, သေပြတယ်၊ တရားတော်တွေ ဟောလိုက်တာ, ငါ့အပေါ်မှာ ကရုဏာကြီးမားတော်မူလိုက်တာ။

ကရုဏာကရ – မဟာကရုဏာတော်၏ တည်ရာ ဖြစ်တော်မူပါ ပေသော မြတ်စွာဘုရား၊ တေ–ရှင်တော်မြတ်ဘုရားအား၊ နမော– အကြိမ်ကြိမ် ဦးနှိမ်ချ၍, ရှိခိုး ကန်တော့ပါ၏ ဘုရား၊ တိဏ္ဏ သံသာရ–သံသရာ ရေအယဉ်မှ, ကိုယ်တော်တိုင် လွန်မြောက်တော် မူပြီးသော မြတ်စွာဘုရား၊ မြတ်စွာဘုရားက လေ ကိုယ်တော်တိုင် သံသရာ ရေအယဉ်မှ လွန်မြောက်ပြီးတော့, ငါ့ကို သံသရာ ရေအယဉ်က လွန်မြောက်အောင် ကယ်ပြီး သောင်တော်မူလိုက် တာ, ကောင်းလိုက်တာ၊ "တိဏ္ဏသံသာရ – သံသရာ ရေအယဉ်မှ ကိုယ်တော်တိုင် လွန်မြောက်တော်မူပြီးသော မြတ်စွာဘုရား၊ တေ– ရှင်တော်မြတ်ဘုရားအား၊ နမော – ဦးနှိမ်ချ၍, ရှိခိုးကန်တော့ ပါ၏ ဘုရား"လို့၊ အဲဒီလို ထပ်ခါထပ်ခါ သူ ရှိခိုးတယ်၊ ဝမ်းသာ လွန်းလို့ ရှိခိုးတာ၊ တစ်ခါထဲ သူ့အပြစ်တွေ ဝန်ချပြီးတော့ ရှိခိုးတယ်။

အမတံဒဒ – မအို မသေ, အမြဲနေရာ, ခေမာသောင်ကမ်း, နိဗ္ဗာန်နန်းကို, ပို့ပေးတော်မူတတ်သော မြတ်စွာဘုရား၊ တေ– ရှင်တော်မြတ်ဘုရားအား၊ နမော–မလာမိခဲ့တဲ့ မိုက်ပြစ်တွေ ကျေ အောင်, အကြိမ်ကြိမ် ဦးနှိမ်ချ၍, ရှိခိုး ကန်တော့ပါသည် ဘုရား။

မိဖုရားလဲ အဲဒီလို ကန်တော့ပြီးတော့လ, ခေမာ မိဖုရား မဖြစ်ချင်တော့ နန်းတော်ကို အခြံအရံနဲ့ တကွ ပြန်သွားတယ်၊

ပြန်သွားတော့ ခေမာမိဖုရား ကျောင်းတော် လာတဲ့အခါတုန်းက စိတ်မနာ စိတ်ထားတွေကို ပြန်ကြည့်လိုက်စမ်း၊ "မိဖုရားလဲ ဖြစ်ချင်တယ်၊ လှလဲ လှချင်တယ်၊ အလှတို့ရဲ့ ဘုရင် ဖြစ်ချင်တယ်၊ မိဖုရား ဘဝက နဲနဲမှ မလျှော့ချင်ဘူး"၊ ယခု ကျောင်းတော်ကနေ တစ်နာရီလောက် ဆိုပါတော့ပေါ့၊ တရား တွေလို့ ပြန်သွားတော့ မိဖုရား မဖြစ်ချင်တော့ဘူး၊ လှတာကိုလဲ မလိုချင်တော့ဘူး၊ ဒါနဲ့ ရှင်ဘုရင့်သိ ဝင်ပြီးတော့ "အရှင် မင်းမြတ်.... အရှင်မင်းမြတ် ခွင့်ပြုလို့ရှိယင် နှမတော် ဘိက္ခုနီမ ပြုပါရစေ"လို့၊ အဲသလို သံတော်ဦး တင်တော့, ရှင်ဘုရင်ကြီးက လေ သူ့ရဲ့ အနေအထား, ဝမ်းသာပြီး မျက်နှာနေ မျက်နှာထား ကြည့်ပြီး, တရားရလာပြီလို့ ဆိုပြီးတော့, မတ်တတ်ထ လက်အုပ်ချီ ပြီးတော့ "အာ... ပြုပါပြုပါ၊ ဘိက္ခုနီမ ပြုပါ"ဆိုပြီးတော့ အခြံ အရံ များစွာနှင့် တကွ ကျောင်းတော်လိုက်ပို့ပြီး ဘိက္ခုနီမ ပြုပေး တယ်၊ နောက် (၁၅) ရက်လောက် ကျတော့ တရားတွေ ဘာတွေ ဆက်ပြီး အားထုတ်လို့ တရားထူးရပြီး ရဟန္တာမကြီး ဖြစ်သွားပါ တယ်၊ ပထမတုန်းက သူ ဆုပန်ခဲ့တဲ့အတိုင်းပဲ, ဘိက္ခုနီမတွေထဲမှာ ပညာဖက်က ထိပ်တန်းအကျဆုံး ဧတဒဂ်ရ, ပညာဓိက ဖြစ်တဲ့ ဘိက္ခုနီမ ဖြစ်သွားတယ်တဲ့။

ဒီတော့ ဘုန်းကြီးတို့လေ, သံသရာကြီးက ခေမာ မိဖုရားရဲ့ သွားလမ်းကို ကြည့်စမ်းပါ၊ နောက်ဆုံး အချိန်မှာ ဗိမ္ဗိသာရမင်း တို့လို ကျောင်းဒကာနဲ့ မတွေ့လို့ရှိယင် မိဖုရားရဲ့ အဖြစ်ဟာ

ဝမ်းနဲ့စရာ မကောင်းပေဘူးလား၊ ယခုတော့, ကျောင်းဒကာနဲ့လဲ တွေ့တယ်၊ မြတ်စွာဘုရားနဲ့လဲ တွေ့ရလို့မို့ သူ့ရဲ့ ရုပ်အဆင်းတွေ့ သာယာနေတဲ့ဥစ္စာဟာ ပျောက်ပြီးတော့ ရဟန္တာမကြီး ဖြစ်ရထယ် ဆိုတာက သံသရာမှာ အသွားကောင်းလွန်းလို့, အတွေ့ကောင်း လွန်းလို့, အတွေ့ရတော်လွန်းလို့၊ သံသရာက လမ်းဖြောင့်ပြီးတော့ နိဗ္ဗာန်ထိ ရောက်သွားပါတယ်။

နိဗ္ဗာန်ကိုသာ ရည်ရွယ်ပါ။ ။ဒီလိုမဟုတ်ပဲနဲ့ သာမန်ပုဂ္ဂိုလ်တွေ ဆိုလို့ရှိယင် ယောကျ်ား ဖြစ်ဖြစ်, မိန်းမ ဖြစ်ဖြစ်, ဘုန်းကြီး ဖြစ်ဖြစ်, သီလရှင် ဆရာတွေပဲ ဖြစ်ဖြစ် အမှတ်တမဲ့နဲ့သာ သွားကြမယ် ဆိုလို့ရှိယင် ဘုန်းကြီးတို့ အတွေ့ ကောင်းမှာ မဟုတ်ဘူးနော်, (သံသရာမှာ)၊ ဒီတော့ ခုဘဝကလေး သံသရာထဲမှာ လယ်ရဦးမဲ့ ခရီးတွေ ကြည့်ပြီးတော့ "ငါဆရာ ဖြစ်ယင်လဲ ဆရာကောင်း, ဆရာသူတော်ကောင်း, စိတ်ကောင်း နှလုံးကောင်း ရှိသူ ဖြစ်စေရမယ်၊ တပည့် ဖြစ်ပြန်ယင်လဲ တပည့် သူတော်ကောင်း, စိတ်ကောင်း နှလုံးကောင်းသူ ဖြစ်စေရမယ်၊ ဒကာ—ဒကာမ ဖြစ်ယင်လဲ ဒကာ—ဒကာမကောင်း, ဒကာ ဒကာမ သူတော်ကောင်း, ဆရာသမားရဲ့ စကားတွေ နားထောင်တဲ့ သူတော် ကောင်း ဖြစ်စေရမယ်၊ အဲဒီလို ဖြစ်မှသာလျှင် သံသရာက လွတ် တော့မယ်၊ ဒီလို မဟုတ်လို့ ရှိယင်ဖြင့် သံသရာထဲ ကျင်လည်ပြီး "ငါ့, [illegible], ပြိတ္တာ" ဆိုတဲ့ ဘဝထဲက ဘယ်တော့မှ မလွတ်ပဲ ကြွတွေ ပင်လယ်ဝေနေမှာပဲလို့ တွေးပြီး, ဘယ်ကိုစွမျိုးမသို့ "ငါ သူတော်ကောင်းချည်းပဲ ဖြစ်ပြီးတော့ ပါရမီ ဖြစ်ရာ ဖြစ်ကြောင်း

ဖြစ်တဲ့ ဒါန– သီလ– ဘာဝနာစတဲ့ ကုသိုလ်ဟူသမျှဟာ လောကီကြီးပွားရေး၊ လောကီချမ်းသာရေးဘက် မရည်ရွယ်ပဲနဲ့၊ နိဗ္ဗာန်တရားကိုသာ ဆုတောင်းပြီးတော့၊ နိဗ္ဗာန်ရောက်ကြောင်းချည်းပဲ ဖြစ်စေရမယ်'' လို့ အဲဒီလို နှလုံးသွင်းရမယ်။

## ပါရမီ တိုးအောင် ကြိုးစားမည်

သံသာရမှာ သာမညေန, န မုစ္စေယျ တဟိံ တဟိံ၊
ဂတိံ ဂတိံ ဘဥ္ဇနတ္တာပိ, သဥ္စယသာမိ ပါရမိံ။

တဟိံ တဟိံ–တွေ့ကြ ဆုံကြ, ဘုံဘဝဝယ်, ကြုံရလေတောင်း, သောင်းပြောင်း အာရုံ, အဖုံဖုံ၌၊ သာမညေန–သူများနဲ့တူ, သူ့မှု မပျက်, သူ့ထက်မသာ, လိမ္မာဟန်မျှ, စံမပြလောက်သေးပါမူကား၊ သံသာရမှာ–မဟာမြစ်ဟေ့, လျှာကုဋေဖြင့်, ရှာဖွေမှန်းဆ, ဂဏန်းပြဖို့, နှမ်းမျှ မလွယ်, တကယ်မှန်စွာ, မကြုံသာသည့်, သံသရာခရီး, ကန္တာရကြီးက၊ န မုစ္စေယျ – ဘုန်းစ ကံချွန်, သမ္ဘာမှန်ရှိ, တံခွန်ဆောက်ကိုင်, မလွန်မြောက်နိုင်သေးရာ၊ အမုတ္တတ္တာ–လွတ်ဖို့ဝေးရဲ့, မတွေးနဲ့တော့, ဘေးတကွဲစုံ, အဖုံဖုံဇာတ်ပြား၍, ထပ်မနား အပါယ်ခရီး၌, တလည်ထည်း လည်နေရမည့် အရေးကြောင့်၊ ဂတိံ ဂတိံ – ဒေဝမနုဿ, နိရယနှင့်, ပေတ တိရစ္ဆာန်, လားရန် အရှိ, ငါးဌာန်သော ဂတိကို၊ ဘဥ္ဇနတ္တာပိ–ကောင်းရာမြန်းလင့်, စခန်းသင့်လည်း, ငြိမ်းဖြင့် တက်ပြီး, ငြိမ်းဖျက်နည်းသို့, ဖျက်ဆီးလွန်မြောက်, နိဗ္ဗာန်ရောက်ဖို့ အကျိုးငှါ၊ ပါရမိံ–နိဗ္ဗာန်နန်းခွင်, စခန်းဝင်ဖို့, လမ်းစဉ်အကျ, ဒါနစသည်, ပါရမီအကျိုး, ကောင်းမှုမျိုးကို၊ သဥ္စယသာမိ–

တမြင့်ထဲမြင့်, ဆင့်ကဲထင့်ဖို့, အသင့်မကွာ, ချင့်စာတိုးပွား,တစ်မျိုးအားဖြင့်, ကြိုးစား ဖြည့်ကျင့်ပါစေတော့မည် ဘုရား။

နိဗ္ဗာန်မြန်မြန်ရောက်လေကောင်းလေ    ဒီတရားကို ပြန်ပြီးတော့ စဉ်းစားကြစမ်းပါ၊ " ခေမာ မိဖုရား " ဆိုတာ ပထမတန်း ပုဂ္ဂိုလ်ပဲ၊ ဒါပေမယ်လို့ သံသရာထဲက တသမ်းလုံး ဖြောင့်လာပေမဲ့ နောက်ဆုံး ဘဝကျတော့ ဘုရားအဆူဆူနဲ့ အင်မတန် ရင်းနှီးပြီးတော့ လာခဲ့တဲ့ အမျိုးသမီးဟာ နောက်ဆုံးဘဝမှာ ဘုရားဆီ မသွားချင်ပါဘူးလို့ ဘုရားကို ကပ်ဖဲ့လုပ်ပြီးတော့ ဒီလို နေလိုက်သေးတယ်နော်၊ ဒါနဲ့ ဗိမ္ဗိသာရမင်း တည်းဟူသော သူတော်ကောင်းနဲ့ တွေ့ရတဲ့ အတွက် , သူတော်ကောင်းမှီခိုရတဲ့ အတွက်,ဘုရားကျောင်းတော်ရောက်တော့ မြတ်စွာဘုရား၊ ကိုယ်တော်မြတ်က နိမ္မိတရုပ်တွေ ဖန်ဆင်းမပြခင်တုန်းက သူဟာ စိတ်တစ်မျိုး"မိဖုရား ဖြစ်ချင်တယ်, လှချင်တယ်" နိမ္မိတရုပ် ဖန်ဆင်းပြပြီး တရားဟောတဲ့အခါကျတော့ လှချင်တာလဲ ပျောက်သွားတယ်၊ မိဖုရား ဖြစ်ချင်တာလဲ ပျောယ်သွားတယ်၊ တစ်ခါထဲ မိဖုရားရော, လှချင်တာရော ပျောက်ပြီးသကာလ,ဒီရုပ်နာမ် ဒီ ခန္ဓာကိုယ်ကြီးကို အပြစ်မြင်ပြီးတော့, ရုပ် နာမ် ခပ်သိမ်းအေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို မြန်မြန်ကြီး ရောက်လေကောင်းလေပဲလို့ သဘောပေါက်ပြီး သကာလ "မိဖုရားအဖြစ်ကို ခွင့်လွှတ်ပါ" လို့ ခွင့်တောင်းပြီးတော့ တစ်ခါထဲ ဘိက္ခုနီမ ပြုသွားတယ်။

သူတော်ကောင်းပီပီ အဲဒီ အသွားတွေကို ကြည့်ပြီးတော့ "မိမိ ကိုယ်စီကြိုးစား တို့လဲ သံသရာထဲမှာ ယခုလို နိဗ္ဗာန် မှန်းမျှော်နိုင်တဲ့ ဘုရားသာသနာနဲ့ တွေ့လို့ သာ နိဗ္ဗာန်အကြောင်းကို ကြားရတယ်၊ နိဗ္ဗာန်အကြောင်းကို ကြားရလို့ နိဗ္ဗာန်ရောက်သွားတဲ့ ပုဂ္ဂိုလ်တွေရဲ့ အကြောင်းကိုလဲ သိရတယ်၊ ငါတို့လဲပဲ အမှတ်တမဲ့သာ နေမယ်ဆိုလို့ရှိယင် သံသရာထဲက လွတ်ဖို့ဝေးပါရဲ့၊ အပါယ်လေးပါးမှာ တယကာရ ကြာပြီးတော့ သံသရာကြီးမှာ မျောနေကြရဦးမှာပဲ၊ ဒါကြောင့်မို့ သံသရာထဲက မြန်မြန်လွတ်အောင်, မလွတ်ခင် သူတော်ကောင်းတွေနဲ့ တွေ့ပြီး ပါရမီတွေ ဖြည့်နိုင်အောင်, နောက်ဆုံးကျတော့လဲ ခရီးထော : မနေအောင်, ရှောရှောရှူရှူနဲ့ မဂ်ဖိုလ်နိဗ္ဗာန် ပေးနိုင်တဲ့ ပုဂ္ဂိုလ်နဲ့ တွေ့လို့ရှိယင် မဂ်ဖိုလ်နိဗ္ဗာန်ကို မြန်မြန်ကြီးရအောင် ကြိုးစားမယ်" လို့ အဲသလို နှစ်လုံးသွင်းပြီးသကာလ, နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားကို အမျိုးသားကောင်း, အမျိုးသမီးကောင်း ရဟန်းကောင်း, ဆရာကောင်း, သူတော်ကောင်း, သီလရှင်ကောင်း ပီပီနဲ့ ကိုယ်စီ ကိုယ်င ကြိုးစား၍ သတိထားလျက် အားထုတ်နိုင်ကြစေကုန်သတည်း။

သာဓု....သာဓု..သာဓု....။

ခေမာထေရီ တရားတော်

ပြီးပြီ။

# ဓါရဏာပရိတ်ပါဠိတော်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

(မြတ်စွာဘုရား၏ အာဝေဏိကဂုဏ်တော် ၁၈ ပါး)

၁။ ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

၂။ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံဉာဏံ။ (အပ္ပဋိဟတဂုဏ်တော်၃ပါး)

၃။ ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။ (ပုဗ္ဗင်္ဂမဂုဏ်တော် ၃ ပါး)

၄။ ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဆန္ဒဿ ဟာနိ၊ နတ္ထိ ဓမ္မဒေသနာယ ဟာနိ၊ နတ္ထိ ဝီရိယဿ ဟာနိ၊ နတ္ထိ ဝိပဿနာယ ဟာနိ၊ နတ္ထိ သမာဓိဿ ဟာနိ၊ နတ္ထိ ဝိမုတ္တိယာ ဟာနိ။ (အဟာနိယ ဂုဏ်တော် ၆ ပါး)

၅။ ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဒဝါ၊ နတ္ထိ ရဝါ၊ နတ္ထိအဖုဋ္ဋံ၊ နတ္ထိ ဝေဂါယိတတ္တံ၊ နတ္ထိ အဗျာဝဋမနော၊ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ၊ ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နမော၊ နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။ (ဝိသေသ ဂုဏ်တော် ၆ ပါး)

၆။ နတ္ထိ တထာဂတဿ ကာယဒုစ္စရိတံ၊ နတ္ထိ တထာဂတဿ ဝစီဒုစ္စရိတံ၊ နတ္ထိ တထာဂတဿ မနောဒုစ္စရိတံ၊ နတ္ထိ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ၊ နတ္ထိ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ၊ နတ္ထိ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ၊ ဣမံ ဓာရဏံ အမိတံ အသမံ သဗ္ဗသတ္တာနံ တာဏံ လေဏံ သံသာရဘယဘီတာနံ အဂ္ဂံ မဟာတေဇံ။

၇။ ဣမံ အာနန္ဒ ဓာရဏပရိတ္တံ ဓာရေဟိ ဝါစေဟိ ပရိပုစ္ဆာဟိ၊ တဿ ကာယေ ဝိသံ န ကမေယျ၊ ဥဒကေ န လဂ္ဂေယျ၊ အဂ္ဂိ န ဍဟေယျ၊ နာနာဘယဝိကေား၊ န ဧကဟာရကော၊ န ဒွိဟာရကော၊ န တိဟာရကော၊ န စတုဟာရကော၊ န ဥမ္မတ္တကော၊ န မူဠှကော၊ မနုဿေဟိ အမနုဿေဟိ န ဟိံသကော။

၈။ တံ ဓာရဏပရိတ္တံ ယထာ ကတမေ၊ ဇာလော မဟာဇာလော၊ ဇာလိတ္တေ မဟာဇာလိတ္တေ၊ ပုဂ္ဂေ မဟာပုဂ္ဂေ သမ္ပတ္တေ မဟာသမ္ပတ္တေ၊ ဘူတင်္ဂမိ တမင်္ဂလံ၊ ဣမံ ခေါ ပနာနန္ဒ ဓာရဏပရိတ္တံ သတ္တသတ္တဟိ သမ္မာသမ္ဗုဒ္ဓကောဋီဟိ ဘာသိတံ၊ ဝတ္တေ အဝတ္တေ၊ ဂန္ဓေ အဂန္ဓေ၊ နောမေ အနောမေ၊ သေဝေ အသေဝေ၊ ကာယေ အကာယေ၊ ဓာရဏေ အဓာရဏေ၊ ဣလ္လိ မိလ္လိ၊ တိလ္လိ မိလ္လိ၊ ယောရုက္ခေ မဟာယောရုက္ခေ၊ ဘူတင်္ဂမိ တမင်္ဂလံ။

၉။ ဣမံ ခေါ ပနာနန္ဒ ဓာရဏပရိတ္တံ နဝ နဝုတိယာ သမ္မာသမ္ဗုဒ္ဓကောဋီဟိ ဘာသိတံ၊ ဒိဋ္ဌိလာ ဒဏ္ဍိလာ မန္တိလာ ရောဂိလာ ခရလာ ဒုဿိလာ၊ ဧတေန သစ္စဝဇ္ဇေန သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

## ဓာရဏပရိတ် နိဿယ

၁။ ဗုဒ္ဓါနံ-ဘုရားရှင်တို့၏၊ ဇီဝိတဿ-အသက်၏၊ အန္တရာယော-ဘေးအန္တရာယ်ကို၊ ကေနစိ — တစ်စုံတစ်ယောက်သော သူသည်၊ ကာတုံ-ပြုခြင်းငှါ၊ န သက္ကာ-မတတ်နိုင်၊ တထာ-ထို့အတူ၊ မေ-ငါ့အား၊ ဟောတု—ဖြစ်ပါစေသတည်း။

၂။ ဘဂဝတော ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော၊ ဗုဒ္ဓဿ-မြတ်စွာဘုရားအား၊ အတီတံသေ- လွန်လေပြီးသောအဖို့၌၊ အပ္ပဋိဟတံ ဉာဏံ- အပိတ်အပင် အဆီးအတားမရှိသော ဉာဏ်တော်သည်၊ ဟောတိ — ဖြစ်၏၊ ဘဂဝတော— ဘုန်းတော် ခြောက်ပါးရှိတော်မူသော၊ ဗုဒ္ဓဿ — မြတ်စွာဘုရားအား၊ အနာဂတံသေ — အနာဂတ်အဖို့၌၊ အပ္ပဋိဟတံ ဉာဏံ— အပိတ်အပင် အဆီးအတား မရှိသော ဉာဏ်တော်သည်၊ ဟောတိ — ဖြစ်၏၊ ဘဂဝတော — ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော၊ ဗုဒ္ဓဿ- မြတ်စွာဘုရားအား၊ ပစ္စုပ္ပန္နံသေ- မျက်မှောက်ဖြစ်သော အဖို့၌၊ အပ္ပဋိဟတံ ဉာဏံ—သည်၊ ဟောတိ— ဖြစ်၏။

၃။ တိဟိ-သုံးပါးကုန ်သော၊ ဂုဏေဟိ ဝေမှုဟိ-ဂုဏ်ကျေးဇူးတော်တို့နှင့်၊ သမန္နာဂတဿ-ပြည့်စုံတော်မူသော၊ ဘဂဝတော — ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော၊ ဗုဒ္ဓဿ-မြတ်စွာဘုရား၏၊ သဗ္ဗံ-အလုံးစုံသော၊ ကာယကမ္မံ-ကိုယ်ဖြင့် ပြုအပ်သော ကာယကံသည်၊ ဉာဏပုဗ္ဗင်္ဂမံ-ဉာဏ်တော်လျှင်ရှေ့သွားရှိသည်၊ ဉာဏာနုပရိဝတ္တံ-ဉာဏ်တော်သို့ အစဉ်လိုက်သည်၊ ဟောတိ-ဖြစ်၏၊ သဗ္ဗံ— အလုံးစုံသော၊ ဝစီကမ္မံ- နှုတ်ဖြင့်ပြုအပ်သော ဝစီကံသည်၊ ဉာဏပုဗ္ဗင်္ဂမံ- သည်၊ ဉာဏာနုပရိဝတ္တံ- ဉာဏ်တော်သို့ အစဉ်လိုက်သည်၊ ဟောတိ-ဖြစ်၏၊ သဗ္ဗံ—အလုံးစုံသော၊ မနောကမ္မံ- စိတ်ဖြင့် ပြုအပ်သော မနောကံသည်၊ ဉာဏပုဗ္ဗင်္ဂမံ — သည်၊ ဉာဏာနု ပရိဝတ္တံ-ဉာဏ်တော်နောက်သို့ အစဉ်လိုက်သည်၊ ဟောတိ—ဖြစ်၏။

၄။ ဆဟိ — ခြောက်ပါးကုန်သော၊ ဂုဏေဟိ ဓမ္မေဟိ - ဂုဏ်ကျေးဇူးတော်တို့နှင့်၊ သမန္နာဂတဿ - ပြည့်စုံတော်မူသော၊ ဘဂဝတော — ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော၊ ဗုဒ္ဓဿ- မြတ်စွာဘုရား၏၊ ဆန္ဒဿ—သတ္တဝါတို့၏ အကျိုးစီးပွားကို လိုလားသော ဆန္ဒတော်၏၊ ဟာနိ-ဆုတ်ယုတ်ခြင်းသည်၊ နတ္ထိ-မရှိ၊ ဓမ္မဒေသနာယ-တရားတော်ကိုဟောပြောခြင်း၏၊ဟာနိ-ဆုတ်ယုတ်ခြင်းသည်၊ နတ္ထိ-မရှိ၊ ဝီရိယဿ-သူတပါး၏အကျိုးကို ဆောင်ရွက်လိုသော ဝီရိယတော်၏၊ ဟာနိ—ဆုတ်ယုတ်ခြင်းသည်၊ နတ္ထိ—မရှိ၊ ဝိပဿနာယ-ရုပ်နာမ်ဓမ္မ သင်္ခါရကို အနိစ္စစသော လက္ခဏာသုံးပါးဖြင့် ဝိပဿနာရှုမှု၏၊ ဟာနိ— ဆုတ်ယုတ်ခြင်းသည်၊ နတ္ထိ— မရှိ၊ သမာဓိဿ- စိတ်ထားတည်ဘိ, သမာဓိတော်၏၊ ဟာနိ- ဆုတ်ယုတ်

ခြင်းသည်၊ နတ္ထိ-မရှိ၊ ဝိမုတ္တိယာ- အရဟတ္တဖိုလ်ကို ဝင်စားတော်မူခြင်း၏၊ ဟာနိ-ဆုတ်ယုတ်ခြင်းသည်၊ နတ္ထိ-မရှိ။

၅။ ဒွါဒသဟိ- တစ်ဆယ့်နှစ်ပါးကုန်သော၊ ဣမေဟိ ဓမ္မေဟိ-ဤ ဂုဏ်တော် ကျေးဇူးတော်တို့နှင့်၊ သမန္နာဂတဿ- ပြည့်စုံတော်မူသော၊ ဘဂဝတော - ဘုန်းတော်ခြောက်ပါး ရှိတော်မူသော၊ ဗုဒ္ဓဿ- မြတ်စွာဘုရား၏၊ ဒဝါ- ရယ်မြူးလို၍ ပြောဆိုခြင်းသည်၊ နတ္ထိ-မရှိ၊ ရဝါ-သတိလွတ်ကင်း၊ ချွတ်ယွင်းသဖြင့် ပြောဆိုခြင်းသည်၊ နတ္ထိ-မရှိ၊ အဖုဋ္ဌံ-ဉာဏ်တော်ဖြင့် မတွေ့ မထိ မသိအပ်သော တရားသည်၊ နတ္ထိ-မရှိ၊ ဝေဂါယိတတ္တံ-ဉာဏ်ဖြင့် မဆင်မခြင် အဆောတလျင် ပြုမူသည်၊ နတ္ထိ- မရှိ၊ အဗျာဝဋမနော- သူများအတွက် ကြောင့်ကြမဲ့ စိတ်နှလုံးတော်သည်၊ နတ္ထိ-မရှိ၊ အပ္ပဋိသင်္ခါနုပေက္ခာ-ဉာဏ်ဖြင့် မဆင်မခြင် လျစ်လျူရှုမှုသည်၊ နတ္ထိ-မရှိ။

အဋ္ဌာရသဟိ-တစ်ဆယ့်ရှစ်ပါးကုန်သော၊ ဣမေဟိ ဓမ္မေဟိ-ဤ ဂုဏ်ကျေးဇူးတော်တို့နှင့်၊ သမန္နာဂတဿ - ပြည့်စုံတော်မူသော၊ ဘဂဝတော - ဘုန်းတော်ခြောက်ပါး ရှိတော်မူသော၊ ဗုဒ္ဓဿ - မြတ်စွာဘုရားအား၊ နမော-ရှိခိုးပါ၏၊ သတ္တန္နံ- ခုနစ်ဆူကုန်သော၊ သမ္မာသမ္ဗုဒ္ဓါနံ- ဝိပဿီ, သိခီ, ဝေဿဘူ, ကကုသန်, ကောဏာဂုံ, ကဿပ, ဂေါတမဟူသော ဘုရားရှင်တို့အား၊ နမော-ရှိခိုးပါ၏။

၆။ တထာဂတဿ-ဝိပဿီ အစရှိသော ရှေးဘုရားရှင်တို့ကဲ့သို့ လာခြင်း ကောင်းတော်မူသော မြတ်စွာဘုရား၏၊ ကာယဒုစ္စရိတံ-ကိုယ်ဖြင့် ပြုမှု ကာယဒုစရိုက်စုသည်၊ နတ္ထိ - မရှိ၊ တထာဂတဿ-မြတ်စွာဘုရား၏၊ ဝစီဒုစ္စရိတံ-နှုတ်ဖြင့်ဖြောမှု, ဝစီဒုစရိုက်စုသည်၊

နတ္ထိ-မရှိ၊ တထာဂတဿ-မြတ်စွာဘုရား၏၊ မနောဒုစ္စရိတံ-စိတ်ဖြင့် ကြံမှု, မနောဒုစရိုက်စုသည်၊ နတ္ထိ- မရှိ၊ အတီတံသေ- လွန်လေပြီး သော အဖို့၌၊ ဘဂဝတော-ဘုန်းတော်ကြီးသော၊ ဗုဒ္ဓဿ မြတ်စွာ ဘုရား၏၊ ပဋိဟတံဉာဏံ-ပိတ်ပင် ဆီးတားခြင်းရှိသော ဉာဏ်တော် သည်၊ နတ္ထိ-မရှိ၊ အနာဂတံသေ-အနာဂတ် အဖို့၌၊ ဘဂဝတော- ဘုန်းတော်ကြီးသော၊ ဗုဒ္ဓဿ- မြတ်စွာဘုရား၏၊ ပဋိဟတံ ဉာဏံ- သည်၊ နတ္ထိ-မရှိ၊ ဗုဒ္ဓဿ - မြတ်စွာဘုရား၏၊ သဗ္ဗံ- အလုံးစုံသော၊ ကာယကမ္မံ-ကိုယ်ဖြင့် ပြုအပ်သော ကာယကံသည်၊ ဉာဏာပုဗ္ဗင်္ဂမံ- ဉာဏ်တော်လျှင် ရှေ့သွားမရှိခြင်းသည်၊ နတ္ထိ- မရှိ၊ ဉာဏံ - ဉာဏ် တော်သို့၊ နာနုပရိဝတ္တံ-အစဉ်မလိုက်ခြင်းသည်၊ နတ္ထိ-မရှိ၊ ဗုဒ္ဓဿ- မြတ်စွာဘုရား၏၊သဗ္ဗံ-အလုံးစုံသော၊ ဝစီကမ္မံ-နှုတ်ဖြင့်ပြုအပ်သော ဝစီကံသည်၊ ဉာဏာပုဗ္ဗင်္ဂမံ- သည်၊ နတ္ထိ-မရှိ၊ ဉာဏံ-ဉာဏ်တော်သို့၊ နာနုပရိဝတ္တံ- အစဉ်မလိုက်ခြင်းသည်၊ နတ္ထိ-မရှိ၊ ဗုဒ္ဓဿ- မြတ်စွာ ဘုရား၏၊ သဗ္ဗံ- အလုံးစုံသော၊ မနောကမ္မံ- စိတ်ဖြင့် ပြုအပ်သော မနောကံသည်၊ ဉာဏာပုဗ္ဗင်္ဂမံ-သည်၊ နတ္ထိ-မရှိ၊ ဉာဏံ-ဉာဏ်တော် သို့၊ နာနုပရိဝတ္တံ-အစဉ်မလိုက်ခြင်းသည်၊ နတ္ထိ။

ဤမျှ ဓာရဏံ-ဆောင်ထားအပ်သော ဤဓာရဏပရိတ်တော်သည်၊ အမိတံ- မည်သည့်အရာနှင့်မျှ မနှိုင်းယှဉ်အပ်၊ အသမံ - မည်သည့် အရာနှင့်မျှ တူတော်မမူ၊ သဗ္ဗသတ္တာနံ - ခပ်သိမ်းသော သတ္တဝါ တို့၏၊ တာဏံ-ခိုမှီ အားထား, ကိုးစားရာလည်း ဖြစ်၏၊ လေဏံ- ပုန်းအောင်း လည်းလျောင်းရာသည်း ဖြစ်၏၊ သံသာရ ဘယဘီတာ နံ - သံသရာဘေးအမျိုးမျိုးကို ကြောက်ရွံ့သော သူတို့၏၊ အဂ္ဂံ -

အမြတ်ဆုံးဖြစ်တော်မူသော၊ ပရိတ္တံ — အရံအတား ဖြစ်၏၊ မဟာတေဇံ-ကြီးမားသော တန်ခိုးရှိန်စော်, အာနုဘော်ရှိသော၊ ပရိတ္တံ— အတား ဖြစ်၏။

၇။ အာနန္ဒ - ချစ်သား အာနန္ဒာ၊ ဣမံ ဓာရဏ ပရိတ္တံ— တန်ခိုးတေဇော် အာနုဘော် ကြီးမြတ်သော ဤဓာရဏပရိတ်တော်ကို၊ ဓာရေဟိ-နှုတ်တက်ရအောင် ဆောင်လော၊ ဝါစေဟိ-ဉာဏ်ဖြင့် မှတ်သားလော၊ ပရိပုစ္ဆာဟိ— အဖန်ဖန် မေးမြန်း ဆင်ခြင်လော၊ တဿ — ထိုသို့ အာဂုမ်နှုတ်တက် ဆောင်ရွက် မှတ်သား မေးမြန်း ဆင်ခြင်သော သူ၏၊ ကာယေ- ကိုယ်၌၊ ဝိသံ- မြွေ နဂါး စသည်တို့၏ အဆိပ်သည်၊ န ကမေယျ—မကျရောက်ရာ၊ ဥဒကေ - ရေ၌၊ နလဂ္ဂေယျ- မငြိတွယ် မနစ်မွန်းရာ၊ အဂ္ဂိ—မီးသည်၊ န ဍဟေယျ— မလောင်ကျွမ်းရာ၊ နာနာဘယဝိကော - အထူးထူး အပြားပြား များစွာသော ဘေးရန်တို့သည် မထိ မရောက်နိုင်ရာ၊ န ဧကဟာရကော—တစ်စုံတစ်ယောက်သော သူမျှ တစ်ရက် မကောင်းကြံသောသူလည်း မကြံနိုင်ရာ၊ န ဒွိဟာရကော- နှစ်ရက် မကောင်းကြံသောသူသည်လည်း မကြံနိုင်ရာ၊ န တိဟာရကော— သုံးရက် မကောင်းကြံသော သူလည်း မကြံနိုင်ရာ၊ န စတုဟာရကော — လေးရက် မကောင်းကြံသော သူသည်လည်း မကြံနိုင်ရာ၊ န ဥမ္မတ္တကံ- ရူးသွပ်ပျံ့လွင့်ခြင်းလည်း မဖြစ်နိုင်ရာ၊ န မူဠှကံ - တွေဝေ မိုက်မဲသော အနာလည်း မဖြစ်နိုင်ရာ၊ မနုဿေဟိ — လူတို့သည်လည်းကောင်း၊ အမနုဿေဟိ-ဘီလူးတို့သည်လည်းကောင်း၊ န ဟိံသကာ-မညှဉ်းဆဲ မဖျက်ဆီး မနှိပ်စက်နိုင်ရာ။

ဂ။ တံခါရဏပရိတ္တံ– ထိုဓာရဏ ပရိတ်တော်သည်၊ ယထာ ကတမံ-အဘယ်နည်း၊ ဇာလော-စကြာဝဠာ ကမ္ဘာတစ်ဘောင်းကို လောင်ကျွမ်းစေသော နေခုနစ်စင်း၏ အပူရှိန်အစော်ကဲ့သို့ ဘေးရန် အပေါင်းကို လောင်ကျွမ်း ပယ်ဖျောက်နိုင်သည့် တန်ခိုးရှိန်စော် အာနုဘော်ရှိ၏၊ မဟာဇာလော – နတ် သိကြား နဂါး ဂဠုန် ကုမ္ဘဏ် ဘီလူး ရက္ခိုသ် အစရှိသူတို့၏ နှောက်ရှက်မှု ဘေးရန်ကို တားဆီးနိုင်သော သံကွန်ချာနှင့်တူသော တန်ခိုးရှိန်စော်အာနုဘော် ရှိပါပေ၏၊ ဇာလိဂတ္တာ – ရေ မီး သူခိုး , မွေခံဆိုးနှင့် , မင်းဆိုး အပြား , ငါးပါးရန်စွယ်, အန္တရာယ် အပေါင်းကိုလည်း ပယ်ရှား တားဖြစ်နိုင်ပါပေ၏၊ မဟာဇာလိဂတ္တာ-ရောဂန္တရ သတ္ထန္တရ ဒုဗ္ဘိက္ခန္တရ လုံးဝ မပြတ် နှိပ်စက်တတ်သည့် သုံးရပ်သော ကပ်တို့မှ ကင်းလွတ်စေနိုင်ပါ ပေ၏၊ ပုဂ္ဂေ – အမိဝမ်းတွင်း, စွဲရင်း သန္ဓေ, တည်နေစဉ်မှ, ဆွံ့အ နားပင်း, ရူးသွပ်ခြင်းနှင့်, စိတ်လွင့် ဝေဒနာ ဘေးရောဂါတို့မှ လွတ်စေနိုင်ပါပေ၏၊ မဟာပုဂ္ဂေ – သစ်ပင် တောင်ကြား, ချောက်ကမ်းပါးမှ, ကျ၍ သော်လည်း မသေနိုင်ရာ၊ သမ္ဘဝေ – ရပြီးသော စည်းစိမ်ချမ်းသာ ရတနာရွှေငွေ ဆန်ရေဥစ္စာ ပေါင်း များစွာကိုလည်း ကြီးကျယ် ဖွံ့ဖြိုး ပွားတိုးစေနိုင်ပါပေ၏၊ ဘူတင်္ဂမိ – ဟုတ်မှန်သောအားဖြင့်၊ တမင်္ဂလံ – အဘိုက်ပျောက်၍ အလင်းရောက်နိုင်ပါပေ၏။

အာနန္ဒ - ချစ်သား အာနန္ဒာ၊ ဓါပန– စင်စစ် ဧကန် အမှန် အားဖြင့်၊ ဣမံ ဓာရဏပရိတ္တံ – ဤဓာရဏပရိတ်တော်ကို၊ သတ္တ သတ္တတိ သမ္မာသမ္ဗုဒ္ဓကောဋိယော – ခုနစ်ဆယ့် ခုနစ်ကုဋေ တွက်ရေ

များဖြင့် ဘုရားရှင်တို့သည်၊ ဘာသိတံ – ကရုဏာနှိုးဆော်, မေတ္တာတော်ဖြင့်, ဟောဖော်ကြူးသီ မိန့်မြွက်တော်မူအပ်လေပြီ။

ဝဏ္ဏော – များမြတ်ဖွင့်ဖြိုး ကောင်းမြတ်သော အကျိုးနှင့် ယှဉ်ပါပေ၏၊ အဝဏ္ဏော – မဖွင့် မဖြိုး မကောင်းသော အကျိုးနှင့် မယှဉ်ပါ၊ ဂန္ဓဝေ – မွှေးပျံ့သင်းထုံ ကောင်းမြတ်သော ရနံ့စုံကို ဆောင်ပါပေ၏၊ အဂန္ဓဝေ – မမွှေးကြူ မကောင်းသော ရနံ့စုံကို မဆောင်ယူပါ၊ နောမေ – နှလုံး စိတ်ဝမ်း အေးချမ်းသော သဘောကို ဆောင်ပါပေ၏၊ အနောမေ – နှစ်လုံးစိတ်ပူ မအေးချမ်းသော သဘောကို မဆောင်ယူပါ၊ သေဝေ – သူတော် သူမြတ် ယှဉ်စပ်အတူ တွဲယူပေါင်းဖက် နှစ်သက်ရပေ၏၊ အသေဝေ - သူတော်မဟုတ် သူယုတ်တို့နှင့် မပေါင်း မသင်း မယှဉ်မတွဲ မမှီပဲရပါ၊ ကာယေ – ကျန်းမာဖြိုးဝေ အနေကျကျ ကောင်းမြတ်သော ကိုယ်ကာယ ရှိပါပေ၏၊ အကာယေ – မဖြိုးမဝေ အနေမကျ ကြုံလှီသော ကိုယ်ကာယကို မဖြစ်စေပါ၊ ဓာရဏေ – ကုသိုလ်ကောင်းမှု အစုစုကို ပြုလုပ်မပြတ် ကောင်းကျိုးကိုသာဆောင်တတ်ပါပေ၏၊ အဓာရဏေ - အကုသိုလ်စု မကောင်းမှုကို မပြုလုပ်ပေ မဆောင်ယူစေပါ၊ ဣလ္လိ – လွန်စွာ နှစ်သက် မကောင်းမြတ်သော အိပ်မက်ကိုသာ မြင်မက်ရပေ၏။

မိလ္လိ – မနှစ်မသက် ကြောက်မက်ဖွယ်သော အိပ်မက်ကို မမြင်မက်ပါ၊ တိလ္လိ – ရွှေပြေးအတိတ် ကောင်းသောနိမိတ်ကိုသာ မြင်တွေ့ရာ၏၊ မိလ္လိ – မကောင်းသော အတိတ် ရွှေပြေးနိမိတ်ကို မတွေ့မြင်ရပါ၊ ယောရုက္ခေ – သေပြီးသစ်ပင်ပြန်ရှင်စေနိုင်ပါ၏၊ မဟာယောရုက္ခေ – ရှင်ဆဲ သစ်ပင် စိမ်းလန်းရှင်၍ စည်ပင်အမြန် တိုး၍ ရှင်သန်ပါ၏၊

ဘုတင်္ဂမို — ဟုတ်ဘိုင်း မှန်စွာ အသေအချာအားဖြင့်၊ တမင်္ဂလံ — အမှောင်ခွင်း၍ အလင်းကို ဆောင်နိုင်ပါပေ၏။

၉။ အာနန္ဒ — ချစ်သား အာနန္ဒာ၊ ခေါ်ပန — စင်စစ်အားဖြင့်၊ ဣမံ ဓာရဏပရိတ္တံ — ဤ ဓာရဏပရိတ်တော်ကို၊ နဝ နဝုတိယာ သမ္မာသမ္ဗုဒ္ဓကောဋိဟိ — ကိုးဆယ့် ကိုးကုဋေ တွက်ရေ များဖြင့် ဘုရားရှင်တို့သည်၊ ဘာသိတံ — ဟောကြားအပ်ပါ၏ ရှာသွန်းဖြိုး၍ အကျိုး မြော်ကာ ဟောတော်မူအပ်ပါပေပြီ၊ ဗိုဠ္ဌလာ — ကိုယ့်ပေါ် ကောန် မကောင်း ကြံသည့် ရန်ပာန် အပေါင်း မကောင်းသော အကြံ အစည်ကို သိနိုင်ပါပေ၏၊ ဒဏ္ဍိလာ — ဒုတ်ဒါး စသား လက်နက် များကို ရှောင်ရှားလေဘိ မထိမရောက်စေနိုင်ပါ၊ မန္တိလာ-ဂါထာ မန္တရား အင်းအိုင်များတို့ စွမ်းအားအဟုန် ထက်မြက်နိုင်ပေကုန်၏၊ ရောဂိလာ — အန္တရာယ်ဆိုး ရောဂါမျိုးကို ပယ်ချိုးအောင်ကာ ကင်း စင်နိုင်ပါပေ၏၊ ခရလာ — ကြမ်းတမ်း ခက်မာ ဘေးရောဂါကို ကိုယ်မှာ မရောက် လွှင့်ပျောက်စေနိုင်ပေ၏၊ ဒုဋ္ဌိလာ — ကြိုးတုပ် ထိတ်ခတ်, နှိပ်ကွပ် မရှောင်, အနှောင်, ဟူသမျှ, မုချ ချက်ချင်း, လွှတ်ကင်းစေနိုင်ပေ၏၊ ဧတေန သစ္စဝဇ္ဇေန — မှန်ကန်လှစွာ, ဤ ဝစီ သစ္စာစကားကြောင့်၊ သဗ္ဗဒါ — အခါခပ်သိမ်း၊ တေ — သင့်အား၊ သောတ္ထိ — ဘေးရန် ကင်းကွာ, ကျန်းမာ ချမ်းသာ ခြင်းသည် ဟောတု — မုချပုံသေ ဖြစ်ပါစေသတည်း။

ဓာရဏပရိတ် နိဿယ ပြီး ပြီ။

# နိဒါန်းအစနေ သိပါစေ

**နမော တေ သဗ္ဗ ဒဿာဝီ, နမော တေ ကရုဏာကရ၊**
**နမော တေ တိဏ္ဏ သံသာရာ, နမော တေ အမတံ ဒဒ။**

ဘုန်းကြီးတို့ရဲ့ ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကားရာ အရပ်ဒေသတွေမှာ ဗောဓိပင်စိုက်ခြင်း၊ ပန်း နံ့သာ ဆီမီး အသီးသီးတို့ဖြင့် ပူဇော်ခြင်း၊ ဟောဒီလို ကဆုန်လပြည့်နေမှာဆိုရင် ညောင်ရေသွန်းပွဲတော်များကို စည်ကား သိုက်မြိုက်စွာ ဆင်နွှဲ ကျင်းပပြီးတော့ ပူဇော်ခြင်း ပြုကြတယ်၊ ဗုဒ္ဓ သာသနာဝင်တွေဟာ ဗောဓိပင်နဲ့ စပ်လျဉ်းပြီးတော့ ရနိုင်သမျှသော ကုသိုလ်ကောင်းမှုတွေကို အထူးတလီ ပြုလုပ်ပြီး ရယူနေကြတာပါပဲ။

ကုသိုလ်ရအောင် ပြုလုပ်နေကြတယ် ဆိုတာလောက် ကိုတော့ အားလုံးလောက်နီးနီးက သဘောပေါက်ပြီး ဖြစ်ကြပါတယ်၊ ဗောဓိပင်နဲ့ စပ်လျဉ်းပြီး သိသင့်သိထိုက်တဲ့ အချက်အလက်တွေကို သိထားကြဖို့ ကောင်းတယ်၊ အဲဒါကြောင့် ဟောဒီ မန္တလေးမြို့ ချမ်းမြ အောင်စည် (မဟာစည်) သာသနာ့ရိပ်သာ အတွင်း အရှေ့မြောက်ဒေါင့်မှာ ရှစ်မျက်နှာ အခိုင်အမာအုဋ်တို့ဖြင့် ပြုလုပ်ထားသော မိဘများနှင့် ဒေါက်တာ ဦးတင်အေး အား ရည်စူး၍ ရန်ကုန်မြို့ ပါရမီရိပ်သာမှ ဒေါ်နုနုဝေ ၏ အလှူဒါနပလ္လင်မှာ ၁၃၅၀ - ပြည့်နှစ်၊

(က)

ကဆုန်လပြည့်၊ (   -   -၇၀ ) စနေနေ့၌ ဗောဓိပင်စိုက်သည့် ပူဇော်ခြင်းမင်္ဂလာ အခုကြုံလေတာမို့ အလှန်စုံစွာ ဗပါလင့်ကစား သိသင့်သမျှတော့ မေတ္တာဖြင့် ဖွင့်ပြရဦးတော့မှာပေါ့……။

ချမ်းမြအောင်စည်
စီစဉ်တင်ပြသူ — အရှင်အကျုံသ

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| (က) ရှိခိုးဝန္ဒနာ ဆုမွန်လွှာ .... .... .... | ၁ |
| (ခ) ဗောဓိအကြောင်း သိကောင်းစရာ | |
| ဗောဓိကထာ | |
| ၁။ ဗောဓိဂီတာ .... .... .... .... | ၃ |
| ၂။ အပရာဇိတပလ္လင် အောင်ပွဲဆင် .... .... | ၃ |
| ၃။ ဘုရားအသုံးအဆောင် ဗောဓိညောင် .... .... | ၅ |
| ၄။ စေတီတော်များ .... .... .... | ၅ |
| ၅။ ဘုရားဆောင်ရွက် ဒို့အတွက် .... .... .... | ၇ |
| ၆။ ဗောဓိမဏ္ဍိုင် မြေဦးခိုင် .... .... .... | ၈ |
| ၇။ အဝိဇဟိတ လေးဌာန .... .... .... | ၉ |
| ၈။ ဗုဒ္ဓါဘိသေက မင်္ဂလာ .... .... .... | ၁၀ |
| ၉။ မဟာဗောဓိပင် ယမ္မာကာ .... .... .... | ၁၁ |
| ၁၀။ အောင်စေချင်ယင် ညောင်ရေစင်လောင်း .... | ၁၂ |
| ၁၁။ ဒါတွေမြင်ရ ကုသိုလ်ရ .... .... .... | ၁၄ |
| ၁၂။ အရာဇတော်ဘုရားကြီးနဲ့ ဘုရားဖူး ဝိပဿနာကူး .... | ၁၆ |
| ၁၃။ အနုဿတိဂုဏ်မြင် ဝိပဿနာတင် .... .... | ၁၇ |
| ၁၄။ ဘုရားဖူးလက်ဆောင် .... .... .... | ၁၈ |
| ၁၅။ ဒို့လဲ့ဘဲ သူတို့လို .... .... .... .... | ၁၉ |
| ၁၆။ ကျောင်းတော် အတွင်းမှာ .... .... .... | ၁၉ |

၁၇။ သံဝေဂဉာဏ် ဖြစ်ပေါ်ပြန် .... — .... ၂၀
၁၈။ နှစ်ပြည်ထောင်နဲ့ ဟိမဝန္တာတောင် .... — ၂၅
၁၉။ စကားအဆက်အစပ် ထပ်တိချပ် — .... ၂၆
၂၀။ မဟာဗောဓိ စေတီတော် .... .... .... ၂၇

(ဂ) ဗောဓိရောပန ကထာ

၁။ ဗောဓိဖြစ်ကြောင်း တရားပေါင်း .... — ၂၉
၂။ ဗောဓိစိုက်မှု အာနန်ပြု .... .... .... ၃၂
၃။ အကျိုးမျှော်၍ နှိုးဆော်လိုက်ပါသည် .... .... ၃၄
၄။ ဒက္ခိဏသာခါဓါ သဃ်မိတ္တာ ဗောဓိတော် .... ၃၅
၅။ သီရိမ္ဗာသောကာ၏ သောက .... .... ၃၇
၆။ ဗောဓိကိုင်းကို မဖြတ်ဝံ့ .... .... — ၃၈
၇။ ဗုဒ္ဓအမိန့်ခွာန် ကြည်ညိုရန် — .... .... ၃၈
၈။ ဗောဓိမင်နားမှ ဗောဓိပင်ပွား .... — ၃၉
၉။ သာမုဒ္ဒရာရေနဲ့ ပြိုင် သီရိမ္ဗာ မျက်ရည်ဖြိုင် .... ၄၀
၁၀။ သီဟိုဠ်မှာ သာသနာ တည်ပြီ .... .... .... ၄၁
၁၁။ ဥယျာဉ်တော် ဂုဏ်ငါးပါး .... .... ၄၂
၁၂။ ဒက္ခိဏသာခါ ဗောဓိပင်မျှား .... — ၄၃

(ဃ) ဗောဓိပူဇနာကာရ ကထာ
မင်္ဂလာထရား

၁။ ပူဇော်ထိုက်ပါတယ် .... — .... ၄၄
၂။ ဂုဏ်ဆိုတာ ဘာတွေလဲ .... .... .... ၄၅
၃။ ပူဇော်ကြပုံ နည်းမျိုးစုံ .... .... .... ၄၇

၄။ မြန်မာစြည်မှာ .... — .... ၄၇
၅။ ပူဇော်ရတဲ့အကျိုး — .... .... ၄၉

( င) အောင်စည်ပေါဓိ

ရကြွာဘိသေကမင်္ဂလာ ပူဇနိယကထာ

၁။ လက်နက်ကိုးဖြာ အောင်စေယျ၀န္တနာ .... ၅၂
၂။ အနေကဇာတင်ရန် နိုးဆော်သံ .... .... ၅၄
၃။ အောင်စည်ပေါဓိ ပင့်လာပြီ — — ၅၇
၄။ သဗ္ဗညုတဉာဏ်တော်မြတ်ကြီး ပွင့်ပြီ — .... ၆၀
၅။ ကဆုန်စည်ခေါင်ရေသွန်း ပူဇော်ရန် .... — ၆၃
၆။ ကဆုန်လပြည့်နေ့ အုံ့ပွယ်ခုနစ်ပါး၊
မှတ်သားစရာများ .... — — ၆၄
၇။ အမျှဝေ .... .... .... .... ၆၆

# ရွှေအောင်စည်ဗောဓိ ရုက္ခာဘိသေက မင်္ဂလာ

## ပူဇနီယကထာ

### (က) ရှိခိုးဝန္ဒနာ ဆုမွန်လွှာ

ဣဒ္ဓိမန္တံ ဒုမရာဇံ, သမ္ဗုဒ္ဓေန သုသေဝိတံ၊
စေတိတဋ္ဌံ သေဋ္ဌရုက္ခံ, ဝန္ဒာမိ ဗောဓိ ပါဒပံ။
တုမှေပိ တံ မဟာရုက္ခံ, ဝန္ဒထ ဗောဓိပါဒပံ၊
တေနမှာကံ တုမှာကဉ္စ, ဇယာတု ဇယမင်္ဂလံ။

ဣဒ္ဓိမန္တံ- သက်ရှိပုံသွင် ထက်ကောင်းကာင် နတ်ဘဝဂ်သို့ ပျံတက်ကာ သိဒ္ဓိတိုးပြီးတော့မဟိဒ္ဓိတန်ခိုးနဲ့ လဲပြည့်ဖြိုးတော်မူပေထသော၊ ဒုမရာဇံ-- ပိဿယခေတ်တွင် ရှိရှိသမျှသော သစ်ပင်တို့ထက် ဖြစ်စဉ်တော် တုမရှုပါသဖြင့် ဒုမရာဇတွင်လျှင်း သစ်ပင်မင်းလဲ ဖြစ်တော်မူပေထသော၊ သမ္ဗုဒ္ဓေန-အတုလသွတ်တင် သဗ္ဗညုတဘုရားရှင်သည်၊ သုသေဝိတံ - ဂန္ဓကုဋိမခြား ကျောင်းတော်အလားပမာ စိတ်ထားကာ မနသိစွဲပြီးရျှ အမှီတကဲကြီးလဲ ပူဇော်မူပေအပ်ထသော၊ စေတိဘဋ္ဌံ-သမ္ဗုဒ္ဓမည်တွင် ဘုရားရှင်နှင့်တကွ များဖြင်သူတော် လူမဟော် အဖြာဖြာတို့၏ ပူဇော်ရာလဲ ဖြစ်တော်မူထသော၊ သေဋ္ဌရုက္ခံ- အဓိကာရ စစ်လျှပ် ရှိသမျှသစ်ပင်တို့ထက် ဖြစ်စဉ်တော် ထူးလတ်သည့် မျိုးအမြတ် သစ်ပင်လဲ ဖြစ်တော်မူပေထသော၊ ဗောဓိပါဒပံ — အောင်မြေရပ်ခွင် အပရာဇိတာ ရွှေပလ္လင်၏အနီးတွင် ထားလျက်ပေါ်ပြီး ဖွားဖက်တော်ကြီးတဖြာ သဘောရှိသည့် မဟာဗောဓိပင်တော်မြတ်ကြီးကို၊ အဖော်- ချမ်းမြေအောင်စည် မိုပ်သာတည်လျက် နိဗ္ဗာန်

ပြည်ကြြင့်နှ်း တက်လှမ်းရန်အမှန် သတိပဋ္ဌာန်စမွဲတွေနဲ့ ဟာ ညွှဲ့မှန် သမျှတို့အား အသိဉာဏ် ရလို့သွားအောင် ဟောကြား မြွက်ဖေါ် တပည့်တော်သည်၊ ဝန္ဒာမိ — ဗောဓိဂုဏ်ဆင် စုံအလင်ကို ပုံသွင် ကပ်လျှိုး ယုံမြတ်နိုးကာ ရှိခိုးပါ၏ အရှင်ဘုရား။

တုမေ့ပိ — နန်းအမတဆောင်မည် ဓိဋ္ဌာန်မှုတို့ဖြင့် ချမ်းမြ အောင်စည် ရိပ်သာသို့ စု၍လာကြ၍ အသင် နောင်ညီ တပည့် ဒကာ ဒကာမအများတို့သည်လည်း၊ မဟာရုက္ခံ - မင်္ဂဉာဏ် ဖိုလ်ဉာဏ် သဗ္ဗ ဉာဏ်မြင့် ရှင်သန်ပွင့်အောင် ကျင့်ဆောင်ကပ်သုံး အမြတ်ဆုံးသစ်ပင် လဲ ဖြစ်ထသော၊ တံ ဗောဓိပါဒပံ - အသိဉာဏ်အစစ်တွေနဲ့ သတိ သံဝေဖြစ်စေတဲ့ ထိုညောင်ဗုဒ္ဓဟေနန်း အောင်ဇေယျာကြြင့်နှ်းကို၊ ဝန္ဒထ-ဖူးရသည့်အချိန် မြူးကြသည့် သဒ္ဓါရှိန်နဲ့ ဦးချကာနှိမ်လို့ မို့ အကြိမ်ကြိမ် ရိုကျိုးပြီး ရှိခိုးကြီး ရှိခိုးလိုက်ကြပါကုန်လော၊ တေန - ထိုသို့ ပေါင်းစု အကြောင်းပြု၍ ကောင်းမှုစုံလဲ လှန်ကြုံခဲ့ သည့် ကဆုန်နဲ့ပျော် ညောင်ရေသွန်းပွဲ ကုသိုလ်တော်ကြောင့်၊ အမှာကဥ္စ—ချမ်းမြအောင်စည် နောင်ညီ စုံငြား တပည့်တော်များ တို့၏လည်းကောင်း၊ တုမှာကဥ္စ-ချမ်းမြအောင်စည် သီတာရည်ဖြင့် ညီညာ သွန်းလောင်း သင် သူတော်ကောင်းတို့၏ လည်းကောင်း၊ ဇယမင်္ဂလံ—နှစ်ဖြာ တွင်းပြင် ဘေးရန်စင်၍ လိုအင်ဆန္ဒ ဟူသမျှတို့ ပြည့်ဝလျှင်စွာ စန်းသော်တာသို့ အောင်ရာ အောင်ဆု အောင် ကြောင်းပြုသည့် အောင်မှုစဉ်ဖြာ မင်္ဂလာသည်၊ ဇယတု-ချမ်းချမ်း မြမြ အောင်အောင်မြင်မြင် စည်စည်ပင်ပင် ဖြစ်ရပါစေသတည်း ဖြစ်ပါစေသား၊ ဇယတု— ချမ်းမြအောင်မြင် စည်ပင်ပါစေဘုရား။

## (ခ) ဗောဓိအကြောင်း သိကောင်းစရာ ဗောဓိကထာ

### ဗောဓိဆိုတာ

ဗောဓိဆိုတာ လွယ်လွယ်ပြောရယင်တော့ အသိဉာဏ်ဘဲ၊ ဘာအသိဉာဏ်လဲ ဆိုယင် အရိယမဂ်ဉာဏ်နဲ့ သဗ္ဗညုတဉာဏ်တဲ့၊ သစ္စာလေးပါးကို သိမြင်တတ်သည့် အတွက်ကြောင့် အရိယမဂ်ဉာဏ်ကို ဗောဓိလို့ ခေါ်ဆိုရတယ်၊ ဉေယျဓမ္မတွေကို သိမြင်တတ်လို့ သဗ္ဗညုတဉာဏ်တော်မြတ်ကြီးကိုလဲ ဗောဓိလို့ ခေါ်ရတယ်၊ နောက်ပြီး တခုရှိသေးတာက သစ္စာနဲ့ ဉေယျတရားတွေကို ပိုင်းခြားသိမြင်တဲ့ နေရာဖြစ်သောကြောင့် ဘုရားပွင့်တော်မူရာ သစ်ပင်ကိုလဲဘဲ ဗောဓိလို့ ခေါ်ရတယ်–တဲ့။

ဗုဓခါတ်၊ ဏိပစ္စည်းနဲ့ ဗောဓိလို့ ရုပ်ပြီးတယ်၊ ဣတ္ထိလိင် ပုံလိင်နှစ်လိင်ရတယ်၊ ဗုဇ္ဈတီတိ ဗောဓိ-သိမြင်တတ်သောကြောင့် ဗောဓိ၊ ဗုဇ္ဈတိ ဧတ္ထာတိ ဗောဓိ - ဤသစ်ပင်၌ သစ္စာ ဉေယျတို့ကို သိတတ်သောကြောင့် ဗောဓိ။ (ဌာနျူပစာရနည်းနဲ့ ဗောဓိလို့ ခေါ်ထားခြင်းဘဲ)။

### အပရာဇိတပလ္လင် အောင်ပွဲဆင်

မြတ်စွာဘုရား ပွင့်တော်မူရာဖြစ်တဲ့ သစ်ပင်တိုင်း ဗောဓိချည့်ဘဲ၊ ဗောဓိကုက္ကို ညောင်ထိုထို-ဆိုတဲ့ စကားအတိုင်း ဘုရားမပွင့်ဘူးတဲ့ သစ်ပင်ရယ်လို့ကလဲ မရှိပါဘူး၊ အခု ဘုန်းကြီးတို့ရဲ့ ဂေါတမဘုရားပွင့်ရာ ဗောဓိပင်ကတော့ ညောင်ဗုဒ္ဓဟော ညောင်နီပင်ဘဲ၊ ရွက်ညွန့် ဖူးလေးများ ထွက်ခါစဆိုယင် တစ်ပင်လုံးကို နီနေတာဘဲ၊ ရွှေနီဖလံ ရောင်သန်းနေတယ်၊ ဒီအပင်ရင်းမှာ သောတ္ထိယ-လို့ ခေါ်တဲ့

မြက်ထမ်းသမားက လှူအပ်သော မြက်ရှစ်ဆုပ်ကို အရှေ့မြောက်ဒေါင့်မှ ရပ်ပြီး ကြဲဖြန့်လိုက်တဲ့ အခါ ပါရမီတော် စွမ်းအားများ၏ အလျှောက် ၁၄တောင် ကျယ်ပြန့်တဲ့ အပရာဇိတပလ္လင်ဖြစ်ပေါ်လာတယ်၊ မာရ်ငါးပါးတို့ကို မြတ်စွာဘုရားက မရှုံးဘဲ အောင်ပွဲရတဲ့ ထိုင်စရာဌာန အထူး-တဲ့။

ဘုရားမဖြစ်သမျှ ဤနေရာမှ ငါမထပြီ ဟု စတုရင်္ဂဝီရိယဖြင့် အဓိဋ္ဌာန်ကို အခြေခံပြီး ဘုရားဖြစ်ရန် အားထုတ်တော်မူရာ သက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့ အကုန်၊ နေအရုဏ်တက်သည်နှင့် တပြိုင်နက် ဝိသာခါနက္ခတ်နှင့် စန်းယှဉ်လျက် လောကသုံးပါး၏ အထွတ်အထိပ် ဘဝိဿရ၊ ဓမ္မိဿရမည်လျှင် တရားမင်းအစစ် သဗ္ဗညုတ ဘုရားအဖြစ်သို့ ရောက်တော်မူရာ သိကြား မြဟ္မာ ဒေဝါနဂါး ဂဠုန်များတို့၏ ပြားမြောက်သော အပူဇော်ကို ခံယူတော်မူသည်၊ ထို့ကြောင့် ရှင်မဟာသီလဝံသ ၏ ဆုတောင်းခန်းပျို့မှာ—

ဗောဓိညောင်ရွှေ ဗုဒ္ဓဟေအောက် ဆန်းကြယ်ပေါက်သား
ရောင်တောက် ပလ္လင် သမိုက်ပြင်ထက် အောင်မြင်ခါဆင့်
သစ္စာပွင့်က မြင့်အံ့သသူ သုံးပါးလူဝယ် မပြူလျှင်းပဲ လွန်
ကျူးကဲလျက် အံ့အဲစလောက် မိုးလုံးချောက်မျှ ချီးမြောက်
ကျူးသံ ဘုန်းခေါင်လျှံသား— ဟု

စပ်ဆို၍ ပူဇော်ထားသည်ကို တွေ့ရပေသည်၊ ဗုဒ္ဓဝင် ဘုရားရှိခိုးမှာတော့—

ဗုဒ္ဓဘာဝံ- လေးပါးသစ္စာ ပုဒ်အာကို ဆရာမကူ သယမ္ဘူဖြင့် ဏုမြူမကျန် မဖေါက်ပြန်ပဲ ဝေဖန်ပိုင်းခြားသိမြင်ကြွေးသည့် သုံးပါး လောက မကိုဋ်ထွတ်ဖူး အောင်ပွဲမှူးတစ်ဆူ နတ်လူတို့ မျက်ရစ် ဘုရားရှင်အဖြစ်သို့၊ သမ္ဗုဒ္ဓေါ-ရာသုံးချကြုံ ကဆုန်လပြည့် ဆင်မင်း နေ့၌ ကျွေ့ကျွေ့လိုက်ဆူ သဗ္ဗညုအဖြစ် ရောက်တော်မူပြီး၍-ဟု ဝိဇ္ဇောဒယ ဆရာတော်ကြီးက ပူဇော်ထားသည်။

ဘုရားအသုံးအဆောင် ဗောဓိညောင်

ဗုဒ္ဓေဟိ ပရိဘုတ္တော မဟာဗောဓိ ရုက္ခော ဗုဒ္ဓေသု

ဓရန္တေသု စေတိယ မေဝ -

ဟူသော အဋ္ဌကထာနှင့်အညီ မဟာဗောဓိပင်သည် ဘုရားအသုံး အဆောင်တော်တွင် ပါဝင်၍ ပရိဘောဂ စေတီတော် ဖြစ်သည်၊ သပိတ် သင်္ကန်း အစရှိသော အသုံးအဆောင်များကို ဌာပနာပြု၍ တည်ထားလျှင်လည်း ပရိဘောဂစေတီပင်တည်း၊ ဘုရား၏ အသုံး အဆောင်တော် မဆိုထားနှင့်ဦးတော့ ရဟန်းတို့၏ အသုံးအဆောင် ပင်လျှင် လူများ၏ ရှိခိုးပူဇော်ခြင်းငှါ ထိုက်သော စေတီအရာ တည်ရှိသည်သာတည်း၊ အဲဒါကြောင့်-

သမဏပရိဘောဂေါ ဟိ အာဂါရိကာနံ စေတိယဋ္ဌာနိယော—တဲ့။

စေတီတော်များ

စေတီဆိုတာ စေတိယပါဠိကို လွယ်လွယ် ခေါ်ထားတာပဲ၊ စယိတဗ္ဗန္တိ စေတိယံ - အရ မြန်မာလို နားလည်ကြရမှာကတော့ အမြတ်တနိုး ကိုးကွယ်ပူဇော်ထိုက်ရာ ဌာန—တဲ့၊ တချို့က အဌ်+

သဲ့တွေနဲ့ တည်ထားတာကိုသာ စေတီလို့ မှတ်ထင် နေကြတယ်၊ အမှန်ကတော့ ပူဇော်ထိုက်တာမှန်သမျှဟာ စေတီပါပဲ၊ အဲဒါဟာ အမျိုးမျိုး ရှိနေတယ်၊ တေရသကနိပါတ်တော်လာ ကာလိင်္ဂဗောဓိ ဇာတ်မှာ အနာထပိဏ်သူဌေးကြီးရဲ့ လျှောက်ထားချက်ဖြင့် အရှင်အာနန္ဒာက ဘုရားအား ဒီလိုလျှောက်ထားတယ်—

ကတိနုခေါ ဘန္တေ စေတိယာနီတိ

လူနတ်ဗြဟ္မာ သတ္တဝါတို့ မပြတ်စဉ်လာ ကိုးကွယ်ရာဟု အာရုံပြုအပ် စေတီမြတ်တို့သည်ကား သတ်မှတ်ပိုင်းခြား မည်မျှ အမျိုးအစားရှိကြပါသနည်း ဘုရား-လို့ ဤသို့ထင်စွာ အရှင်အာနန္ဒာက နောင်လာ နောက်သားအတွက် မျှော်ငဲ့ကွက်၍ လျှောက်ထားချက် ပြုလိုက်ရာ မြတ်စွာဘုရားရှင်က....

တီဏိ အာနန္ဒာတိ-လို့ အမိန့်တော် ပြန်လို့ ရှိလိုက်တယ်၊

"ကိုးကွယ်ထိုက်တဲ့ စေတီ သုံးမျိုးရှိတယ်—တဲ့။

ကတမာနိ ဘန္တေ တီဏိ – ကိုးကွယ်အားထား စေတီသုံးပါးကား အဘယ်များပါနည်း ဘုရား—တဲ့။

သာရီရိကံ ပရိဘောဂိယံ ဥဒ္ဒိသကန္တိ အာနန္ဒာ—တဲ့။

၁။ ချစ်သား အာနန္ဒာ – သရီရဓာတ် အမြတ်ထင်ရှား ငါဘုရား၏ အသေးအသား စသည်များမှ ဖြစ်ပွားလာကြ သရီရမည် ဓာတုစေတီဆိုတာ တစ်ပါး။

၂။ တရားသခင် ငါဘုရားရှင်၏ များဖြင့် သုံးဘိ ပင်ဗောဓိ အစရှိသော ပရိဘောဂ စေတီဆိုတာ တစ်ပါး။

၃။ စိတ်မှာရည်မှတ် ဂုဏ်တော်မြတ်ကို မပြတ်အာရုံ သဒ္ဓါထုံဖို့ ရုပ်ပုံသဏ္ဌာန် ဆင်းတုဟန်ကို စိမ်သွန်းထု ပြုထားအပ်ငြား ဥဒ္ဒိသ စေတီဆိုတာက တစ်ပါး။

ဣမာနိ ခေါ တီဏိ အာနန္ဒ စေတိယာနီတိ– အာနန်ချစ်သား စေတီများကား ဤသုံးပါးတို့ ပေတည်း – လို့ မိန့်ကြားတော်မူလိုက်တယ်။

၄။ ( မြတ်စွာဘုရား၏ တရားတော်များသည် ကြားနာရုံပင် အပူစင်ပြီး ကျင့်လျှင်ချမ်းသာ၍ အလွန်တရာ အားကိုးလောက် ပူဇော် ထိုက်သော ဓမ္မစေတီ မည်တော်မူပါပေသည် )။

ဘုရားဆောင်ရွက် ဒိုအတွက်

စရံ ယော ယဒိဝါ တိဋ္ဌံ, နိသိန္နော ဥဒ ဝါ သယံ၊
နိဗ္ဗာယံ မာတုဘာဝေန, ဟိတံ သတ္တာန မာစရေ။

ယော ဘဂဝါ – အကြင် ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊ စရံဝါ – သံဃာတော်များ ရှေ့တော်ဖျားက ကြွသွားထို၍ ခြေတော်ချီလျက်လည်းကောင်း၊ ယဒိဝါ တိဋ္ဌံ - မကြွမသွား ရွှေတောင်လားသို့ မားမားမတ်မတ် တန့်ရပ်တော်မူလျက်လည်းကောင်း၊ နိသိန္နောဝါ - ပရိသတ်အလည် ရောင်ခြည်တော် ခြောက်သွယ်ဖြင့် ထက်ဝယ်ဖွဲ့ခွေ စံပယ်တော်မူနေလျက် လည်းကောင်း၊ ဥဒဝါသယံ - အမေးပုစ္ဆာ ဖြေရှင်းကာဖြင့် ညဉ့်ခါကျောင်းပေါ် လျောင်းတော်မူလျက် လည်းကောင်း၊ နိဗ္ဗာယံ – ဝါလေးဆယ့်ငါး သက်တော်အားဖြင့် ကြီးမားလေဘိ ရှစ်ဆယ်ပြည့်၍ ပရိနိဗ္ဗာန်

ဇင်စံ့တော်မူခါနီး သည်ရှိသော်၊ ဓာတုဘာဝေန – နောင်ခါစင်စစ် ကိုးကွယ်ရစ်ဖို့ အနှစ်အနမှ ဓာတ်တော် အနေဖြင့် လှုပ်းကောင်း၊ သတ္တာနံ – သုံးတိုက်ဝေနေ ဗိုလ်ခြေများစွာ သတ္တဝါတို့၏၊ ဟိတံ• လူ့ရွာ နတ်ဌာန် နိဗ္ဗာန်အထိ ချမ်းသာရှိကြောင်း ကောင်းသော အစီးအပွားကို၊ အာစရေ – ရင်သွေး ရာဟု ပမာရှုလျက် အမှုသင့် စွာ ပြုကျင့်ပါပေသည်တကား။

ဗောဓိပလ္လင် မြေဦးခိုင်

မဟာဗောဓိပင်တော်ကြီး ဖြစ်ထွန်း တော်မူတဲ့ နေရာကတော့ ဇမ္ဗူဒီပါ လကျာတောင်ကျွန်း၏ ကျွန်းငယ်ပေါင်း ၂၀၀ တို့ဖြင့် ခိုင်းရံထားသော ရှေးအခါက ဥရုဝေလာလို့ ခေါ်တဲ့ အခု ဗုဒ္ဓဂါယာ ဗောဓိမလ္လိုင် မြေဦးခိုင်ပါပဲ၊ဒီနေရာမှာချည့် အခု ဘဒ္ဒကပ် ကမ္ဘာမှာ ပွင့်တော်မူပြီး ဘုရားလေးဆူတို့ဟာ ဘုရားဖြစ်တော်မူကြ တယ်၊ ပွင့်ဦးမည့် အရိမေတ္တေယျဘုရားရှင်လဲ ဒီနေရာကို အဝိဇဟိတ ဌာန–ပွင့်သမျှ ဘုရားရှင်တို့ မစွန့်သော နေရာလို့ ခေါ်တယ်၊ စစ်ကိုင်းမြို့ – မဟာဝိဇ္ဇောဒယချောင် ဆရာတော်ကြီး၏ ဗုဒ္ဓဝင် ဘုရားရှိခိုးမှာ ဒီလိုပူဇော်ထားတယ်။....

"ဗောဓိမလ္လာ-အဝိဇဟိတ ဌာနသာစည့်,ရှေးတည် နေ့ခင်းပျက်,
အချက်အချာ, မင်္ဂလာဘူမိ, တုမရှိသည့်, ဗောဓိမလ္လိုင်
မြေဦးခိုင်၌" တဲ့၊

နောက်ပီး-ဟေမာဝတပျို့မှာလဲ ဒီလိုရေးထားတာကို တွေ့ရတယ်၊
ဗောဓိပင်နှင့် ပလ္လင်ရတနာ ပေါ်ထွန်းရာဟု ဇေယျာဦးခိုင်
ဘူမလ္လိုင်၌ ယှဉ်ပြိုင်ပေါ်ထွန်း နိမိတ်ညွန်းလျက် တောင်

ကျွန်း ဇမ္ဗူ သပြေငူတွင် ငါးဆူမှန်ကင်း၊ တရားမင်းတို့
ထွန်းလင်း သစ္စာ ပွင့်ပေါ်ရာဟု ဗြဟ္မာအစ ဝမ်းမြောက်
ကြသား ဘဒ္ဒသညာ ဤကမ္ဘာ၌ ရှည်ကြာဆင့်ဆင့် သုံးဆူ
ပွင့်၍ နန်းမြင့်နိဗ္ဗူ စံတော်မူ၏၊ တစ်ဆူ တင့်ဆန်း ဗောဓိ
နန်း၌ အောင်ခန်းဆိုက်ရောက် လေးဆူမြောက်လျှင် ထွန်း
တောက် သယမ္ဘူ သဗ္ဗညူဟု ဝှန်းဆူဘဝင် ကျော်မြင့်တက်၍
ကနက်စိုက်ယူ ပွင့်တော်မူလျက်-တဲ့။

## အဝိဇဟိတ လေးဌာန

အဝိဇဟိတဌာန ဆိုတာ ဒီဘဒ္ဒကပ်ကမ္ဘာမှာ ပွင့်သမျှသော ရှင်တော်မြတ်ဘုရားတိုင်း မစွန့်မူ၍ အသုံးပြုရာဖြစ်သော နေရာတဲ့၊ အဲဒါက လေးဌာနရှိတယ်။

၁။ ဘုရားဖြစ်တော်မူတဲ့ မဟာဗောဓိ ဗုဒ္ဓဂယာဌာန။

၂။ တရားဦး မြွက်ကြားဟောရာ ဗာရာဏသီပြည်ရှိ မိဂဒါဝုန် ဌာန။

၃။ ၂၅ ဝါကြာမျှ သီတင်းသုံးရာဖြစ်သော ဇေတဝန် ဂန္ဓကုဋိ အကုင်း ညောင်စောင်းတော်ခင်းရာ ဌာန။

၄။ ၇ ဝါအရ တာဝတိံသာမှ ဆင်းသက်တော်မူရာ သင်္ကာသနဂိုရ်ဌာန။

* ဗုဒ္ဓဂယာ၊ မိဂဒါ၊ ဂန္ဓာ+သင်္ကာသလို့ မှတ်သားထားကြ။

(၂)

## ဗုဒ္ဓါဘိသေကမင်္ဂလာ

အပရာဇိတ ပလ္လင်္ကေ၊ သီသေ ပုထုဝိ ပုက္ခလေ၊
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပ္ပတ္တော ပမောဒတိ။

သဗ္ဗဗုဒ္ဓါနံ — အနန္တဂုဏ်သခင် အလုံးစုံသော ဘုရားရှင်တို့၏၊ အဘိသေကေ — ဗုဒ္ဓါဘိသေက ခံယူရာဌာနဖြစ်သော၊ သီသေ-မြေတို့၏ အထွတ်အဖူး အဦးထိပ်ခေါင် ဥသျှောင်ဖြစ်သော၊ ပုထုဝိပုက္ခလေ-တင့်တယ်ထူးလွန် မြေမွန်မြေမြတ် မြေဥက္ကဋ္ဌဖြစ်သော၊ အပရာဇိတပလ္လင်္ကေ - အပရာဇိတမည်တွင် အောင်ပလ္လင်၌၊ အဂ္ဂပ္ပတ္တော—ထွတ်ဖျားတိုင်မြောက် ဘုရားအဖြစ်သို့ရောက်တော်မူသော ရှင်တော်မြတ်သည်၊ ပမောဒတိ - လန်းလန်းရွှင်ရွှင် ပန်းသဇင်နှင့် စန်းယဉ်သင့်သို့ ဝမ်းမြောက်တော်မူပါပေ၏။

ဝေမေဝ-ပမာကြည့်မူ ဤ့အတူပင်၊ တုမှေ- နောင်အစဉ်မကွာ အောင်မင်္ဂလာကို ဆောင်ချင်လိုလား အသင်များတို့သည်၊ အဂ္ဂပတ္တာ-အထက်တန်းသို့ တက်လှမ်း ပေါက်ရောက်ကြကုန်သည်ဖြစ်၍၊ အဂ္ဂပတ္တာ—အဆင့်ဆင့်ကျင့် ပင့်ထက်ပင့်၍ မြင့်ထက်မြင့်နန်း အမတလှမ်းတက်ကြကုန်လျက်၊ ပမောဒထေ၊ - ဝမ်းမြောက်ကြပါစေကုန်သတည်း၊ ပမောဒထေ၊- ဘဝင်လျှမ်းပြာ ရွှင်လန်းစွာနှင့် ကျန်းမာချမ်းသာ ဝမ်းသာတော်မူကြပါစေကုန်သတည်း။

## ဘိသိက်ရေစင်

ဗောဓိမဏ္ဍိုင် ပလ္လင်မြတ်မှာ ငါးအင်မာရ်တပ် နှိမ်ဖြတ်ခါ၊
သတ္တာလေးတန် ဥဩ ယှဉ်မင်္ဂါးကို ဝေဘန်ခြားကာ သိမြင်တာ၊
သောင်းတိုက်ဝေနေ ဗိုလ်ခြေနတ်တို့ ရိုသေအပ်လို့ ခဝ္ဝပ်လာ၊

ဗောဓိပင်မှီး သဗ္ဗညုထီး မြင်ပြီး ဖွင့်နိုင်ရာ၊
ဩော်—ဘုံဘ၀ ကဆုန်လ ဒုလ္လဘ ကြုံရ ခုနေခါ၊
နောင်အရှေ့ထွန်း အောင်စေညွှန်း ညောင်ရေသွန်းလောင်းပါ။

## မဟာဗောဓိပင်ပမာဏ

ကုန်းဘောင်ခေတ် အမရပူရ မြို့တည် နန်းတည်သည့် ဘိုးတော်ပဒုံမင်းကြီးသည် မဟာဗောဓိအကြောင်း စသည်တို့ကို ပြည့်စုံစွာ သိရလေအောင် မှတ်သားခဲ့ကြဘို့ မြန်မာပညာရှိ အမတ်ကြီးတို့အား ၁၁၆၃-ခုနှစ် သီတင်းကျွတ်လပြည့်ကျော် (၈) ရက်နေ့တွင် ခန့်ထား စေလွှတ်တော်မူလိုက်သည်၊ ၁၁၇၂ - ခုနှစ် နယုန်လပြည့်ကျော် (၁) ရက်နေ့တွင် စစ်ကိုင်းသို့ ဓမ္မပဏ္ဏာတော်များနှင့်တကွ ဗာရာဏသီမင်း၏ လက်ဆောင်တော် အသီးသီးတို့ကို သယ်ယူ၍ ရောက်ရှိလာကြသည်၊ ထိုပညာရှိတို့၏ ဗောဓိပင်မှတ်တမ်းကို မှန်နန်းရာဇဝင်တော်ကြီးတွင် ဤသို့ဖော်ပြထားရာမှ ကြည်ညိုသဒ္ဓါ ကုသိုလ်မင်္ဂလာ ဖြစ်ပါစေခြင်းငှါ တချို့ကို ဖော်ပြပါမည်၊

မဟာဗောဓိညောင်တော်ကို တံတိုင်းသုံးထပ်ရံလျက် သံတောင် ၂၀၃၉၊ ၁မိုက်နှင့် ၁၂ မတောင်မြင့်သော ပလ္လင်ခုံ ခံထားသည်၊ ဒိအထက်၌ အာလိန်ငါးဆင့်ရှိသည်၊ ပဥ္စမအာလိန်၏ အလယ်ဗဟိုရ်မျက်နှာပြင်မှာ မဟာဗောဓိပင်ရတော် ရောက်ရှိသည်။

ပင်လုံးတော်သည် ၁၉ တောင်၊ ၂ မိုက်၊ ၅ သစ်ရှိသည်၊ ပဥ္စမအာလိန်၏ မျက်နှာပြင်မှ အထက် ပင်စည်အမြင့် ၇ တောင်တွင် ၆ ဖြာသော ခက်မကြီးတို့ ထွက်သည်၊ ထို့အထက် ဒုတိယခက်မကြီး ၅ ဖြာ၊ ထို့အထက် တတိယခက်မကြီး ၄ ဖြာ ထွက်သည်၊ ပထမ

ခက်မကြီး ဇဖြာအနက် တောင်အရပ်သို့ စူးစူးထွက်လာသည့် ခက်မကြီးက ခက်လက်ငယ် သုံးကိုင်း ဖြာပြန်သည်၊ ထို သုံးကိုင်းထဲမှ လုံးပတ် ၅ ထွာ၊ ၁ မိုက်ရှိသော အောက်ကိုင်းကို သိရိမ္ဗာသောကမင်းကြီးက ပင့်ဆောင် ယူသွားသည်၊ ခက်မကြီး အသီးသီးတို့မှ ဖြာထွက်သော ခက်လက်ပေါင်းမှာ ၁၃၆ ကိုင်း ရှိသည်၊ ထွာဆိုင်အောက် ငယ်သော ခက်ငယ်များမှာကား အလွန်တရာ များပြားစည်ကားသည်။

ဉာဏ်တော်အမြင့်မှာ ပကတိမြေမှ ခက်မဖြာအထိ ၂၄တောင် ၁မိုက် ၄သစ်၊ ခက်မမှ အထက်ဖျားအထိမှာ အတောင် ၆၀ ကျော်ရှိသည်ဖြစ်၍ မဟာဗောဓိညောင်တော် တပင်လုံး၏ ရင်းဖျားအဆုံးဆိုယင် အတောင်၉၀ ခန့် အမြင့်ရှိသည်—တဲ့။

သက္ကရာဇ် ၁၂၄၁ ခုနှစ်တွင် ရေးထုထားတဲ့ ပဌမသင်္ဂါယနာတင်မင်းတရားကြီး၏ ရတနာပုံ မဟာဗောဓိ ကျောက်စာ ဟော်မှာ သီပန်းနီ ဆရာတော်ကြီးက ဒီလို ရေးသားထားတယ်—

ဗောဓိရတနာ ကွန့်ရှန်းဖြာလျက် စက္ကဝါတပိုင်း
မြမြမှိုင်းတည့် ဆိုင်းဆိုင်းရှက်ငြိ ခက်ချင်းထိ၍ ပရိမဏ္ဍလ
ဝန်းဝန်းပလျက် ဂေါတမရှင်ချစ် သစ္စာလှစ်သား
ဒုမရာဇ်ကျော် စေတီတော်ကို.... တဲ့။

အောင်စေချင်ယင် ညောင်ရေစင်လောင်း

ယဿာ မူလေ နိသိန္နော ယော, ဇေတွာ မာရံ သ ဝါဟိနိံ၊
သမ္ဗောဓော အဘိသမ္ဗောဓိ, တဿ ဟံ ပူဇယ ဝေသ။

ယော ဘဂဝါ – ရွှေဘုန်းတော် ခြောက်ပါးသခင် အကြင်ဘုရားရှင်သည်၊ ယသ္မာ ဗောဓိရုက္ခသ္မိ – ညောင်ဗုဒ္ဓဟေခေါ်မှတ် အကြင်အရပ်၌၊ နိသိန္နော – ထက်ဝယ်ဖွဲ့ခွေ၊ ဟင့်တယ်စွာ စံနေတော်မူလျက်၊ သဝါဟိနိံ–နောက်လိုက်ဗိုလ်ပါ၊ စစ်သည်ပေါင်းများစွာနှင့် တကွသော၊ မာရံ–မာရ်နတ်မင်းကို၊ ဇေတွာ – ဒါနစသည့် ပါရမီတော် ဆယ်ချက်၊ ကောင်းမှုတည်းဟူသော လက်နက်ဖြင့်၊ ပယ်ဖျက်သုတ်သင်၊ အောင်မြင်တော်မူပြီး၍၊ အဘိသမ္ဗောဓိံ – အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တည်းဟူသော ဘုရားအဖြစ်သို့၊ သမ္ပတ္တော – ကောင်းစွာထမြောက်၊ ဆိုက်ရောက်တော်မူခဲ့လေပြီ၊ တဿ ဘဂဝတော–ဘုန်းတော် ခြောက်ပါး သခင်၊ ထိုဘုရားရှင်တော်မြတ်ကြီး၏၊ တံ ဗောဓိရုက္ခံ–သောင်း ဗုဒ္ဓဟေခေါ်မှတ်၊ ထိုဗောဓိပင်မြတ်ကို၊ မယံ–ငါတို့သည်၊ ပူဇယာမသေ – အေးမြစေကြောင်း၊ ရေစင်လောင်းလျက်၊ နှစ်လောင်းရွှင်ပျ၊ ပူဇော်ကြပါကုန်တော့အံ့ တကား။

ဗောဓိပင်ရင်း ကပ်ချ : အရှင်၊
စစ်သည်မာရ်သောင်း ရန်ပေါင်းအောင်မြင်၊
အရဟတ္တမဂ် ဉာဏ်စက်သဗ္ဗင်၊
ဉာဏ်တော်ရ ဗုဒ္ဓအောင်မြေပင်၊
ညောင်ရေသဘင် အောင်စေချင်လို့ပင်၊
အောင်စေကြောင်း ညောင်ရေလောင်း ဒို့အရှင်။

## ဒါတွေမြင်ရ ကုသိုလ်ရ

ဘုရားရှင် ပွင့်တော်မူခဲ့ရာဖြစ်သော ဗုဒ္ဓဂါယာတွင်ရှိ မဟာဗောဓိပင်ကြီးသည် သီရိဓမ္မာသောကမင်းကြီး၏ မိဖုရားမိုက် တစ်ဦးနှင့် ဟိန္ဒူဘုရင် သသံကတို့၏ ခုတ်လှဲဖျက်ဆီးခြင်းကို ခံခဲ့ရပြီးသည့်နောက် ပြန်လည်ပေါက်ရာ ၁၈၇၀-ပြည့်နှစ်မှာ ကာန်စုတာ ကိုမင်း ရင့်ရော်၍ ပျက်စီးခြင်း နောက်ဆုံး တိုင်ခဲ့ပါသည်၊ အပင်ကြီး၏ မျိုးစေ့ကို မျိုးထား၍ခါ ဗြိတိသျှအစိုးရအမိန့်ဖြင့် မဟာဗောဓိစေတီတော်ကြီးကို ပြင်ဆင် မွန်းမံလျက်ရှိသော "ဆာအဲ့ယ်လက်ဇန္ဒာကနင်"က စေတီတော်ကြီး၏ အနောက်ဖက် ရှစ်တောင်ခန့်အကွာတွင် အစားထိုး၍ စိုက်ပျိုးထားခဲ့သည်၊ ယခုအခါ ဗုဒ္ဓဂယာသို့ ဘုရားဖူး ရောက်သူများ ဖူးတွေ့နေကြရသော ဗောဓိပင်ဖြစ်သည်၊ လုံးပတ် ငါးတောင်ခန့်မျှ ရှိလေသည်။

သင်္ခါရသဘော အလျောက် ချုပ်ပျောက်ပျက်စီးခြင်းသို့ ရောက်ရှိတော်မူသော ထိုမဟာဗောဓိပင်ကြီး၏ စံခဲ့ရာဌာနသည် နောက်လာနောက်သားတို့၏ သွားရောက်ဖူးမျှော်ရာဌာနဖြစ်သောကြောင့် ဒဿနီယဌာန-ဟု အမည်တော်ရပေသည်၊ ဤဌာနနှင့်တကွ ဖူးမျှော်သင့်ရာဌာနပေါင်း လေးဌာန ရှိသည်၊

၁။ ဘုရားအလောင်းတော်၏ ဖွားမြင်ရာ လုမ္ဗိနီဌာန၊

၂။ ဘုရားဖြစ်တော်မူရာ ဤမဟာဗောဓိပင် ဌာန၊

၃။ တရားဦး ဓမ္မစကြာဟောရာ မိဂဒါဝုန်ဌာန၊

၄။ ဘုရားရှင်၏ ပရိနိဗ္ဗာန် စံဝင်ရာ ကုသိနာရုံဌာနတို့ ဖြစ်ပေသည်။

( ဤဌာနများသို့ ငါဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ဘုရားဖူး လာရောက်ကြလိမ့်မည် ချစ်သား-ဟု အရှင်အာနန္ဒာအား မြတ်စွာဘုရားက ပရိနိဗ္ဗာန်စံခါနီးမှာ မိန့်ကြားခဲ့သည်၊ သဒ္ဓါတရား ရှိကြသူများအတွက် ကိုယ်တိုင်ကိုယ်ကျ သွားရောက်ကြ၍ ဖူးလဲ ဖူးမျှော်သင့်တဲ့ဌာန၊ ကြောက်ရွံ့ထိတ်လန့်သည့် သံဝေဂလဲ ယူသင့် ဖြစ်သင့်တဲ့ဌာနတွေ ဖြစ်ပါတယ်-တဲ့။ )

၁။ လုမ္ဗိနီသာမော အင်ကြင်းတောကား အံ့ဩမကုန် ဂုဏ် ပေါင်းစုံငြား မြတ်စွာဘုရား ဖွားမြင်ရာပါတကား။

၂။ မဟာဗောဓိ အံ့ဖွယ်ရှိလျှဉ်း အပင်ရင်းကား ခပင်းဗုံလင် တရားမြင် ဘုရားရှင်ဖြစ်ရာပါတကား။

၃။ မိဂဒါဝုန် တောရဂုံကား ပြည့်စုံဓမ္မာစကြာ ဦးစွာသာ ဟောမြွက်ရာပါတကား။

၄။ ကုသိနာရုံ အင်ကြင်းစုံကား သုံးဘုံသူသား နတ်ဗြဟ္မာ များ၏ ဘုရားသခင် နိဗ္ဗာန်ခွင် စံဝင်ရပါတကား။

၅။ ဂုဏ်တော်ကြီးမား မြတ်ဘုရား၏ လေးပါးဌာန အံ့ဖွယ် စွာသည် ကာလယနေ့ ပျက်ချိန်စေ့၍ မတွေ့ မမြင် ဘုရား ရှင်နောက် လိုက်ပါနောက်သည် ချုပ်ပျောက်သခ်ါရ မှန် လေစွ။

(က) အနိစ္စာဝတ သင်္ခါရာ, ဥပ္ပါဒဝယဓမ္မိနော၊
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ, တေသံ ဝူပသမော သုခေါ။

( ခ) နိရုဒ္ဓါပိတ သင်္ခါရာ, ပစ္စုပ္ပန္နာစ ဘိဇ္ဇရေ၊
အနာဂတာ ဘိဇ္ဇိဿန္တိ, သဗ္ဗေပိ ဘာယိဘဗ္ဗကာ။

## ဆရာတော်ကြီးနဲ့ ဘုရားဖူး ဝိပဿနာကူး

ဒဿနိယဋ္ဌာန , သံဝေဇနိယဋ္ဌာန – တဲ့၊ ဒီနေရာဋ္ဌာနတွေကို ကြည်ညိုကြရတဲ့ ပုဂ္ဂိုလ်တွေမှာ ကုသိုလ်တရားတွေလဲ အမျိုးမျိုး ဖြစ်ပွားလို့ သတိသံဝေဂတရားတွေလဲ ဖြစ်ပွားကြတယ်၊ ဘုန်းကြီး ကိုယ်တိုင်ပင်လျှင် အနန္တကျေးဇူးရှင် ဖြစ်တော်မူသော မဟာစည် ဆရာတော်ဘုရားကြီး၏ ကျေးဇူးတော်ကြောင့် ဆရာတော်ဘုရားကြီးနဲ့ အတူတကွပဲ ၁၃၄၄-ခု နှစ်က ဒီဋ္ဌာနတွေကို ရောက်ရှိပြီး ကြည်ညိုခဲ့ရတယ်၊ ဗုဒ္ဓသာသနိကဋ္ဌာနတွေကို စုံစုံလင်လင် ဖူးမြင်ခဲ့ရပါတယ်၊ ဟောဒီ လေးဋ္ဌာနကို ရောက်တော့ တကယ်ကိုပဲ ကြည်ညို ဝမ်းမြောက်လိုက်ထာ, တစ်သက်တစ်ခါ ဖြစ်ခဲ့စွာသော ဝမ်းမြောက်ခြင်းလို့ပင် ဆင်ခြင်မိခဲ့တယ်၊ ဗုဒ္ဓရဲ့ ဂုဏ်တော် အစုံစုံကို အဖုံဖုံ နှုတ်ငုံရသလောက် ဝမ်းမြောက်စွာ ကျူးရင့်ပြီးတော့ အထူးသဖြင့် ပူဇော်ခဲ့တယ်၊ ဗုဒ္ဓါရမ္မဏပီတိများကို ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းဖြင့် ဖြစ်ထွန်းစေခဲ့တယ်၊ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးက ဦးဆောင်တော်မူပြီး ဘုရားဖူးကြရတော့ကာ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကော် အစွမ်းကြောင့် ပွင့်လန်းဖြစ်ပေါ်လာတဲ့ ဗုဒ္ဓါရမ္မဏ ပီတိပန်းများကို ဝိပဿနာကမ္မဋ္ဌာန်းတည်းဟူသော ရေချမ်းတို့ဖြင့် ဆက်ပက်ပြီး ဆွတ်ဖျန်းခဲ့ရပါတယ်။

ဆရာတော်ဘုရားကြီးနဲ့ ဘုရားဖူးသွားရတာဟာ ဒီလုပ်ငန်းရပ်တွေ ထူးဆန်းတာပဲ၊ ဘုရားရင်ပြင်မှာ ဝတ်ပြုရုံ လှူဒါန်းရုံမျှနဲ့ မပြီးဆုံးဘူး၊ ဝိပဿနာကို အရောက် ကူးကို ကူးရတယ်၊ ဒီတော့ ဘုန်းကြီးက ဆရာတော်ကြီး၏ အဇ္ဈာသယအလိုတော်ကို အနီးကပ်

ကြည့်ညိုကြည့်တဲ့အနေနဲ့ ဝိပဿနာရှုနည်းကျမ်း ပထမတွဲမှ ဂန္ထာ ရမ္ဘ (ကျမ်းဦးစကား)ကို သတိရပြီးတော့ အဲဒီဂါထာနဲ့လဲ ပူဇော် ကန်တော့ခဲ့တယ်။

### အနုဿတိဂုဏ်မြင် ဝိပဿနာတင်

အဟော ဗုဒ္ဓေါ အဟော ဓမ္မော၊
အဟော သံဃော အနုတ္တရော။
ဣတိ စိတ္တံ ပဟံ သေတွာ၊
ဝိပဿိတ္ဗာ တာဒါ ဂတော။

အနုတ္တရော — အရဟတာ အစရှိသော ဂုဏ်တော်တို့ကြောင့် အလွန်အကဲမရှိ အမြတ်ဆုံး ဖြစ်တော်မူပေသော၊ ဗုဒ္ဓေါ — တရား အလုံးစုံကို အကုန် သိတော်မူသော မြတ်စွာဘုရားသည်၊ အဟော- သြော် ...ပြောပြ၍မပြီးအောင် အံ့ချီးဖွယ် ကြည်ညိုဖွယ် ကောင်းပါ ပေစွတကား၊ အနုတ္တရော— သွာက္ခာတတာ အစရှိသော ဂုဏ်တော် တို့ကြောင့် အလွန်အကဲမရှိ အမြတ်ဆုံးဖြစ်တော်မူပေသော၊ ဓမ္မော- မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ပရိယတ် အားဖြင့် (၁၀) ပါး သော တရားတော်မြတ်သည်၊ အဟော- သြော်.... ပြောပြ၍ မပြီး အောင် အံ့ချီးဖွယ် ကြည်ညိုဖွယ် ကောင်းပါပေစွတကား၊ အနုတ္တ ရော - သုပ္ပဋိပန္နတာ အစရှိသော ဂုဏ်တော်တို့ကြောင့် အလွန်အကဲ မရှိ အမြတ်ဆုံး ဖြစ်တော်မူပေသော၊ သံဃော- မဂ်ပုဂ္ဂိုလ်လေးပါး ဖိုလ်ပုဂ္ဂိုလ်လေးပါးအပေါင်း တည်းဟူသော သံဃာတော်သည်၊ အဟော— သြော်...ပြောပြ၍မပြီးအောင် အံ့ချီးဖွယ် ကြည်ညိုဖွယ် ကောင်းပါပေစွတကား။

(၃)

ဣတိ—ဤသို့ ဆင်ခြင်အောက်မေ့လျက်၊ စိတ္တံ-စိတ်ကို ပယ်ပြီးမှသာ တွာ- အထူး ကြည်လင် ရှင်လန်းစေပြီး၍၊ တဒါဂတော- ထိုအခိုက်၌ ဖြစ်ကုန်သော အောက်မေ့ဆင်ခြင် ကြည်လင် ရှင်လန်းသောစိတ်နှင့် တကွ ၎င်း၏မှီရာ ရုပ်တရားတို့ကို၊ ဝိပဿိတွာ—ရှုမှတ်ပြီး၍....တဲ့။ ( ဝိပဿံ ဝိပဿာမိ — ဖြစ်ပေါ်ပြီးနောက် ကွယ်ကာပျောက် ဟု မျက်မှောက်ဉာဏ်စဉ် ရှုမြင်ပူဇော်ပါ၏ဘုရား။)

## ဘုရားဖူး လက်ဆောင်

ဝိပဿနာရှုမှတ်မှုနဲ့ ဓမ္မာနု ဓမ္မပဋိပတ်နဲ့ ပူဇော်ပြီးကြတဲ့အခါ မှာ ဗုဒ္ဓသာသနိက အဆောက်အအုံ အံ့ဖွယ်အဖုံဖုံတို့ကို ပြည့်စုံစွာ လိုက်ပြီး ကြည့်ရှုခဲ့တယ်၊ အနာထပိဏ်သူဌေးကြီးတို့ရဲ့ ပုံစံများလို ခြေလှမ်းတိုင်းမှာ ကုဋေ သန်းတက်နေပါတော့တယ်၊ မိဘာနှစ်ပါး အစထားပြီးတော့ ဖိုး ဖွား ဆွေညာ မိတ်သဟာနဲ့ လေးဖြာပစ္စည်း ထောက်ပင့်ပြီးနေကြတဲ့ ဒါယကာ ဒါယိကာမ ငယ်ငယ် ကြီးကြီး အသီးသီးတွေကို ဒီနေရာ ဌာနထူးကြီးများသို့ ရောက်စေချင်လိုက် ထာ ပပြောပါနဲ့တော့ တော်တော်ကို ဖြစ်ပေါ်ခဲ့တယ်၊ ဒါနဲ့ ရောက်ဖို့ခဲယဉ်း ဆွေမျိုးတသင်းတို့အား လက်ဆောင်တော် ဓမ္မ ပဏ္ဏာ နှင်းမယ်ဆိုပြီး ခွင့်ပြုချက်ရှိတဲ့ ဗောဓိရွက်နဲ့ ဗောဓိမြေညက် တွေကို ယူလာခဲ့တယ်၊ အဲဒါတွေကို ရန်ကုန်ပြန်ရောက်တော့ ဘုရား ထု၊ အနေကဇာတင်ပြီး ကျေးဇူးရှင် အသီးသီးတို့အား ပူဇော်ဖို့ ပေးခဲ့ပါတယ်၊ ဒေါကာပုန်ကားကြီး ဓာတ်တော်များ ဝေပေးသလို ကိုယ့်ဖို့တောင်မှ မနဲ့ကျန်အောင် ချန်ထားရတယ်။

## ဒီလိုဘဲ သူတို့လို

ဗောဓိရွက် ဗောဓိမြေညက်များကို ကောက်ယင်း ယူယင်း လှည့်လည်ယင်းနဲ့ စဉ်းစားလိုက်ထာ၊ အင်း— ငါ တချိန်တုန်းက ဓမ္မာရုံအသီးသီးမှာ သုဗောဓာလင်္ကာ ဆရာတော်ကြီး၏ ဂါထာကို အလျဉ်းသင့်သည့်အားလျော် ထည့်သွင်း ဟောကြားခဲ့တယ်၊ တရားနာ ပရိသတ်တို့၏စိတ်ဓာတ်ကို တက်ကြွစေခဲ့တယ်၊ယခုနေအခါမယ် ကိုယ်တိုင်ပင်လျှင် ဘုရားရှင်၏ ကျောင်းတော်အတွင်း လှည့်လည်ခြင်း ဖြစ်နေပါပေါ့ကလား-လို့ အနုဿတိကုသိုလ်များ အဆက်ဆက် ပွားလာတာနဲ့ တပြိုင်နက် အဲဒါကိုလဲ နှုတ်မှ ထွက်ပြီးတော့ ရှေးသူတော်စင်များနဲ့ မခြား ဆရာတော်ဘုရားကြီးနှင့် တကွသော ဘုန်းကြီးတို့၏ ဘုရားဖူးအဖွဲ့ကို ဂုဏ်တင်မိပြန်တယ်။

### ကျောင်းတော်အတွင်းမှာ

ပဿန္တာ ရူပဝိဘဝံ, သုဏန္တာ မဓုရံ ဂိရံ၊
စရန္တိ သာဓူ သမ္ဗုဒ္ဓ, ကာလေ ကေဠိ ပရမ္မုခါ။

သမ္ဗုဒ္ဓကာလေ— ရှင်တော်ဘုရား ထင်ရှားပွင့်ပေါ် ရှေ့လက်ထက်တော် အခါကာလ သမယ၌၊သာဓူ-ပါရမီရှင့် စာဂီတင့်န် အရှင့်အမာ ကလျာဏဂုဏ်းဝင် ဟို-ရှေးက သူတော်စင်တို့သည်၊ ရူပဝိဘဝံ — လက္ခဏာတော် ကြီးငယ် အသွယ်သွယ်ဖြင့် တင့်တယ်ပေါင်းစုံ ဘုရားရှင်၏ ရွှေရုပ်ဖုံတော်ကို၊ ပဿန္တာ-သခင့်ကမ္ဘာလွန်လေပါလဲ တခါဘူးမျှ မဖူးရသဖြင့် ထူးစွအချိန် ဦးချကာနှိမ်လို့ မို့ မြိန်မြိန်ကြီး ဖူးမျှော်ကြကုန်လျက်၊ မဓုရံ ဂိရံ-ကြားရသူဖိန့် နားဝင်စိမ့်၍ ချိုဆိမ့်သည့်ဟန် အင်္ဂါရှစ်တန်နှင့် ပြည့်စုံ

သော တရားတော်အသံကို၊ သုဏန္တာ-အာရုံတခြား စိတ်မများပဲ တရား၌သာ မှတ်သားနာကြကုန်လျက်၊ ကေဋိ ပရမ္မုခါ•ပျော်ပွဲရွှင်ပွဲ မျက်နှာလွှဲကြကုန်ရှိသာလျှင်၊ စရန္တိ- သူတော်ချင်းတွေ့သတင်းမွှေ့လျက် ပျင်းငွေမကြုံ အသင်းအဖွဲ့တွေ ဆုံ၍ ပျော်ပျော်ကြီး လှည့်လည်နေကြလေကုန်သတည်း။

တထာ မယမ္ပိ ပဿန္တာ၊ စရာမ ဗောဓိမဏ္ဍလေ။

မယမ္ပိ – သတိပဋ္ဌာန်လမ်း ရှုမှတ်ခန်းကို စည်းကမ်းတကျ နည်းလမ်းပြသည့် ကျမ်းပြုထေရ်မဟော် မဟာစည်ဆရာတော်နှင့် တကွသော တပည့်တော်တို့သည်လည်း၊ တထာ-ရှေးသူတော်စင် ပုံအသွင်သို့ စုံလင်ထင်မှတ် ဂုဏ်အင်ထပ်လျက်၊ ပဿန္တာ – ဒဿနီယဋ္ဌာနစသည်အပေါင်း ဖူးမြင်ကောင်းငြား ကိုယ်စား တော်စားကို အားပါးတရ ဖူးမြင်ကြကုန်လျက်၊ ဗောဓိမဏ္ဍလေ-ဗောဓိမဏ္ဍိုင် မြေဦးခိုင်၏ ပြန့်လိုင်တက်ဝင်း နယ်ပယ်တော် ကျောင်းအတွင်း၌၊ စရာမ-လှည့်လည် ဖူးဇော်ကြပါကုန်၏ဘုရား၊ စရာမ–ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းပွား၍စီးဖြန်း၍ ဆိတ္တမ်းတည်ဘိ လှမ်းဘိဘိကို လှမ်းကြည့် ထင်ထင်ဝိပဿနာဟင်၍ ဉာဏ်စဉ်အမြတ် ပဋိပတ်ဖြင့် ဆည်းကပ် ဖူးဇော်လှည့်လည်တော်မူကြပါကုန်၏ အရှင်ဘုရား။

သံဝေဂဉာဏ် ဖြစ်ပေါ်ပြန်

ဒိဋ္ဌာနတော်ကြီးတွေကို ကြည်ညိုသဒ္ဓါ ပွားပြီးပြန်တော့လဲ ရှင်နာမ်မမှ သင်္ခါရတို့ရဲ့ သဘောအမှန်တွေကို မနေဉာဏ်မှာ မြင်မြင်ပြီးတော့ သံဝေဂစိတ်တွေရှင်သန်လာခဲ့တယ်၊ အထူးအားဖြင့်တော့ရှင်ဘော်ဘုရား၏ လက်ထက်တော်တုန်းက သင်္ခါရတွေ ဘာဘာတခုမျှ အစဉ်ထာဝရ မတည်ကြတော့ပဲ ယိုယွင်း ပျက်စီး ကုန်ပြီ။

၁။ ဗုဒ္ဓဂယာမှာဆိုယင် မဟာဗောဓိပင်ကြီး မရှိတော့ပါဘူး၊ ဂယာမြို့နားမှာ တည်ရှိလို့ ဗုဒ္ဓဂယာလို့ ခေါ်တယ်၊ ဂယာမြို့နဲ့တော့ ၇–မိုင်ဝေးတယ်၊ ဗီဟာပြည်နယ်ထဲမှာ အပါအဝင်ဖြစ်တဲ့ ဒိစတြိတ်မြို့ပဲ၊ အဲဒီပြည်နယ်ဟာ ရှေးတုန်းက မဂဓတိုင်းကြီးပဲ၊ မြို့တော်အမည်ကတော့ ပတ္တနား–တဲ့၊ ရှေးတုန်းက ပါဋလိပုတ်–တဲ့၊ သင်္ခါရတရားတွေသာ ပျက်စီးကြတာ မဟုတ်ဘူး၊ အမည်သညာ ဝေါဟာရ ပညတ်တွေလဲပဲ ပြောင်းလဲကုန်ကြပြီး–လို့ ဗဟိဒ္ဓကို သံဝေဂယူပြီး ဖြစ်ဆဲရုပ်နာမ်တွေရဲ့ လျင်မြန်စွာ ချုပ်ပျောက်နေကြတာကို မြင်ပြီး ကြောက်ရွံ့ထိတ်လန့်ခဲ့တယ်။

၂။ ဗုဒ္ဓဂယာမှ မိဂဒါဝုန်ကို သွားဖို့ မိုင် (၁၀၀) ကျော်၊ (၁၆၇) ကီလိုမီတာဝေးတဲ့ ဗာရာဏသီပြည်ကြီးကို ရောက်ပြီး အဲဒီမှ (၆)မိုင်လောက်ဝေးတဲ့ မိဂဒါဝုန်ကို ရောက်ပါတယ်၊ ဓမ္မစကြာတရားတော်ကြီးကို တရားဟောပြီး ကောဏ္ဍညအမှူးရှိသော လူသား ငါးဦးနှင့် ၁၈– ကုဋေသော နတ်ဗြဟ္မာများစွာတို့အား တရားထူးရစေခဲ့တဲ့ မိဂဒါဝုန်၊ ပထမဆုံး ဝါကပ်တော်မူပြီးမှာပင် ယသနှင့် (၅၄)ဦး တို့အား ရဟန္တာများ ဖြစ်စေခဲ့တဲ့ မိဂဒါဝုန်၊ အနတ္တလက္ခဏသုတ်နှင့် တကွ သုတ္တံများစွာ ဓမ္မရတနာတော်ကြီး စတင်ပွင့်ရာ မိဂဒါဝုန်သည် သာသနာ့ အဆောက်အအုံတို့ဖြင့် ပြည့်စုံခဲ့သော်လည်း တောသူပုန် မိစ္ဆာ ရန်သူများက ဖျက်ဆီးကြ၍ နှစ်ပေါင်း(၈၀၀)ရာခန့်မျှ မြက် သစ်ပင်ဖုံး၍ တောအုံးဖြစ်ရပေသည်၊ ရာဇဝင်ဟောင်းများကို ပေါ်လွင်အောင် ဖေါ်ထုတ်သည့် ယခုအခါမှာ နှစ်များစွာ တောဝနာဖြစ်ခဲ့တော့ စနစ်တကျ မပြုနိုင်တာတွေ ရှိနေပါသေးသည်၊ အမှားပြင်တဲ့ တရားအာရုံနဲ့ ကြည့်

ရင်တော့ ဒါတွေလဲ အနိစ္စမို့ ဘိဇ္ဇနသဘောကို မလွန်ဆန်နိုင်ကြ ပေ-လို့ သတိသံဝေဂ ရခဲ့ပါတယ်။

၃။ ဗာရာဏသီမှ ၁၃၆ မိုင်ဝေးသော ကုသိနာရုံသို့ ဘုန်းကြီးတို့ ရောက်ရှိကြရာ စိတ်ထဲမှာ တော်တော် တုန်လှုပ်၍ အံ့ပုံတစ်မျိုး ဖြစ်ခဲ့သည်၊ ဘုရားလက်ထက်တော်ကာလက မလ္လာမင်းတို့ရဲ့ မင်းနေပြည်တော်ကြီးဆိုတာ ဟုတ်ပါ့မလားလို့ ပင် သံသယဝင်မိတယ်၊ ဘာ့ကြောင့်လဲဆိုတော့ ကုသိနာဂါရ်ဆိုတဲ့ သာမညရွာငယ်ကလေးကို တွေ့မြင်လိုက်ရလို့ပါဘဲ၊ သင်္ခါရတရားရဲ့ အနိစ္စအကျသည် အင်မတန် လျင်မြန်ပါပေစွ၊ တစ်ချိန်က မင်းနေပြည်တော်ကြီးဆိုတာ ဒီရွာကလေးပါပဲ-တဲ့၊ ထိုမင်းတို့ရဲ့ အင်ကြင်း ဥယျာဉ်ဆိုတာဟာလဲ ယခုအခါမှာတော့ လေးငါးပင်မျှပဲ ရှိပါတော့တယ်၊ မင်းများက သူတို့ဝေစုရထားသော ဓာတ်တော်များကို ဌာပနာပြီးတော့ ကောင်းမှုတော်ကြီး ပုံစံမျိုး ကုသိနာရုံစေတီတော်ကြီး တည်ထား ပူဇော်ခဲ့ကြတယ်၊ ဉာဏ်တော်အမြင့်( ၉၂ ) ပေခွဲ၊ လုံးပတ်တော် ( ၁၇၈ )ပေ ရှိတယ်၊ ဒီစေတီကြီးရဲ့ အရှေ့ဖက်(၁)မိုင်ခန့်မှာ တေဇောဓာတ် လောင်ရာ အမှတ်အသားအဖြစ် မကုဋဗန္ဓနစေတီဆိုတာ ရှိတယ်၊ ဒီစေတီကြီးလဲ ပျက်စီးနေပါပြီ။

ကုသိနာရုံ စေတီတော်ကြီးရဲ့ အနောက်ဖက်မှာ ကပ်လျက်တည်ရှိနေတာကတော့— ကုသိနာရုံ ရွှေသာလျောင်းပုံမပါပဲ၊ ဉာဏ်တော် ၁၄ ပေတောင်ခန့်ရှိပြီး အနောက်ဖက်ကို မျက်နှာတော်မူကာ မြောက်ဖက်ကို ဦးခေါင်းပြုတော်မူထားသည်၊ ( ညောင်စောင်းတော်က ၂၃ ပေ၊ ၉ လက်မ၊ ၂ ပေ၊ ၁ လက်မ၊ လျောင်းတော်ပုံ

ခြေဖဝါးတော်မှ ဆံချောင်တော်အထိ ပေ ၂၀ ရှိတယ်၊ ပခုံးတော် ၅ ပေခွဲ မြင့်ပါတယ်၊ ဘုရားရှင်၏ အနုပါဒိသေသ ပရိနိဗ္ဗာန် ဝင်စံတော်မူနေဟန်ကို ကေန်ဒိဠ ဖူးမြင်နေရသကဲ့သို့ ရှိလှပေသည်၊ ရုပ်ကလာပ်တော်၏ အနားမှာ နောက်ဆုံးပိတ်မှ တရားရတဲ့ သုဘဒ္ဒကလှန်စွာ ငြိမ်သက်လျက် လည်းကောင်း၊ သောကပူမီး အူသည်းလှိုက်မျှ မျက်ရည်ကျ၍ ခံစားနေရပါတဲ့ အာနန္ဒာနှင့် ခေသမင်းနဲ့ အပြုံအဆိုင် လုပိုင်မည် စတိုင်ရှိသော်လဲ မနိုင်ပဲ လက်မှိုင်ချရသည့် သမားကြီးဇီဝက၊ ဒေဝါသနှင်း သကြားမင်းက ဝဲဝဲစင်း၍ ပူဇော်ဟန် ငါ့အကြံ တောင်းပန်မှုကြောင့် သဗ္ဗညုဘုရား ပရိနိဗ္ဗာန်စံပြီးလို့ ရှင်ကြည်နေတဲ့မာရ်နတ်မင်းတို့ကို ပုံသွင်း ထုလုပ်ထားတာဟာဖြင့် တကယ့်ကိုပါပဲ ဘုရားဂုဏ်တော်မွမ်းကြောင့် ပုံတော်ဖမ်းပြောင်မြောက်လှပါပေတော့သည်၊ ဒီဌာနလဲ ရောက်ရော ဖူးဦးစွာ ဦးသုံးကြိမ်ချပြီး အစိန္တေယျ ဩကာသ ကန်တော့မျိုးကို မရိုး မပြုနိုင်ပဲ ခဏမျှလွမ်းပြီး မှန်းနေခိုက် —

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

ဘိက္ခဝေ- ငါဘုရားရှင်အောက် တရားသောက်ဖို့ မြားမြောက်ရောက်ကြွား ...... ချစ်သားတို့၊ ဟန္ဒ—ဟင်....၊ ဒါနိ ဣဒါနိ—မဟာပရိနိဗ္ဗာန အချိန်ကျလာ ခုအခါ၌၊ ဝေါ တုမှာကံ—ဝဋ္ဋခန္ဓာပေါင်း လွတ်ရန်ကြောင်းကို ညွတ်လျှောင်းနေကြား သင်ချစ်သားတို့အား၊ အဟံ—ကရုဏာထား ငါဘုရားသည်၊ အာမန္တယာမိ-စကားတစ်လုံး ငါဘုရားသုံး၍ မပျောက်ပြုံးစေ နောက်ဆုံး မှာခဲ့

ပါပေအုံ၊ သင်္ချိုင်ရာ-ရှိလျှင်ကုန်ကြ ဖြစ်သမျှပျက်စီး ရောက်ပြီး ပျောက်ကွယ် နှစ်သွယ်ရုပ်နာမ် ဟုတ်မှန်ထင်ရှား သင်္ခါရတရားတို့ သည်၊ သင်္ခါရာ–ကံ စိတ် ဥတု စားမှုအာဟာရ ကြောင်းလေးဝတို့ ပေါင်းကြပြုပြင် ခုပင်မြင်သမျှ သင်္ခါရတို့သည်၊ ဝယမဓမ္မာ·သဘာဝ အလျောက်မို့ မကြာခဏမှာပဲ ချုပ်ပျောက်တတ်ကြပါကုန်၏၊ တုမေ့– ငါဘုရား မှာကြား တိုစကားကို လိုလားကြငြား သင် ချစ်သားတို့သည်၊ အပ္ပမာဒေ န-မမေ့မလပ် အသိစပ်ရန် သတိပဋ္ဌာန် ဖြင့်၊ သမ္ပာဒေထ–ပြည့်စုံကြကုန်လော၊ သမ္ပာဒေထ-ဗုဒ္ဓ ငါဆရာ ချုပ်ရမည့် ဒီအခါမှာ နှုတ်ဟာ ါမှာခဲ့ပါရဲ့ လုပ်သမျှ အဖြာဖြာ သိရလေအောင် ဩဝါ....သတိဆောင်ကြပါကုန်လော လို့ ပစ္ဆိမ ဝစန ငြိမ့်ငြောင်းလှတဲ့ ဆုံးမမိန့်မြွက် မှာတမ်းချက်ကို လေးနက် ထင်ရှား ဒီ-လျှောင်းတော်ရှင်ပင် မြတ်ဘုရားကပဲ ပြတ်သားစွာ မှာ ကြားလေရောသလား–လို့ စိတ်ထဲတွင် ရိတ်ကနဲ ထင်ပြီး သံဝေဂ မြင်မိပါတယ်။

၄။ သံဝေဇနီယဌာနကြီး လေးဌာနထဲက အခု လုမ္ဗိနီဌာနကို ရောက်ခဲ့တာ ပြောရအုံးမယ်၊ လုမ္ဗိနီသာမော အင်ကြင်းတောလို့ ရှေးက အပြောအရ သဘောကျနေခဲ့ရပေမဲ့ ယနေ့လောကအနေနဲ့ သွားကြည့်လိုက်တော့ ပြောရလောက်အောင် မဟုတ်တော့ပါဘူး၊ နီပေါနိုင်ငံထဲမှာ တည်ရှိပြီး အိန္ဒိယနယ်စပ်နဲ့ ၆ မိုင်ခန့် ဝေးတယ်၊ ကုသိနာရုံနဲ့ ဆိုယင် ၁၀၂ မိုင်လောက်ဝေးတယ်၊ လုမ္ဗိနီဒေသကို တိုင်းရင်းဘာသာနဲ့ ရူမိဒေယီလို့ခေါ်တယ်၊ မြတ်စွာဘုရားကို ဖွားမြင်ခဲ့တဲ့ နေရာဌာန-တဲ့၊ အုဌ်ခုံမြင့်ကလေးပေါ်မှာ အုဌ်တိုက် ငယ်လေးရှိပါတယ်၊ အဲဒီထဲမှာ အင်ကြင်းကိုင်းကို ကိုင်ပြီးတော့

မယ်တော်မာယာက ဖွားမြင်နေဟန်နဲ့ အလောင်းတော်လေးက အနားမှာ ရပ်ရှိနေဟန်ကို ကျောက်ရုပ် ထုထားတယ်၊ အဲဒါလဲ အဖျက်အဆီး ခံရလို့ တခြမ်းမျှသာ ရှိပါတော့တယ်၊ တချို့က ဒီအရုပ်ကို သားကောင် သွေးတွေနဲ့ သုတ်လိမ်းပြီးတော့ ယဇ်နတ်အနေနဲ့ ပူဇော်ကြတယ်၊ အင်မတန် သံဝေဂ ရစရာပါဘဲ။

## နှစ်ပြည်ထောင်နဲ့ ဟိမဝန္တာတောင်

လုမ္ဗိနီရဲ့ အနောက်ဖက် (၁၂) မိုင်ကွာမှာ ခမည်းတော် သုဒ္ဓေါဒန မင်းကြီး၏ ကပိလဝတ် နေပြည်၊ အရှေ့ဖက် ( ၁၂ ) မိုင်ကွာမှာ ဘိုးတော် အဥ္စနမင်းကြီးရဲ့ (မယ်တော်မာယာ)၏ ဒေဝဒဟနေပြည်တော် ရှိပါတယ်၊ နှစ်မြို့စလုံးပင် အသွားအလာ အင်မတန်နဲပါးပြီး တိမ်ကောနေပါပြီ၊ မြောက်ဖက်ကို လှမ်းမျှော်ကြည့်လိုက်ယင်တော့ ဂ မိုင်ခန့် အကွာလောက်မှာ သံဝေဂဉာဏ် တွင်တွင်လင်ပြီး တောထွက်ချင်ရလောက်အောင် ဆွဲဆောင်နေပဲ့ ဟိမဝန္တာတောင်တန်းကြီး အစဉ်ကို မှန်းမြင်ပြီး နေရပါတယ်၊ အဲဒါနဲ့ ဘုန်းကြီးက တောင်မြို့ ဂန္ဓာရုံဆရာတော်ရေးသော သူတော်ကောင်းတို့၏ တောသနာမျှော် ဂါထာတော်ကို ရွတ်ဖတ် ပူဇော်ခဲ့ပါတယ် သူတော်ကောင်းတို့။

ပါယေန ပေါရာဏာ သန္တာ, နေက္ခမ္မာဘိရတာ သဒါ၊
တာသ္မာ နေက္ခမ္မ နိန္နောမှိ, သုဒိဋ္ဌာ ဒိနဝေါ ဃရေ။

ပေါရာဏာ - ရှေးအယက်က ဖြစ်ပေါ်ကြကုန်သော၊ သန္တာ—ပါရမီနှင့် ညာညီတင့်၍ အရင့်အမာ လောင်းလျာဂိုဏ်းဝင် သူတော်စင်တို့သည်၊ ပါယေန- တွေ့ကြဆုံကြ ဘုံဘဝဝယ် ကြုံရလေငြား

များသောအားဖြင့်၊ သဒါ—ဖြစ်ရဖန်ခါ သံသရာဟု ခန္ဓာဖြင့်ပိုင်း ဘဝတိုင်း၌၊ နေကျွမ်းမှာ ဘီရတာ - ရွက်ဟောင်းကျကြွေ၊ ရွက်သစ်ဝေသည့် အောင်မြေယဂုံ ရိပ်မြုံခင်တန်း ကျောင်းသခ်မ်း၌ ရှင်လန်းမွေ့လျော် စံပျော်တော် မူကြလေကုန်ပြီ၊ တသွာ-ရွေးသောခါတွင် သူတော်စင်တို့ တောဝင်အောင်းခို ဗြဟ္မစိုရ်ဖြင့် အလိုပြည့်ဝ ဖြည့်တော် မူကြလေသောကြောင့်၊ ဃံရေ-စားသောက် နေရေး ဖွေရှာရေးနှင့် မင်းဘေးစိုးတာ လွန်စွာမြားမြောင် လူတို့ဓာာင်၌၊ သုဗ်ဋ္ဌာဒိနဓဝါ-ပစ္စည်းဥစ္စာ အရာရာဝယ် မရှာမကောင်း ရှာမကောင်းနှင့် မစုဆောင်းခက် စုဆောင်းခက်သည့် သက်သက်ဖြစ်ခြဲ အပြစ်တွေကို စစ်လေရိပ်မိ တွေးကိုင်း သိသည်ဖြစ်၍၊ နေကျွမ်းနိန္ဒော—အခွင့်အခါ မသင့်ပါလဲ ချင့်စာရော်ယမ်း ဟောကိုမှန်းသည်၊ အမှီ-စင်စစ်မကွာ ဖြစ်ရပါစေသား။

တောတောင်ခင်တန်း ရှင်လန်းဖွယ်မှာ၊
ရွေးရွေးသူကောင်း ဂူကျောင်းပမာ၊
ဗြဟ္မစိုရ်မြင့် ကိုယ်နှင့်မကွာ၊
သဘောကျူ တောစရ ခိုလှုံကာ။
ဖုံပမာ ကြုံလာ ငါလဲသာ၊
ရွေးသူကောင်း မူကောင်း ကိုက်မည်သာ။

## စကားအဆက်အစပ် သတိချပ်

ကိုင်း— ပရိသတ်တို့က ပေဒါအကြောင်းကနေပြီးတော့ ဘယ်နှယ်များ ဘုရားဖူးခရီးစဉ်ကို ပြောင်းလာပါလိမ့်မလဲလို့ စိတ်ထဲမှာ ထင်နေကြလေရော့လား မသိဘူး၊ ဒီလိုပါ ပေဒါပင် ဌာနက

ဒဿနီယနဲ့ သံဝေဇနီယဌာနတွေထဲမှာ ပါဝင်နေလေတော့ အဲဒီဌာနတွေ အကုန်လုံးကိုပဲ တဆက်ထည်း ဖေါ်ပြလိုက်ခြင်း ပါပဲ၊ ဖေါ်ပြရပြန်တော့လဲ ဘုန်းကြီးကိုယ်တိုင် အမှန်ဖြစ်ခဲ့တဲ့ ကုသိုလ်သဒ္ဓါတရား သံဝေဂဉာဏ်များကို ပရိသတ်တို့အားလဲ သိကြပါစေ, ကုသိုလ်ဖြစ်ကြပါစေ ဆိုတဲ့ သဘောထားနဲ့ ဘုရားဖူး ခရီးသွားမှတ်တမ်းကိုပါ ပြလိုက်ရခြင်း ဖြစ်ပါတယ်၊ ကဲ–အခု မဟာဗောဓိပင်ကြီးရဲ့အကြောင်းကို ပြန်ပြီး ပြောင်းကြပါဦးစို့၊ မဟာဗောဓိပင် ပမာဏဆိုတဲ့ စာခေါင်းစည်းနဲ့ စာမျက်နှာ (        ) မှာ ပြခဲ့ပါပြီ။

## မဟာဗောဓိ စေတီတော်

အဲဒီ မဟာဗောဓိပင်ကြီး ပြိုလဲပျက်စီးပြီးသွားတဲ့နေရာမှာ သိရိဓမ္မာသောက မင်းကြီးက မဟာဗောဓိစေတီတော်ကို တည်ထားပူဇော်ခဲ့တယ်၊ မိစ္ဆာရန် သူပုန်တွေကလဲ ဖျက်နိုင်သမျှ ဖျက်ခဲ့ကြတယ်၊ဗုဒ္ဓဘာသာတွေကလဲ အတတ်နိုင်ဆုံး အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက် ပြုပြင် တည်ဆောက်ခဲ့ကြရာ ယခုအခါတွင် ဖိနပ်တော် ၄၈ ပေ၊ ဉာဏ်တော် ၁၇၀ ပေ ရှိသည်၊ အထက်သို့ တဖြေးဖြေး ရှူးသွားသော လေးဒေါင့်ပုံစံ ဖြစ်သည်၊ ဖေါင်းရစ်နေရာမှာ အလုံးဖြစ်သည်၊ ထိုအပေါ်ကို ပင်နီယံ ဘီးကြီးပုံစံ တင်လိုက်သည်၊အဲဒီအပေါ်ကျတော့မှ ဓာတ်တော်ကြုတ်ပုံစံပြုလုပ်ပြီး လင်ပန်းသဖွယ် ကျောက်သားထီးကို တင်ထားသည်၊ လိုဏ်ငယ်ရုပ်ထု ပန်းကနုတ်တို့ဖြင့် အနုပညာ မြောက်လှသော ဗုဒ္ဓ ကိုယ်တော်စား ဥဒ္ဒိသစေတီတော်ကြီးဖြစ်ပါသည်၊ စေတီတော်ကြီး၏ အတွင်းသို့ အလယ်

ဗဟိုအတိ ပေ ၂၀ ခန့်ကျယ်သော လိုဏ်ပြုလုပ်ထားရာ အရှေ့ဖက် မျက်နှာမှ ဝင်ရောက်ရသည်၊ လိုဏ်အတွင်းမှာ အရှေ့ဖက်ကို မျက်နှာ တော်မူလျက် ဉာဏ်တော် ၁၀ပေခန့်ရှိ တင်ပလ္လင်ခွေ ရုပ်ပွားတော် မြတ် စမ္ပယ်တော်မူလျက် ရှိပါသည်၊ ၎င်းလိုဏ်အတွင်း၏ အဝင်ဝ နားမှ အပေါ်ယံ ပစ္စယာသို့ တက်ရန် တဖက် တစင်းအနေနဲ့ လှေကား ၂ စင်းရှိရာ တက်ရောက်ပြီးလျှင် ၁၀ပေခန့် ကျယ်သော လိုဏ်အတွင်းရှိ ဗောဓိသတ္တ (ဘုရားလောင်း) ရုပ်တော် မူနေပုံကိုလဲ ဖူးမြင်နိုင်ပါသေးသည်။

ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ
သမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရောပုရိသ ဒမ္မ
သာရထိ သတ္ထာဒေဝ မနုဿာနံ ဗုဒ္ဓေါ ဘဂဝါ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

ဤသို့စသား မိမိတို့ရရာ ဗုဒ္ဓဝန္ဒနာ ဘုရားရှိခိုး အမျိုးမျိုးဖြင့် ရှိခိုး ပူဇော်နိုင်ကြပါစေ.... ...။

ဇာတ်ကထာ ပြီးပါပြီ။

## (ဂ) ဗောဓိရောပနကထာ

### ဗောဓိဖြစ်ကြောင်း တရားပေါ

ဒါနံ သီလဥ္စ နေက္ခမ္မံ၊ ပညာ ဝီရိယေန ပဥ္စမံ။
ခန္တိ သစ္စ မဓိဋ္ဌာနံ၊ မေတ္တုပေက္ခာတိ တေ ဒသ။

ဗောဓိစိုက်ပျိုးခြင်းတွေကို ပြောပြဘို့ အပိုင်းရောက်လာပါပြီ၊ ဗောဓိဆိုတာကို ရှေ့ပိုင်းမှာ ပြခဲ့ပြီ၊ ရောပန - စိုက်ပျိုးခြင်းဆိုတာကို ပြဘို့ပါဘဲ၊ မဂ်ဉာဏ်နဲ့ သဗ္ဗညုတာဉာဏ် ဖြစ်ပေါ်လာအောင် စိုက်ပျိုးရမှာကတော့ ကြား‌ဘူးနား‌ဝ ရှိနေကြတဲ့ အထက်ပါဂါထာ အရ ဒါနအစရှိတဲ့ ပါရမီတရား ဆယ်ပါးပါဘဲ၊ အဲဒါတွေဟာ ဗုဒ္ဓကရ - ဗောဓိကရ - ဗောဓိသမ္ဘာရလို့ နာမည်ရနေကြတဲ့ တရားတွေဖြစ်တယ်၊ ဘုရားဖြစ်ကြောင်း တရားတွေပေါ့၊ ဒါဟာ အဆင့် အမြင့်ဆုံး ဗောဓိသမ္ဘာရဘဲ၊ ဒီအောက်မှာ ပစ္စေကဗောသမ္ဘာရ- သာဝက ဗောဓိသမ္ဘာရဆိုတာ ရှိသေးတယ်၊ ဒီတရားဆယ်ပါးတွေ ကိုဘဲ အရင်းခံ အဓိကထားပြီး စိုက်ကြရတာပါဘဲ၊ စိုက်ကြရတဲ့ (၀၁)ကျင့်ရ/ဖြည့်ရတဲ့ နှစ်အပိုင်းအခြားမျှသာ များခြင်း နဲခြင်း ကွာခြားမှုရှိတာပါ၊ ဒါကြောင့် ဗောဓိဉာဏ်ဖြစ်ထွန်းအောင် ပါရမီ ဆယ်ပါးတို့ဖြင့် ကျင့်သောအားဖြင့် စိုက်ရမယ်လို့ ဆိုလိုပါတယ်။

ဘုရားဖြစ်ရန် သဗ္ဗညာဏ်ကို ရည်သန်ဆန္ဒ ပြုစုရသား ဒါန ချီ ထိုဆယ်လီ ပါရမီဟု ခေါ်သတည်း-လို့ ရေးစပ်ကြတယ်။

ဒါန သီလ၊ နေက္ခမ္မ၊ ပညာ ဝီရိယာ။
ခန္တီ သစ္စာ၊ ဓိဋ္ဌာန်၊ မေတ္တာ ဥပေက္ခာ။
ပါရမီဆယ်ပါး၊ အကျဉ်းအား၊ ဟောကြား စာမြတ်စွာ။

ဝံသ–အမျိုးအနွယ် အစဉ်အဆက်ဆိုတာ တိမ်ကော ပပျောက်ခြင်း မဖြစ်သင့်ပေ၊ ဒါကြောင့် ရှေးလူကြီးများက ချောင်းရိုးမြောင်းရိုးတို့သာ ကောရိုးထုံးစံရှိတယ် လူတို့ရဲ့ မျိုးရိုးဆက်နွယ်ကား မတိမ်မကောရဘူး မပျောက်ရဘူးလို့ ပြောစမှတ်ရှိကြတယ်၊ စာပေသမိုင်းကြောင်းနဲ့ ကြည့်ယင်လဲ ဗုဒ္ဓဝံသ–ဗုဒ္ဓဝင်၊ ရာဇဝံသ–ရာဇဝင်၊ မဟာဝံသ-မဟာဝင် စသည်အားဖြင့် ဘုရားစသည်တို့၏ အစဉ်အဆက်တို့ကို ဖေါ်ပြထားတာများ ခိုင်လုံစွာ ရှိနေတာကို တွေ့ရပါတယ်၊ အဲဒီမှာ ဗုဒ္ဓဝင်ဆိုတာ ဘုရားရှင်ကိုယ်တော်တိုင် ပင်လျှင် အရှင်သာရိပုတ္တရာက တောင်းပန်၍ ဟောကြားတော်မူခဲ့တဲ့ ကြည်ညိုဖွယ်ရာ တရားတော်ကြီးဘဲ၊ မြတ်စွာဘုရားရှင်တော်၏ ဖြစ်တော်စဉ်မှာ တကဏ္ဍအနေနဲ့ ဗောဓိပင်ကလဲ ပါဝင်လျက်ရှိပါတယ်၊ ဒါ့ကြောင့် ဗောဓိပင်ရဲ့ အမျိုးအနွယ်ကို အဆက်ဆက် ကိုးကွယ်ပူဇော်မှုများ တိမ်ကော ပပျောက်ပြီး မသွားရလေအောင် စိုက်ပျိုးခြင်း ပြုရမယ်၊ ဗောဓိဝံသာနုရက္ခိတ ဗောဓိဝံသ ပါလက ဖြစ်ကြရမယ်၊ ရှေ့ဆောင်ပုံ စံပြအနေနဲ့ အရှင်အာနန္ဒာက စိုက်ပျိုးရခြင်း အကြောင်းရင်း နိဒါန်းနှင့်တကွ အကျိုးတရားများပုံတို့ကို ပြည့်ပြည့်စုံစုံ မော်ကွန်းတင် သာသနာ့မှတ်တိုင်ကြီး အနေနဲ့ စိုက်ထူပြသွားပါတယ်၊ ကဲ – အားလုံးသော ပုဂ္ဂိုလ်များ စည်းကိုက် ဝါးကိုက် မထုတ်တတ်တော့ပဲ့ဟောဒါလေးကို နှုတ်ပါးစပ်က အသံထုတ်ပြီး ဖတ်ကြည့်ကြစမ်းပ ! .........

အခါတစ်ပါးတွင် ဘဂဝါဘုရားရှင် သာဝတ္ထိနန်းနှင့် ဇေတဝန် ကျောင်းတိုက်တွင် ယာပိုထ်ပဘာ မျှတ ညီစဉ် တည် အာနန္ဒာ ညီရှင်ဖွားကို ဗောဓိပင် စိုက်ပျိုးထားဖို့ မိန့်ကြားခဲ့သည်ပင်။

သဘ္ဗာဝါ ဝနေမျှားဗိုလ်ခြေ၏ ပူဇောတဗ္ဗ ပူဇနိယ ပူဇာနုဂ္ဂဟာ အနုဘာရသခင် ဗုဒ္ဓဘုရားရှင်သည် များစွာသော သတ္တဝါတွေအတွက် ငွဲကွက်စေတနာ ဒေသစာရီ ကြွချီကာလ သမယတွင် ပြည့်ဝစုံညီ သာဝတ္ထိပြည်မှ ဒကာ — ဒကာမအပေါင်း သူတော်ကောင်းတို့က ပန်းပေါင်းနံ့သာ လက်စွဲကာဖြင့် ဆည်းဇာအချိန်မြှတ်မုန်အား မြိန်မြိန်ဦးချ လှူဒါန်းကြမည့် စိတ်မှာရည်ရွယ်၍ ရောက်သည်ရှိသော် အပူဇော်ခံ အမှန်မရှိ ခြောက်ငင်တိသာ ကျောင်းဝိဟာကို တွေ့မြင်ပါရ မရှင်ပြလို့ ဒါနဝတ္ထု ပန်းပေါင်းစုများ ဂန္ဓကုဋိတံခါးမှာ ထားကြသာကို အနာထပိဏ်မှတ်ဆင့် အာနန္ဒာအရှင်ပင့်၍ လျှောက်လင့်သောင်းပန်းအကြောင်းကြောင့် ရှောင်လဲ့ထူစိုက် ပရိဘောဂတိုက်၍ အောင်မကိုဋ္ဌာန်းအောင်ဘိသိက်လောင်းရာ အောင်ကြောင်းစုံလင် အောင်ဗောဓိပင်ကို ငါ၏ကိုယ်စား အာရုံထား၍ ဝတ်တွားကော်ရော် ပူဇော်ကြရန် ဗျာဒိတ်သံကို အာနန္ဒာမြတ် ကောင်းစွာမှတ်၍ ဆင့်ထပ်မောဂ္ဂလ္လာန် လက်ဝဲရံက ချမ်းကျင့်တန်ခိုး စွမ်းဟုန်နိုး၍ ထက်မိုးကောင်းကင် ကြွသွားလျှင်ပြီး မြေပြင်မမှေ့ မဟာဗောဓိ ညောင်ပင်စေ့ကို မမေ့မိဋ္ဌာန် သက်နုံးသော်ဖြင့် ပင့်ခံ၍ အရဟံညီသွေး အာနန္ဒာကို တောင့်ပေးလို သူဌေးဂုဏ်သိရိ အနာထပိဏ်က စံအိမ်ရွှေဖျဉ်း အိုးတော်တွင်းမှာ ကြိုင်သင်းမွှေးနံ့သာ အဖြာဖြာတို့ဖြင့် ဗိုလ်ပါစုံလင် ပွဲကြီးယဉ်လျက် စိုက်လျှင် ချက်ခြင်း ခဏတွင်းဝယ် ထင်လင်း ဖြစ်ပေါ် ညဏ်တော် အတောင် ငါးဆယ်ဆောင်၍ အတောင်ငါးဆယ် ညီတူကြွယ်လျက် ငါးကိုင်းထွက်ကာ ရုက္ခာဓိပတိ ဇေယျာဘိသေက ဗောဓိအာနန္ဒာ ဘွဲ့သညာဖြင့် ထင်စွာဝင့်ဝင့် ဖွင့်ဖွင့် ကား

ကား စွင့်စွင့်ထွားလျက် မြင့်မား၊တင့်သည်.... အရှင့် ကိုယ်စား အာနန္ဒာ ဗောဓိ စိုက်ထားပါ၏ ဘုရား....၊

ဗုဒ္ဓဿ ပဋိမံ သေဋ္ဌံ, ရုက္ခဿ အဓိကံ ဇေဋ္ဌံ၊
အာနန္ဒထေရ ရောပိတံ, မယံ ဝန္ဒာမ ဗောဓိမံ။

ဗုဒ္ဓဆင်းတုတ် ဝင်းလျှပ်သပ္ပါယ်၊
သစ်မင်းဟူသမျှ သူကမြင့်တယ်၊
အာနန်စိုက်ပျိုး တန်ခိုးမြင့်ကြွယ်,
ဗောဓိမြတ် သိမှတ်ရှိခိုးမယ်။

## ဗောဓိစိုက်မှု အာနန်ပြု

ဗောဓိပင်ကို ဘာ့ကြောင့် အမြတ်တနိုး စိုက်ပျိုးနေကြရသလဲ ဆိုတာကို သိလိုကြတဲ့ သူတော်သိပုဂ္ဂိုလ်များ ဟောဒါကို သတိထား ပြီးတော့ သိနားလည်အောင် ဖတ်ကြ မှတ်ကြစမ်းပါ၊ ပိုင်လုံအောင် ပုံစံပြ သက်သေသာဓကဆောင်ရယင် ဟို ရှေးယခင်....

ဘုရားရှင်လက်ထက်တော်ကပင် သာသနာ့ဝင် အများတို့သည် ပူဇော်ဖွယ်ရာ ပန်းနံ့သာ ကိုယ်စီပါပြီး ဗုဒ္ဓမြတ်စွာကို ဖူးဖို့ ဇေတဝန် သို့ ရောက်လာကြတယ်၊ ဝါကျွတ်ပြီးရာ ကိုးလတာမှာ ပစ်ထားခဲ့ ကြပြီး စိတ်မချမ်းသာနဲ့ ပြန်ကြရရှာတယ်၊ အဲဒီ အကြောင်းအရာ များကို အရှင် အာနန္ဒာက လျှောက်ထားတော့ မြတ်ဘုရားက ပြန်ကြား အမိန့်တော် ရှိလိုက်သည်မှာ....

ဒေသစာရီ ကြည့်ချိနေစဉ်အတွင်း ကိုးကွယ် ပူဇော်ဖို့ရာ ကောင်းရှင်းနေသော ဒီဇေတဝန် ကျောင်းတိုက်အတွင်းမှာ ငါဘုရားကိုယ်စား အာယ်ကိုမျှ ကြည့်သွားခြင်းမပြုပဲ သီတင်းသုံးကာ ပူဇော်ရာထိုက်ပြား ဗေဒါပင် စိုက်ထားလျှင် အလွန်တရာပင် မကောင်းလှပေသည်ချစ်သား-တဲ့။ အဲဒါနဲ့ ဒီဗျာဒိတ်တော်စကားကို ရှင်မဟာ မောဂ္ဂလ္လာန်အား ရှင်အာနန္ဒာက လျှောက်ထားပြီး မဟာဗေဒါပင်တော်ကြီးမှ မျိုးစေ့တော် ယူပေးပါရန် တောင်းပန်တယ်။

လက်ဝဲရံ မထေရ်မြတ်ကြီးက အဘိညာဉ်သမာပတ် စျာန်တန်ခိုးနဲ့ ကြည့်သွားပြီး ဗေဒါမျိုးစေ့ကို ပင့်ဆောင်ပေးခဲ့တယ်၊ စိုက်ဖို့ရန်ပရိကံ အစီအမံတွေ ပြည့်စုံပြီးတဲ့အခါမှာ ရှင်အာနန္ဒာက "မင်းတို့မျက်စောင်း အကြောင်းမရွေး ဆိုတာလဲရှိ၊ လူ့လောက အနေနဲ့ကြည့်ယင်လဲ လောကာဓိပတိ-လူတို့သေဌ်နင်း ဘုရင်မင်းဆိုတဲ့ ဂုဏ်ကလဲ ရှိနေလေတော့" ကောသလမင်းအား ဗေဒါမျိုးစေ့တော်ကို ပေးလိုက်ပါတယ်၊ ဒါပေမဲ့ ကောသလမင်းကြီးကလဲ အမျှော်အမြင်အတော်ပင် ဆင်ခြင်တတ်တော့—

ရွှေအိမ်နန်းနှင့် ကြင့်နန်းလည်းစံ မတ်ပေါင်းရံလျက် ပျော်စံ
ရိပ်ငြိမ် မင်းစည်းစိမ်ကား တိမ်တခဲနက် ကြည့်ရင်းပျက်သို့
တစ်သက်လျှာမျှ တခဏတည်း၊.... ဆိုတဲ့အတိုင်း ငါတို့ဘုရင်မျိုးနွယ်ဟူသည် မပျက်ထာဝစဉ် မင်းသက်ရှင်ဖို့ အလွန်ပင် ခက်၏၊ သမ္မာအာဇီဝ ပြုနေကြတဲ့ အနာထပိဏ်တို့၏ အမျိုးအနွယ်ကားမပျက်မပြယ်နိုင်လေတော့ အဆက်ဆက် ဗေဒါပင်ကို စောင့်ရှောက်သွားနိုင်ကြပေမည်လို့ ကြံစည် စိတ်ကူးပြီး သူဌေးကြီးအား တဆင့်ပေးလိုက်ပါတယ်။

(၅)

ဤ ပေဒမိပင်စိုက်ပွဲ အခန်းအနားတော်တွင် ရဟန္တာများ ကောသလဘုရင်နှင့် အနာထပိဏ် ဝိသာခါ အစရှိသော လူတို့ ရွှေဆောင်များ ကလျာဏ သူတော်စင်များ စုံညီစွာတို့၏ မျက်မှောက်မှာ အနာထပိဏ်သူဌေးကြီးက ဘုရင်ကြီး စီစဉ်ထားသော ရွှေဖျဉ်းအိုးကြီးထဲမှ နံ့သာညွန်ပျောင်းတို့ကို ယက်၍ ပေဒမိသီးမှည့်ကို ချ၍ စိုက်ပျိုးလိုက်စဉ် ခဏချင်းမှာပင် ဉာဏ်တော်အမြင့် အတောင်ငါးဆယ်နှင့် လိုက်လျောသည့် ပင်လုံးရှိသော ပေဒမိပင်တော် ပွင့်ထွန်း ပေါ်လာလေသည်၊ အတောင်ငါးဆယ်စီ ရှိသော ကော်ကြီးငါးကိုင်းတို့ဖြင့်လည်းကောင်း ခက်ငယ်များစွာတို့ဖြင့်လည်းကောင်း ဝေဝေဆာဆာ ဖြစ်ပေါ်ကာ ဝနပ္ပတိ အမည်ထူးရှိသည့် ရုက္ခရာဇာ ရုက္ခာဓိပတိ အာနန္ဒာပေဒမိ ဟု ထင်ရှား ဖြစ်လေတော့၏၊ ထို ပေဒမိပင်ရင်း၌ မြတ်စွာဘုရားသည် တညပတ်လုံး ဖလသမာပတ်ဖြင့် သီတင်းသုံးတော်မူသည်။

## အကျိုးမျှော်၍ နှိုးဆော်လိုက်ပါသည်

အာနန္ဒာ ပေဒမိပင်တော်ကြီး၏ သက်တော်သည် ယခုအခါမှာ နှစ်ပေါင်း ၂၅၀၀ ကျော်လာပါပြီ၊ ဇေတဝန် ကျောင်းတော်သို့ ဘုရားဖူးမျှော် ရောက်ကြသူတိုင်း ပူဇော်ခွင့် ရကြပါမည်၊ မြတ်စွာဘုရားသည်ကား ဟိုရှေးခါဆီ သမယကလို ခေတ္တယာယီ ဒေသစာရီ ကြွချီသွားမြင်းမျိုးမဟုတ်တော့ပါ၊ ဇေတဝန်ကျောင်းတော်မှ မဟာပရိနိဗ္ဗာန ကျောင်းတော်သို့ ပြောင်းတော်မူ၍ နောက်ဆုံးလျောင်းတော်မူသွားပါပြီ၊ ဇေတဝန်ကျောင်းတော်နှင့် ကောသမ္ဗက ကုဋိတို့၏ တောင်ဖက်တည့်တည့်တွင် မုဒ္ဓ၏ ရွှေလက်ထက်တော်

တုန်းက "ဇေတဝနာရာမ" စာကဗျည်းနှင့် မုခ်ဦးကြီးကို မြင်လိုက်ရလျှင်ပင် စိတ်အစဉ်ငြိမ်းအေး၍ လှမ်းခဲ့ရသည့် နှမ်းသမျှ ပန်းသမျှတွေလဲ စမ်းခတဲ့ပန်းလို လန်းဆန်းကြပါတယ်၊ ယခုလဲ အဝေးမှပင် လှမ်း၍မြင်နိုင်သော အာနန္ဒာဗေဒမိပင်ကြီးက မြင်ကြသူ အားလုံးတို့၏ စိတ်နှလုံးကို ရွှင်ပြုံး ချမ်းသာစေပြီးလျှင် ကရုဏာ ရပ်ခွင်တည်းဟူသော အရိပ်တော်ကြီးအတွင်းသို့ သိမ်းသွင်းလျက် လူ နတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာများကို ပေးသနားတော် မူနေပါသည်၊ အာနန္ဒာဗေဒမိအား ဖူးမြော်၍ ဦးတော်တင်နိုင်ကြပါစေ။

## ဒက္ခိဏာသာခါခေါ် သဿမိတ္တာ ဗေဒမိတော်

| | | |
|---|---|---|
| စပွယ်ရာ | ။ | ။သီဟိုဠ်ကျွန်း၊ သီရိလင်္ကာ နိုင်ငံ၊ အနုရာဓမြို့တော်၊ မေဃဝန် ဥယျာဉ်တော်။ |
| ဒါယကာ | ။ | ။အနုရာဓပြည့်ရှင် ဒေဝါနံပိယတိဿမင်းကြီး၊ အိမ်ရှေ့စံညီတော် မဟာနာဂ + အနုလာဒေဝီ။ |
| ..ဆောင် | ။ | ။ရဟန္တာအရှင်မဟိန္ဒ၊ (နှမ)သဃမိတ္တာထေရီ ရဟန္တာ။ |
| ..ဘာင်ခိုန် | ။ | ။သာသနာတော်နှစ် ၂၃၆ - ခုနှစ်၊ သီတင်းကျွတ်လ၊ (တတိယ သင်္ဂါယနာတင် ပွဲတော်ကြီး အောင်မြင်ပြီးစ)။ |
| ..ည်ညွှန်း | ။ | ။သာသနာတော် ရှည်စွာ တည်တံ့ရန်။ |
| ..ဆောင်ရွက်ချက် | ။ | ။ဗောဓိပင် စိုက်..ျိုး ပူဇော်ခြင်း။ |
| အ.. ညီ | ။ | ။တတိယ သံဂါယနာ ပမုခရဟန္တာ အရှင်မဟာမောဂ္ဂလိပုတ္တ၊ ပါဋလိပုတ်ပြည့်ရှင် သီရိဓမ္မာသောကမင်းကြီး။ |

## အခြေခံနိဒါန်း

ပါဋ္ဌလိပုတ်ပြည့်ရှင် သီရိဓမ္မာသောကဘုရင်၏ သားတော် အရှင်မဟိန္ဒသည် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်ကြီး၏ သာသနာပြု ညွှန်ကြားမှုကြောင့် သီဟိုဠ်သို့ရောက်ရှိကာ သာသနာ ပြုတော်မူလေပြီ၊ သာသနာတော် ဂုဏ်စွမ်းသည် ထီးထဲ နန်းထဲအထိ လွှမ်းမိုးလာရာ သဓာဒါဂါမိတည် အနုဠာဒေဝီသည် ဘိက္ခုနီ ပြုလို သည်အထိ ရောက်ရှိတော့သည်၊ နန်းတွင်းသူ ငါးရာတို့ကပါ ပြုလို ကြပါသည်–တဲ့။

ဘိက္ခုနီနာမ ဥဘတော သံဃေ ဥပသမ္ပန္နာ ဟူသော ဝိနည်း ပါဠိတော်၊ ဥဘတော သံဃေတိ ဘိက္ခုနီသံဃေ ဉ တ္တိစတုတ္ထေန ဘိက္ခုသံဃေ ဉ တ္တိစတုတ္ထေနာတိ အဋ္ဌဂါဇိက ဝိနယ ကမ္မေန ဥပသမ္ပန္နာ ဟူသော အဖွင့် အဋ္ဌကထာတို့နှင့် အညီ

ဘိက္ခုနီဖြစ်အောင် ရွက်ဆောင်ပေးဖို့ဆိုတာက ဘိက္ခုနီရဟန်းမ များက ရှေးဦးစွာ ဆောင်ရွက်ပေးကြပါမှ ရဟန်းခံ ချီးမြှ... ပေးကြပါမှ ဖြစ်သည်၊ သူတို့၏ သီဟိုဠ်မှာကား ဘိက္ခုနီ တပါးမျှ မရှိသေးလေတော့ သူတို့အား ဘယ်သူက ရဟန်းခံပေးမလဲ၊ အဲဒါနဲ့ အရှင်မဟိန္ဒက ပါဋ္ဌလိပုတ်မှာသီတင်းသုံးနေသော သံဃမိတ္တာထေရီ ကို ဗောဓိပင်နှင့်တကွ သီဟိုဠ်သို့ တပါးတည်း ကြွရောက်လာပါရန် မင်းဘို့ သီဟိုဠ်ပြည့်ရှင်အား မိန့်ကြားတော် မူလိုက်ပါတော့သည်။

မဟာဗောဓိစ ထေရိစ, အာဘာပေတု မဟိပတိ၊
ဒကာရေန ဂုတ္တာဝစန်, သာရမာနော သဃေ ဂ ပုဓေ ၍။

**မှတ်ချက်။** ။သီဟိုဠ်မှာ သာသနာရောင် ထွန်းပြောင်၍ နေပြီလို့ ဆိုရသော်ငြားလဲ ရှည်ကြာစွာ တည်တံ့ဘိုကား လိုနေသေး သောကြောင့် မေဃာမိပင်ကိုပါ အမိကထား၍ ပင့်ဆောင် ရခြင်း ဖြစ်ပေသည်။

ဝိနယောနာမ သာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ နာမ ဟောတိ–ဆိုတဲ့အတိုင်း သာသနာတည်အောင် ဝိနည်းဖော် နဲ့ အညီ ဘိက္ခုနီသာသနာတော်ကြီး တည်ထောင်ပေးဖို့လဲ လိုအပ် နေပါတယ်၊ ဒီအချိန်မှာ အရှင်မဟိန္ဒက သိက္ခာ ဆယ့်နှစ်ဝါမျှ ရှိပါသေးတယ်၊ သီဟိုဠ်မှာ ဝိနည်းတည်းဟူသော သာသနာတော်၏ အသက်သွေးကို ၂၀ ါတိုင်တိုင် အားသွန်းခွန်စိုက် ထမ်းဆောင် တော်မူသွားတယ်၊ (၆၂) ဝါ ရရှိတော်မူမှ ပရိနိဗ္ဗာန်ပြုတော်မူ သွားတယ်။

## သီရိမေဃာသောကဏ်၏ သောက

သီဟိုဠ်ပြည့်ရှင်သည် မိမိ၏ တူဖြစ်သော အရိဋ္ဌအမတ်အား အလုံးစုံပြောကြား သင်ပြပြီး သီရိမေဃာသောကမင်းကြီးစံရာ ပါဋလိ ပုတ်သို့ စေလွှတ်လိုက်သည်၊ အရှင်မဟိန္ဒ၏ အမိန့်ဒွာန် တန်းခိုး ကြောင့် ပင်လယ်ခရီးကို တစ်ရက်ထည်းနဲ့ ပင်လျှင် ဖြတ်သန်း၍ ရောက်ရှိသွားကာ ပါဋလိပြည့်ရှင်ကြီးအား အရိဋ္ဌက သံတော်ဦး တင်လေပြီ၊ မင်းကြီးသည် အဒေသာကမင်း ဖြစ်ဟုံလျှင်းလဲ အခုမူ သောကမင်းဖြစ်နေရပြီ၊ အကြောင်းရင်းမှာ သမီးတော် သင်္ဃမိတ္တာ ကို တောင်းခြင်းကြောင့်ပါ၊ သားတော်နဲ့ မြေးကလေး သုမဏ သာမဏေတို့ သီဟိုဠ်ကို သွားကြလို့ မျက်ရည်စို့နေရတဲ့ မင်းကြီး မှာ သင်္ဃမိတ္တာကို မြင်နေရခဲ့ ... တော့ သွားဟာရပေါ့၊ ယခုတော့

အသောကမင်းကြီးသည် သောကရင်နှီးနေရရှာချေပြီ၊ သို့သော် သာသနာတော်ရဲ့ အတွက်ဆိုတော့ မျက်ရည်မထွက်တော့ပါပြီ။

ဗောဓိကိုင်းကို မဖြတ်ဝံ့

ဗောဓိကိုင်းကို ဖြတ်ယူပါ—လို့ ခွင့်ပြုရန်အတွက် မင်းကြီးမှာ အင်မတန် ဝန်လေးလျက်ရှိနေ၏၊ ပညာရှိအသီးသီးတို့အား မေးပြီး အဆုံးမှာ အရှင်မဟာ မောဂ္ဂလိပုတ္တတိဿအား လျှောက်ထား မေးမြန်းရတော့သည်၊ မထေရ်ကြီးက မြတ်စွာဘုရားကိုယ်တော်တိုင် ပရိနိဗ္ဗာန် ညောင်စောင်းမှာ အဓိဋ္ဌာန်တော် ငါးရပ်ပြုခဲ့ကြောင်း မိန့်ကြားဟောပြတော်မူတော့မှ သဒ္ဓါတရားတွေဖြစ်ပြီးလျှင် ဗောဓိ ပင်ကို ပြန့်ပွားရေး အစီအစဉ်များ စီစဉ်တော်မူသည်။

ဗုဒ္ဓ အဓိဋ္ဌာန် ကြည်ညိုရန်

၁။ အသောကမင်းသည် သီဟိုဠ် အတွက် မဟာဗောဓိကိုပင့်လျှင် တောင်ကိုင်းသည် အလိုလိုပင် ပြတ်ပါစေသတည်း။

၂။ ပြတ်ပြီးလျှင် ဆီးနှင်း တိမ်တိုက်အတွင်း ခုနစ်ရက် သီတင်း သုံးပါစေသတည်း။

၃။ ဆီးနှင်းမှ သက်ဆင်းပြီး ရွှေဖျဉ်းအိုး၌ တည်လျက် ရောင်ခြည် တော်များ ထွက်ပေါ်ပါစေသတည်း။

၄။ သီဟိုဠ်တူပါရုံတွင် စေတီတည်လျှင် လက်ျာ ညာပ်ရိုးတော် ဓာတ်သည် ယမိုက်ပြာဋိဟာ ပြပါစေသတည်း။

၅။ မဟာစေတီတည်လျှင် ဓာတ်တော်တို့သည် ငါဘုရား၏ပုံတော် အသွင်ဖြင့် ကောင်းကင်မှ နေ၍ ယမိုက်ပြာဋိဟာကို ပြပါ စေသတည်း။

## ဗောဓိပင်နားမှ ဗောဓိပင်ပွား

သာသနာတော်နှစ် ၂၃၆—ခုနှစ် သီတင်းကျွတ်လပြည့် မဟာပဝါရဏာ အခါတော် ဆည်းဆာချိန်မှာ မဟာဗောဓိပင်ကြီး၏ အံ့ဖွယ်တန်ခိုး ပြာဋိဟာကို ပါဋလိဘုရင်နှင့် အများ လူရှင်တို့သည် ဖူးမြင်နေကြပါသည်၊ ဗောဓိကိုင်းဖြတ်ဖို့ရန် အချိန်တော်မှန်ပြီမို့ ရွှေစုတ်တံကို ကိုင်ခါ ဟင်္သာပြဒါးဖြင့် ရစ်ဝိုင်းပြီး မင်းကြီးက သစ္စာဓိဋ္ဌာန်တော်နှစ်ခု ပြုလိုက်ပါတယ်။

ယဒိ မဟာဗောဓိနာ လင်္ကာဒီပေ ပတိဋ္ဌာတဗ္ဗံ၊
ယဒိစာဟံ ဗုဒ္ဓသာသနေ နိဗ္ဗေမတိကော ဘဝေယျံ၊
မဟာဗောဓိ သယမေဝ ဣမသ္မိံ သုဝဏ္ဏကဋာဟေ
ဩရုယှ ပတိဋ္ဌာတူတိ သစ္စဝနကိရိယ မကာသိ။

မဟာဗောဓိသည် သီဟိုဠ်ကျွန်း၌ တည်မည်ဖြစ်ပါမူ၊ တပည့်တော်လည်း ဘုရားသာသနာ၌ သံသယကင်းကွာ ယုံကြည်ခြင်းဖြစ်ပါမူ မဟာဗောဓိသည် အလိုလိုပင်လျှင် ဤရွှေဖျဉ်းအိုး၌ သက်ဆင်း တည်ရှိပါစေ ဘုရားဟု သစ္စာဆိုခြင်းကို ပြုလေပြီ။

မဟာဗောဓိသည် မင်းကြီး၏ သစ္စာနှင့်အညီ ညာဏ်တော်အမြင့် ဆယ်တောင်၊ လေးတောင်စီ ရှည်တဲ့ ခက်မကြီး ငါးကိုင်း၊ ခက်ငယ် ကိုင်းကလေးများ တစ်တောင်စီ၊ အမြစ်မွှား ကိုးဆယ်နှင့်တကွသော မြစ်မကြီး ဆယ်မြစ်၊ ဗောဓိသီးငါးလုံးမှ အံ့မဆုံးဖွယ် ရောင်ခြည်တော်အသွယ်သွယ်တို့ဖြင့် ဗြဟ္မာပြည်တိုင်အောင်သော တလောကလုံးကို တင့်တယ်စေကာ မြတ်စွာဘုရားနားမှာ သားတော်လေး ရာဟုလာကဲ့သို့ မဟာဗောဓိပင်တော်ကြီး အနားမှာ ဗောဓိပင်ပွား

အဖြစ်ဖြင့် ရွှေဖျဉ်းအိုးမှာ စမွယ်လေတော့သည်၊ ရွှေဖျဉ်းအိုး ပမာဏကို ဟောဒီလိုမှတ်သားထားကြပါ—

အဝန်းကိုးတောင်, မြင့်ငါးတောင်, သုံးတောင်အချင်းရှိ။
လက်ရှမ်သစ်ထူခါ, နခမ်းမှာ, ဆင့်နှာမောင်းပမာရှိ၊
ဒက္ခိဏာသာခါ, စိုက်ဖို့ရာ, အိုးမှာရွှေအတိ, ဝိသကြုံစီမံ၏။

သမုဒ္ဒရာရေနဲ့ပြိုင် သိရိမမွာ မျက်ရည်ဖြိုင်

ဒက္ခိဏာသာခါဗောဓိပင်သည် ဟိမဝန္တာသတ္တာဟစသည် စံတော်မူပြီးနောက် နတော်လဆန်း(၁)ရက်နေ့ရောက်သောအခါ ပါဋလိပုတ်နေပြည်တော်ကြီးမှ သိဟိုဠ်ကျွန်းသို့ ပင့်ဆောင်တော့မည့် သင်္ဘော ရေယာဉ်ကြီးပေါ်မှာ ကိန်းဝပ်တော်မူနေပေပြီ၊ ဗောဓိပါလက အဖွဲ့ကြီးနှင့် တကွ သင်္ဃမိတ္တာ အမျူးပြုသော ဘိက္ခုနီသံဃာများ အကျိုးဆောင်ဝေယျာဝစ္စအဖွဲ့များ နိုင်ငံ ဆက်သွယ်ရေးဆိုင်ရာ ဝန်ကြီး သံတမန်များနှင့်တကွ လိုက်ပါမည့်သူများတို့ကလဲ နေရာအသီးသီး ယူပြီးကြလေပြီ၊ သင်္ဘောကြီးကား ထွက်ခါနီးလို့ ဥဩသံရှည် ပေးလိုက်ပြီ၊ ထိုအသံနှင့် အတူပင် ကောင်းကင်လွာမှ နတ်တူရိယာသံများ တလွင်လွင် ငြိမ့်ငြောင်းလျက် သမုဒ္ဒရာထက် မရမျက်နှာမှာ ကြာမျိုးငါးဖြာ ပွင့်လန်းသာလို့၊ တစ်ယူဇနာ အတွင်း လှိုင်းထခြင်းမရှိ သမုဒ္ဒရာရေ ငြိမ်သက်၏၊ သမုဒ္ဒရာရေက ငြိမ်သက်နေသလောက် တပေါက်ပေါက်ကျသွင်သွင် မျက်ရည်အယဉ် အဖြိုင်ဖြိုင်နှင့် နေသူကား သိရိမမွာ အသောကရာဇာ၊ လက်အုပ်အဉ္စလီ တင်လို၍ သင်္ဘောကို ဦးဖြင့်တိုက် ဖူးမြင်ခိုက် ခဏမှာပင် ဒက္ခိဏာသာခါ ဗောဓိပင်ကို တင်ဆောင်သည့် သင်္ဘောရေယာဉ် ကြီးသည် တာမလိတ္တိဆိပ်ကမ်းမှ သိဟိုဠ်ကျွန်း ဆီသို့ ထွက်ခွာ၍ သွားလေပြီ။

## သီဟိုဠ်မှာ သာသနာတည်ပြီ

သီဟဠရာဇာ အနုရာဓပြည့်ရှင် ဒေဝါနံပိယတိဿ မင်းကြီးသည် ပါဋလိပုတ်ရာဇာကဲ့သို့ ဒက္ခိဏာသာခါဗောဓိပင် ပင့်ဆောင်ကြိုဆိုရေးများကို ပြည့်စုံစွာ စီမံ ပြုလုပ်တော်မူထားသည်၊ သာသနာနှစ် ၂၃၆ ခုနှစ်၊ နတော်လဆန်း ၇ ရက်နေ့မှာ မိမိ၏နိုင်ငံ ဇမ္ဗုကောလ သင်္ဘောဆိပ်ကမ်းသို့ ဒက္ခိဏာသာခါ ဗောဓိပင်စံပယ်ရာ ရေယာဉ်နန်းကြီးသည် ကြွမြန်း ဆိုက်ကပ်တော်မူလာလေပြီ၊ အစီအစဉ်အတိုင်း ပင့်ဆောင်သွားကြရာ သာသနာနှစ် ၂၃၆ – ခုနှစ်၊ နတော်လဆန်း ၁၄ ရက်နေ့ ညနေချမ်းအခါ ဒက္ခိဏာသာခါ မဟာဗောဓိပင်တော်ကို စိုက်ပျိုး ပူဇော်မည့် မဟာမေဃဝန်မင်း ဥယျာဉ်တော် အတွင်းမှာ ဗောဓိပင်ပေးအပ်ပွဲ အခန်းအနားကြီး တရပ် ပြုကြသည်၊ ထိုပွဲမှာ ပါဋလိပုတ်ရာဇာက သာသနာကို တကယ်ကြည်ညိုကြသည့် ဥပါသကာဂုဏ်ရည် စုံညီသော အမျိုးသား (၁၆)ဦးတို့ကို “ဗောဓိပါလကအဖွဲ့” ဟု ဖွဲ့စည်းပေးလိုက်သည်၊ ထိုအဖွဲ့၏လက်မှ သွတ်လိုက်သည်နှင့်တပြိုင်နက်ထည်းပင်လျှင်........

၁။ ကောင်းကင်သို့ အတောင်ရှစ်ဆယ်ခန့် ပျံကြွကာ ရောင်ခြည်တော်များ ကွန့်မြူးတော်မူခြင်း။

၂။ ရောင်ခြည်တော်သည် တကျွန်းလုံးကို လင်းစေရုံမျှ မကဘဲ ဗြဟ္မာ့ပြည်အထိ ပြန့်တက်တော်မူခြင်း။

၃။ အမျိုးသားတစ်ထောင် ရဟန္တာဖြစ်ပြီး ရဟန်းပြုကြခြင်း။

၄။ နေဝင်ခါမှပင် ရောဟိနီနက္ခတ်ဖြင့် ယှဉ်လျက် မြေထက်မှာ ကြွရောက် စံပယ်ခြင်း။

(၆)

၅။ ပူဇော်သည့် အသွင်ဖြင့် မဟာပဌဝိက မြေလျှင် လှုပ်ခြင်း အစရှိသော အံ့ဖွယ်တော်များ ဖြစ်ပေါ်ကြလေသည်၊ ထို့နောက် ဟိမဝဏ္ဏ သတ္တာဟ စံပယ်တော်မူပြီး၍ ၇ ရက်စေ့ရာ, နတ်တော် လဆန်း ၅ ရက်နေ့တွင် ဂုဏ်အင်ငါးရပ်နှင့် ပြည့်စုံသော မဟာ မေဃဝန် ဥယျာဉ်တော်ကြီး အတွင်း သတ်မှတ်ထားသည့် နေရာ မြတ်မှာ— အရှင်မဟိန္ဒ ရဟန္တာမြတ်နှင့် တကွသော ရဟန္တာများ၊ အရှင်မ သင်္ဃမိတ္တာထေရီ ရဟန္တာမနှင့် တကွသော ရဟန္တာထေရီ များ၊ နေရာရွေးချယ်ပေးသည့် သုဝဏ္ဏသာမဏေနှင့်တကွ သမဂ္ဂများ၊ သီဟဠရာဇာနှင့် တကွသော မင်းပရိသတ်များ၊ သူဌေး ကုန်သည် ပရိသတ်များ စုံစုံညီညီတို့သည် ပူဇော်ဖွယ်တို့ဖြင့် ပူဇော်ကြလျက် ဒက္ခိဏသာခါ ဗောဓိပင်တော်ကို စိုက်ပျိုးကြပါတော့သည်၊ သီဟိုဠ်၌ ဗုဒ္ဓသာသနာတော်ကြီးသည် အခြေအမြစ် ရှိရှိ တည်မြဲပါတော့ သတည်း။

ဥယျာဉ်တော် ဂုဏ်ငါးပါး

၁။ ဂေါတမ ဘုရားရှင်သည် ဤနေရာမြတ်၌ နိရောဓသမာပတ် ဝင်စားတော်မူခဲ့ဘူးခြင်း။

၂။ ကကုသန်၊ ကောဏာဂုံ၊ ကဿပ ဘုရားရှင်တို့သည်လည်း ဤ နေရာမြတ်၌ သမာပတ်ဝင်စားတော်မူခဲ့ဘူးကြခြင်း။

၃, ၄, ၅။ ထို ဘုရားသုံးဆူတို့၏ ကုက္ကိုပင်, ရေသဖန်းပင်, ပညောင်ပင်ဟူသော မဟာဗောဓိ ဒက္ခိဏသာခါများ တည် ရှိတော်မူခဲ့ကြခြင်း။

## ဒက္ခိဏသာခါ ဗောဓိပင်များ

ဒက္ခိဏသာခါ ဗောဓိပင်ကြီးကို ကြည်ညို ဖူးမျှော်နေကြစဉ် မြောက်ဖက်ကိုင်းမှ အသီးမှည့်သည့်ကြွေကျခါ အရှင်မဟိန္ဒ လက်ပေါ်၌ တည်လေ၏၊ မင်းကြီးအား ထိုအသီးကို စိုက်စေတော်မူရာ ရွှေဖျဉ်းအိုး၌ စိုက်လိုက်ခါမျှဖြင့် ဉာဏ်တော် လေးတောင်စီမြင့်သော ဗောဓိပင်ငယ် ရှစ်ပင် ဖြစ်ပေါ်တော်မူလာသည်၊ ထိုဗောဓိပင်ပျိုးလေးများကို ထီးဖြူဆောင်းမိုး၍ အဘိသိက် သွန်းပြီးလျှင် ဇမ္ဗုကောလ သဘော်ဆိပ် ထူပါရုံစေတီ ကုန်းတော် စေတိယတောင် ရောဟနဇနပုဒ် အစရှိသော ဌာနများမှာ စိုက်ပျိုးကြသည်၊ ကျန်သော ဗောဓိသီးများမှလဲ ရှစ်ပင်စီ ဖြစ်ပေါ် လာကြပြန်ရာ အနုရာဓမြို့တော်၏ ထက်ဝန်းကျင် တယူဇနာအတွင်းရှိ ကျောင်းတိုက်များမှာ မင်းကြီးက စိုက်ပျိုးစေပါသည်၊ သီဟိုဠ်ကျွန်းတွင် ဒက္ခိဏသာခါ ဗောဓိပင် (၄၁) ပင် ပြန့်ပွားတော်မူသလို ရဟန္တာ ထေရာ ထေရီများလဲ ဖြစ်ထွန်းကြပါသည်။

ဒက္ခိဏ ဆိုတာက တောင်ဖက်၊ သာခါ ဆိုတာက အကိုင်း၊ ဒီစကား နှစ်ခုပေါင်းလိုက်တော့ ဒက္ခိဏသာခါ-တောင်ဖက် အကိုင်းတဲ့၊ လက်ျာဖက်ကိုင်း-ညာဖက်ကိုင်း အတူတူပါပဲ၊ ဘုရားရှင်တော်မြတ်က မဟာဗောဓိပင်ကြီး အရင်းမှာ သီတင်း သုံးတော်မူတော့ အရှေ့ရပ်မျက်နှာကို မျက်နှာတော် လှည့်ပြီး သီတင်း သုံးပါတယ်၊ အဲဒီလိုကြောင့်မို့ တောင်ဖက်ဆိုတာ ဖြစ်ရတာပါဘဲ၊ သင်္ဃမိတ္တာထေရီ ပင့်ဆောင်လာတဲ့ အတွက်ကြောင့် သင်္ဃမိတ္တာဗောဓိ လို့ ခေါ်ကြပါသေးတယ်။

## (ဿ) ဗောဓိပူဇနာကာရ ကထာ

### မင်္ဂလာတရား

ပူဇာစ ပူဇနေယျာနံ တော် မင်္ဂလ မုတ္တမံ၊
ပူဇော်ထိုက်ရာ, ပူဇော်ရာ, မင်္ဂလာကုသိုလ်မှန်။

ဒီမင်္ဂလာတရားတော်နှင့်အညီ ယခုအစဉ်ရောက်ရှိလာတဲ့အပိုင်းကလေးကို ရှင်းလင်းပြပါ့မယ်၊ ဗောဓိဆိုတဲ့ စကားဆောင်ရ ပြီးခဲ့ကြပြီ၊ ပူဇနာကာရကထာ-တဲ့၊ အခု အဲဒါကိုဘဲ ရှင်းဘို့လိုပါတယ်၊ ဒါလဲ လွယ်လွယ်ပါပဲ၊ အာကာရဆိုတဲ့ပါဠိက အခြင်းအရာ၊ အသွင်အပြင် ဆိုတဲ့ အနက်ကို ရပါတယ်၊ ဒီတော့ ပူဇော်မှု အခြင်းအရာ ပူဇော်ပုံ အမျိုးမျိုး၊ ပူဇော်နည်း ပူဇော်ဟန်လို့ အဓိပ္ပါယ်ကို နားလည်ရပါ့မယ်၊ ဒါ့ကြောင့် ဒီအပိုင်းမှာ ဗောဓိပင်အား ဘာ့ကြောင့် ပူဇော်နေကြသလဲ၊ ပူဇော်မှု အစဉ်အလာ ရှိခဲ့သလား၊ ဘယ်လို ပူဇော်ကြသလဲ၊ တခြားသစ်ပင်နဲ့ မတူဘူးလား၊ ပူဇော်ရကျိုးကော ရှိမလား. စသည်အားဖြင့် သိသင့် သိစရာများကို ရှင်းပြသွားပါ့မယ်။

### ပူဇော်ထိုက်ပါတယ်

ပူဇနံ့ အရဟန္တီတိ ပူဇနေယျာ၊ပူဇာနံ-ပူဇော်ခြင်းကို၊ အရဟန္တိ-ထိုက်ကုန်၏၊ ဣတိ - ထို့ကြောင့်၊ ပူဇနေယျာ—ပူဇနေယျမည်ကုန်၏၊ ပူဇနာပုဒ်နောင် အရဟတိအနက်၌ ဏေယျပစ္စည်း သက်ထားပါသည်၊ အနီယပစ္စည်းသက်ပြီး ပူဇနီယဟုလည်း ရှိပါသည်။

ပစ္စုပ္ပန် သံသရာ နှစ်ဖြာပွားကိုး ကောင်းမြတ်သော အကျိုးကို လိုချင်၍ ပူဇော်တဲ့သူအား သူလိုချင်နေတဲ့ဆုကို ပေးနိုင်မှ ပူဇော် ထိုက်တယ်၊ ပူဇော်ခြင်းကို ခံယူနိုင်တယ်လို့ ဆိုရပါတယ်၊ ဒီတော့ ပေးနိုင်အောင် ပြန်လည်၍ တုံ့ဆပ်နိုင်အောင် ဆိုတာက ဘယ်လိုဖြစ်မှ ပြန်ပေးနိုင်မလဲဆိုတာကိုလဲ သိဖို့ လိုလာပြန်တယ်၊ ကိုယ့်မှာ ပေးစရာမရှိဘူးဆိုယင် ဘယ်လိုမှ ကျေးမဆပ်နိုင်တဲ့ ဥပမာ လိုပဲ မရှိယင် မပေးနိုင်ဘူးဆိုတာ သေချာတော့ဘာပဲ၊ ဒါ့ကြောင့် ပေးနိုင်အောင် ရှိဖို့လိုပါတယ်၊ ဘာရှိရမှာတုန်းလို့ ဆိုယင် ကောင်း မြတ်တဲ့ ဂုဏ်တွေရှိရမယ် တဲ့၊ ဒီဂုဏ်တွေကို အလှူရှင်အား ဘယ်လို ပေးမလဲ၊ ပေးလို့ ဖြစ်နိုင်သလားလို့ ထပ်မံပြီး သိဖို့လိုလာပြန်တယ်။

အလှူရှင်က အလှူခံမှာရှိနေတဲ့ ဂုဏ်ကျေးဇူးကို အာရုံပြုပြီး ကြည်ညိုခြင်း အရင်းခံတဲ့ ကုသိုလ်တရားတွေ အလှူရှင်မှာ ဖြစ်လာ ရတယ်၊ မိမိ၏ ဒီကုသိုလ်အပင်လျှင် မိမိလိုလားတဲ့ ကောင်းကျိုးဆု ကို ရစေတော့တာပါဘဲ၊ မိမိ၏ ကုသိုလ်သည် အလှူခံ၏ ဂုဏ်ကို အာရုံပြုပြီးဖြစ်ခဲ့တာပဲ ဆိုတာကို ပြန်ပြီးသိပါလေ။

## ဂုဏ်ဆိုတာ ဘာတွေလဲ

သီလ သမာဓိ ပညာတွေပါပဲဆိုယင် ပြည့်စုံပြီ၊ ဘုရား၏ ကိုယ်တော်ဘော် ပရိဘောဂစေတီဖြစ်သော မဟာဗောဓိပင် ဖြစ်နေ ခြင်းကြောင့် ကောင်းမြတ်သော ဂုဏ် အပြည့်စုံဆုံးဟာ ဆိုရပါ တော့မည်၊ တခြား သစ်ပင်တွေနဲ့လဲ မတူပဲ ပူဇော်ထိုက်နေတာပဲ ဆိုတာ ထင်ရှားပါပြီ၊ ပူဇော်တဲ့အကျင့် မိမိလိုချင်သော ဘုတူး ဆုမြတ် ကောင်းကျိုး အရပ်ရပ်ကိုလဲ ကုသိုလ်စိတ်ဓာတ်တွေ ဒီပုံ

ဒီနည်း ဆက်စပ်ပြီးတော့ ရနေနိုင်ခြင်း ဖြစ်တယ်ဆိုတာ သဘော ပေါက်လောက်ကြပါပြီ၊ အစဉ်အလာ ပူဇော်ကြပုံကို ပြောကြစို့။

ပူဇာတိ—သက္ကာရ ဂရုကာရ မာနေန ဝန္ဒနာ—တဲ့၊ ပူဇော်တယ် ဆိုတာ ကောင်းစွာပြုခြင်း, လေးစားခြင်း, မြတ်နိုးခြင်း, ရှိခိုးခြင်း များ ဖြစ်ပါတယ်၊ ဆွမ်း ပန်း ခဲဘွယ် ဆီမီး ရေချမ်း လှူဒါန်းစရာ အမျိုးမျိုးတွေနဲ့ ပူဇော်ခြင်း၊ တံမြက်လှည်းမှု စသည်ပြု၍ ဝေယျာ ဝစ္စပြုခြင်းတွေဟာ ပူဇော်နေတာမည်ပါတယ်၊အဲဒါတွေကို အာမိသ ပူဇာ—လို့ ခေါ်ပါတယ်၊ ဓမ္မပူဇာဆိုတာ ရှိသေးတယ်၊ ဘယ်လို ပူဇော်မှုလဲဆိုယင် မဂ်ဖိုလ် နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာတရား ကိုးပါး ကို ရအောင် ဘာဝနာတရား ပွားများ အားထုတ်နေခြင်းပဲ၊ဘုရား ရှင်ကလဲ ဓမ္မပူဇော်မှုကို ချီးမွမ်းတော်မူတယ်၊ အာမိသနဲ့ပူဇော်ခြင်း ဖြင့် ပူဇော်သည် မမည်သေးဘူး-တဲ့၊ ဘာ့ကြောင့် ဒီစကားကို မိန့်ကြားတော်မူရသလဲဆိုတော့ သာသနာ့ဝင် ပုဂ္ဂိုလ်အပေါင်း တို့ကို ချီးမြှောက်တော်မူလိုခြင်းနဲ့ သာသနာတော် အရှည်တည်တံ့ စေလိုခြင်းကြောင့် မိန့်တော်မူတာပါ၊အာမိသဒါနကိုနှိမ်ချပြီးတော့ မိန့်ကြားတာ လုံးဝမဟုတ်ပါဘူး၊ အကယ်၍ ဒီလိုသာ မမိန့်ကြားခဲ့ ယင် နောက်ပိုင်း သာသနာမှာ သီလ သမာဓိ ပညာတွေကို ဖြည့် ကျင့်ဖို့ရာ ဂရုစိုက်ကြတော့မှာ မဟုတ်ပဲ အာမိသဒါန အာမိသ ပူဇာနဲ့သာ အချိန်ကုန် နေကြမှာမို့ မိန့်ရတာတဲ့၊ သီလ သမာဓိ ပညာဆိုတာ သမ္မာပဋိပတ်တွေကို ကျင့်ပါမှသာလျှင် သာသနာ တော်မြတ်ကြီးက အစွန့်ရှည်စွာ တည်ဘာ—တဲ့။

မမွာရာမေ မေ့ရမေတာ မမ့် အနုဝိစိန္တယ်၊
မမ့် အနုဿရံ ဘိကျွ သဒ္ဓမ္မာ န ပရိဟာယတိ။....

စသည်ဖြင့် ဟောကြားတော်မူထားတာတွေ များစွာရှိပါတယ်၊ ပူဇော်ထိုက်တာ မှန်သမျှကို ပူဇော်ရာမှာ အနဲဆုံးဖြင့် ရိုရိုသေသေနဲ့ စံနစ်တကျ လက်အုပ်ချီတာလောက်ကတော့ တတ်ယင်ကို ပူဇော်မှုကုသိုလ် ဖြစ်သွားပြီ၊ ဂုဏ်တော်တွေကို ရွတ်ဆိုပြီး ရှိခိုးတတ်ယင်လဲ ကောင်းတာဘဲ၊ ရှိခိုးတယ်ဆိုတာ မြတ်စွာဘုရား၏ ဂုဏ်တော်၌ ကိုင်းညွတ်ခြင်းပါဘဲ၊ ဒါကြောင့် တရားလိုပ်နေလို့လဲ ဘုရားရှိခိုးမှု ဖြစ်တယ်လို့ သိရမယ်၊ ဘုရားကို မပါဘဲကြယင် တရားထိုက်လို့ မဖြစ်နိုင်ဘူး မဟုတ်ပေဘူး၊ ဒါကြောင့် သမ္မာပဋိပတ် အကျင့်မြတ်တည်း ဟူသော ပူဇော်ပုံအမြင်းအရာ (၀၁) ပူဇော်နည်း လမ်းကောင်းဖြင့် ပူဇော်ကြပါလို့ ဆိုတာကို သိစေခြင်းပါဘဲ၊ ဘုရားရှင်ကိုယ်တိုင်လဲ ပေါ်ဝိပင်ရင်းမှာ အကျင့်မြတ်ကို ကျင့်တော်မူသွားတယ်ဆိုတာ ထင်ရှားနေကယ်၊ အာနန္ဒာ ဗောဓိပင်မှာလဲ တညလုံးလုံး ဖလသမာပတ် ဝင်စားတော်မူသွားပါတယ်။

## ပူဇော်ကြပုံ နည်းမျိုးစုံ

ယခု ဗောဓိပင်ကို ဘုရားလက်ယက်ကတည်းက အမျိုးမျိုးနဲ့ ပူဇော်ကြတယ်ဆိုတာ အာနန္ဒာ ပေါဓိကိုက်ရခြင်း အကြောင်းရင်းကို သိပြီးဖြစ်တာနဲ့ဘဲ ပြည့်စုံလောက်ပါပြီ၊ အဲဒီကတည်းက ပူဇော်ပွဲလဲ စတင်ခဲ့တယ်ဆိုပါတော့၊ ပူဇော်ပွဲအခမ်းအနားကြီးတွေ အခုနလဲ ပူဇော်ခဲ့ကြတာပဲ၊ ပသေနဒီကောသလမင်းက ၁၈— တောင်စီရှိကြတဲ့ သာရည်အပြည့် ရှိနေသည့် ရွှေအိုး ငွေအိုးကြီး

တော့ယဲမှာ ကြာမျိုးစုံ စိုက်ပြီးတော့ ပူဇော်ကြတယ်၊ ရေပြည့်အိုးတွေလဲ ဓိသားသေးတယ်၊ ရတနာတိုင်များစိုက်ခြင်း၊ ရွှေမှုန်သဲများ ခင်းကြဲခြင်း၊ တံတိုင်းစီးတားရံခြင်း၊ ဗောဓိမုခ်ကြီး တည်ဆောက်ခြင်းများပြုပြီးတော့ ပူဇော်ခဲ့ပါတယ်။

ပါဋ္ဌလိရာဇာကလဲ ဒက္ခိဏသာခါကိုပင့်တော့ ပရိသတ်စုံလင်နဲ့ တကွ ၇ ယူဇနာ ခရီးကြီးတာလျှောက်လုံးမှာ ပူဇော်ပွဲ အသီးသီးတွေနဲ့ ပူဇော်တယ်၊ အလျား ၇ ယူဇနာ၊ အနံ ၃ ယူဇနာရှိတဲ့ ရွှေသားဖျဉ်းကြီး တည်ဆောက်ပြီး ပူဇော်တယ်၊ ၄ ကြိမ်တိုင်တိုင် ဇမ္ဗူဒီပါတကျွန်းလုံးမှ ရသမျှသော အခွန်တော်ပစ္စည်းဖြင့် ပူဇော်တယ်၊ သီဟိုဠ်သင်္ဘောပေါ် ရောက်အောင် သမုဒ္ဒရာရေထဲ လည်ပင်းမြုပ်သည်အထိ ဆင်းပြီး ပူဇော်ပါတယ်။

ဒေဝါနံ ပိယတိဿ မင်းကြီးကလဲ သီရိဓမ္မာ သောကမင်းကြီး လိုပါဘဲ ပူဇော်ပွဲ စုံစွာတို့ဖြင့် ပူဇော်တယ်။

## မြန်မာပြည်မှာ

ပူဇော်ပွဲစတင်ခဲ့တဲ့ အချိန်အခါ အမှတ်အသား အတိအကျကိုတော့ ရှေးပိုင်းများသို့ မသိရပါဘူး၊ သို့သော်ငြားလဲ သာသနာတော်မြတ် ရောက်လာတာ ကတည်းက ဗောဓိပင်လဲ ပါဝင်လာမှာ ဖြစ်လေတော့ သာသနာပြု စတင်ခဲ့တဲ့ ကျ ရှင်အရဟံတို့၏ လက်ထက်ကတည်းက ဖြစ်ဖွယ်ရာရှိတယ်လို့ မှန်းရပါတယ်၊ ဘယ်လိုဘဲဖြစ်စေလေ ပူဇော်ပွဲကတော့ ယခုအထိ ရှိနေကြတာကို တွေ့နေရပြီဘဲ၊ မင်းတိုင်ပုဆိုး ပိုးချည့်ဆိုတဲ့ စကားပုံအတိုင်းပင် ရှင်ဘုရင်များကတော့ သူတို့ဂုဏ်ပမာဏ ရှိသမျှနဲ့ ပူဇော်ပုံ အခမ်းအနား ကြီးမားကြ

တာယ်၊ ဒီပူဇော်ခြင်းတွေကတော့ ပူဇော်ဖွယ် ပစ္စည်း များပြီးတော့ မဟာဗောဓိပင်မှ အဲ့ဖွယ်ကို ဖူးမြင်ကြရလို့ ပူဇော်ကြတာကပဲ များပါတယ်၊ ရက်လ အခါရယ်လို့ ပုံသေ သတ်မှတ်ချက် မရှိပါဘူး၊ ဗောဓိပါလယာအဖွဲ့ ဖွဲ့ပြီးတော့ ဗောဓိရှာနုရက်ဆိုတဲ့ဆိုပြီး အမြဲတမ်း ရေလောင်းပူဇော်ဖို့ သန့်ရှင်းဖို့စသည် ဝေယျာဝစ္စများ ခန့်ထားတာ ရှိတယ်၊ ကဆုန်လပြည့်နေ့မှာမှ အထူးတလီ ပူဇော်ကြတယ်၊ တို့ကတော့ ပါကိုင်းပြည်တွေမှာ မရှိခဲ့ကြဘူး၊ ဘုန်းကြီးတို့ မြန်မာပြည်မှာတဲ့ အတိအကျ(ကဆုန်လပြည့် ဗုဒ္ဓနေ့)လို့ သတ်မှတ်ပြီး ညောင်ရေသွန်းပွဲတော်ရယ်လို့ ဖြစ်ပေါ်ကာ ပူဇော်ကြပါတယ်၊သာသနာကူးလာခဲ့တဲ့ ပုဂံခေတ်ဦးလောက်ကပင် စတင်ခဲ့မှာပါပဲ၊တကျောင်းတဂါထာ တချာတာပုဒ်ဆန်းဆိုတဲ့အတိုင်း ပူဇော်ပုံနည်းနယကတော့ တူကြမယ် မဟုတ်ပေဘူး၊ ကာလံ ဒေသံ ဆိုတဲ့အတိုင်း အချိန်အခါ ဒေသနှင့်အလျော် အားလျော်စွာ ပူဇော်ကြမှာပဲ။

## ပူဇော်ရတဲ့ အကျိုး

တိဋ္ဌန္တေ နိဗ္ဗုတေစာပိ, သမေ စိတ္တေ သမံ ဖလံ၊
စေတောပဏိဓိ ဟေတုဟိ,သတ္တာ ဂစ္ဆန္တိ သုဂတိံ။

တိဋ္ဌန္တေ – အသက်တော်ထင်ထင် တည်ရှိစဉ်ဝယ် ဖူးမြင်ရခြင်း မြတ်ဘုရားသို့ သော် လည်းကောင်း၊ နိဗ္ဗုတေစာပိ – ရှေပြည်နိဗ္ဗူ စံတော်မူသည့် ... မြတ်ဘုရားသို့သော် လည်းကောင်း၊ စိတ္တေ–ဂုဏ်တော်အာရုံ ကောင်းစွာထုံ၍ ဟာလိုလဲလဲ ... စိတ်နှလုံးသည်၊သမေ–သဒ္ဓါ ပညာ အရာရာဝယ် မကွာတန်းတူ ... မျှပါ

မူကား၊ သမ် ဖလုံ – အကျိုးပေးဟန် အဘန်တန်လဲ အမှန်ညီမျှ တန်းတူရလေ၏၊ (ဟိ-ထိုသည့်စကားမှန်ပြေ၏ပါပေ၏)၊ စေတော ပဏိဓိ ဟေတူဟိ – စိတ်နေ စိတ်ထား ကြီးမား ဖြူစင် သန့်စင်ခြင်း တည်းဟူသော အကြောင်းကြောင့်၊ သတ္တာ-လူနတ်များစွာ သတ္တဝါ တို့သည်၊ သုဂတိံ – ချမ်းသာလှဘိ ကောင်းမြတ်သော သုဂတိသို့၊ ဂစ္ဆန္တိ – ကိုယ်စီကိုယ်ငှ ရောက်ရှိကြပေကုန်သတည်း၊ ဂစ္ဆန္တိ – ဗုဒ္ဓါ ရှုသိတိ ထုံမွှန်း ဂုဏ်အစွမ်းကြောင့် ဘုံနန်းသုဂတိ လှမ်းရောက်ရှိကြ ပေကုန်သည်တကား။

ယေဟိ ကေစိ အာနန္ဒ စေတိယစာရိကံ အာဟိန္ဒန္တာ ပသန္နစိတ္တာ ကာလံ ကရိဿန္တိ၊ သဗ္ဗေ တေ ကာယဿ ဘေဒါ ပရံမရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ-သို့ မြတ်ဗုဒ္ဓ၏ သာမုက္ကံသိကဒေသနာပါဠိ လာရှိသည်နှင့် အညီ ဘုရားစေတီများကို လှည့်လည်၍ ရှင်ကြည် သော သဒ္ဓါတရားတို့ဖြင့် ဖူးကြသူများအတွက် အလောက် နတ်ရွာ သုဂတိသို့ ရောက်ရှိနိုင်ပါတယ်-တဲ့။

## (င) အောင်စည်ပေါဓိ

### ရက္ခာဘိသေက မင်္ဂလာ ပူဇနိယကထာ

ဒိဝါတပတိ အာဒိစ္စော, ရတ္တိမာဘာတိ စန္ဒိမာ၊
သန္နဒ္ဓေါ ခတ္တိယော တပတိ, ဈာယီ တပတိ ဗြာဟ္မဏော၊
အထ သဗ္ဗ မဟောရတ္တိံ, ဗုဒ္ဓေါ တပတိ တေဇသာ။

**အာဒိစ္စော**-ရောင်ခြည်တထောင် မကဆောင်သည့် ထွန်းပြောင်ထိန်လင်း ရှင်နေမင်းသည်၊ ဒိဝါ-မိုက်မှောင်ပယ်ခွင်း အလင်းရောက်လာ နေ့အခါ၌သာလျှင်၊ တပတိ-ထွန်းလင်းကျက်သရေ တင့်တယ်နိုင်ပါပေ၏၊ စန္ဒိမာ- အေးမြချမ်းသာ ရောင်ဖြာပဝင်း ငွေလမင်းသည်၊ ရတ္တိံ-အလင်းရောင်ပျောက် မိုက်မှောင်ရောက်သော ညဉ့်အခါ၌သာလျှင်၊ အာဘာတိ-ထွန်းလင်းကျက်သရေ တင့်တယ်နိုင်ပါပေ၏၊ ခတ္တိယော - ရေမြေသဘြင်နင်း ပြည့်ရှင်မင်းသည်၊ သန္နဒ္ဓေါ - ရတနာ စိန်ကျောက် ထိန်ထိန်တောက်သည့် မင်းမြောက်တန်ဆာ ဝတ်စားဆင်ယင် ထားမှသာလျှင်၊ တပတိ - ထွန်းလင်းကျက်သရေ တင့်တယ်နိုင်ပါပေ၏၊ ဗြာဟ္မဏော-အာသဝေါကင်းကွာ ရဟန္တာ အရှင်မြတ်သည်၊ ဈာယီ - ဈာန်သမာပတ် အဘိညာဉ်မြတ်ကို ဝင်စား မပြတ်မှသာလျှင်၊ တပတိ - ထွန်းလင်း ကျက်သရေ တင့်တယ်နိုင်ပါပေ၏၊ အထ- ထိုသို့မဟုတ်၊ ဗုဒ္ဓေါ - သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်သည်၊ သဗ္ဗမဟောရတ္တိံ-နေ့ရော ညဉ့်ပါ ဘယ်ခါမဆိုင်း အချိန်တိုင်းပင်၊ တေဇသာ - ကျက်သရေတန်ခိုး တင့်တယ်ခြင်း ဘုန်းအမျိုးမျိုးဖြင့်၊ တပတိ-ထွန်းလင်းကျက်သရေ ဂုဏ်တက်ဝေအောင် ထူးထွေဆန်းကြယ် အံ့သြဖွယ်ရာ တင့်တယ်တော်မူပါပေသည် ဘုရား။

## လက်နက်ကိုးဖြာ အောင်ဇေယျဝန္ဒနာ

ဝါတံ ဝဿာဋ္ဌ ပါသာဏံ, အာဝုမံ ဝါဠုကံ တထာ,
ကုက္ကုဋ္ဌံ ကလလင်္ဂါရံ, အန္ဓကာရန္တိမေ နဝ၊
သတ္တေ မာရေန ဝိဿဋ္ဌေ, ဝိဇယန္တံ ဇိနံ နမေ,
အဟမ္ပိ တေန ပုညေန, ဝိဇေယျံ သဗ္ဗ မာဝုဓေ။

ဝါတံ- လောကုတ္တရာထွတ်ထား ဒွိဘုရားလျှင် ငါးပါးမာရ်ချေ ပလ္လင်ဗွေ၌ စံနေခိုက်ခါ မာရ်နတ်လာလျက် စက္ကဝါတိုက် တောင်နှင့်ရိုက်၍ ပန်းမိုက်မြူစုဏ်္ဏ သေးဖွဲ့နုံ့သို့ မုန့်မုန့်ညက်ကြေပျက်ပစေဟု စေတနာမိုး ပြုဖန်ပျိုးသား မိုးရိပ်သိမ့်ဟီး မြေကြီးပဲ့တင် ဆစ်ပင်ကျော်တုံး အိမ်အလုံးကို ချေမှုန်းဖြတ်ပိုင်း ရှစ်ရပ်တိုင်းမှ အုံ့မှိုင်းလေဆိုး မုန်တိုင်း လက်နက်မျိုးကိုလည်းကောင်း၊ ဝဿာဋ္ဌ- အဟုန်ဒီးဒီး စီးကျသွယ်သွယ် ရေပြင်ကျယ်၌ မှိုဖွယ်ကင်းဖိ ဂေသိမ့်ရည်၍ ဘမည်ပြုစား ထန်းလုံးဖျာ နှင့် တောင်ဖျားမျှခေါင် အမြင့်ဆော သား ရှပ်ကောင်ရပ်ခန်း ပြည့်မောက်လျှမ်းသည့် မိုးကြမ်းရေဆိုး လက်နက်မျိုးကိုလည်းကောင်း၊ ပါသာဏံ-ကျောက်ဖြင့်ကြိတ်ဖျက် မုန့်မုန့်ညက်လျှင် နှိပ်စက်စေရန် ကမည်ဖန်၍ နဘန်းပိုးလုံး ထစ်ချုန်းခြိမ့်ညံ့ လိုက်ခတ်သံနှင့် အလုံးပြိုးပြိုး ကျောက်ခဲကျောက်ဆိုင်မိုးကိုလည်းကောင်း၊ အာဝုမံ -အသွေးဘခြား အသားတတွေ့ အဒေရ တမျိုး အရိုးတကိုဖျော်း ထိုးခုတ် ပိုင်း၍ မသိုင်းသေရန် ပြုစံပံသား အလျှံပြိုးမြက် မိုးလုံးလက်အောင် တဖက်အသွား နှစ်ဖက်သွားဟု လှံ ဓား စသည် အမည်မည်လျှင် စုံစီဖန်ပျိုး လက်နက်မိုးကိုလည်းကောင်း၊ ဝါဠုကံ တထာ-သဲ့က်လေ ဝါ ဲလေ နှစ်ဘော့မရှိ ပဒါသော

အောင် ပြုဆောင် ဖန်ပျိုး သဲမိုးထုကို လည်းကောင်း၊ ကုက္ကုဋ္ဌ— တစိမ့်စိမ့်ပူ သေအောင်ဟူ၍ သူအကြံပျိုး ပြာပူမိုးကိုလည်းကောင်း၊ အင်္ဂါရ— တခဲကျချင်း အပြင်းပူလောင် သေအောင်ဖန်ပျိုး မိုးကြိုး မိုးကိုလည်းကောင်း၊ အန္ဓကာရ—ကြည့်သော်မစွမ်း စွမ်းသော်မသင် ကြောက်စိတ်ဝင်၍ အလျင်မသေရန် တတန်ပြုဆောင် အမိုက်မှောင်ကို လည်းကောင်း၊ဣတိ-ဤသို့ မာရဝိသယ— ရန်တတ်မိစ္ဆာ အယုတ်တမာလျှင် ကြိမ်းကာဆင့်ဆင့် ပစ်လွှင့်အပ်ကုန်သော၊ ဣမေ နဝ သတ္တေ—လေ မိုး ကျောက် သဲ ညွန့်မီးခဲနှင့် ပြာမှုံ့မိုက်မှောင် ပြောင် ပြောင် လက်နက် ရောင်ဖြိုးပြက်ဟု ကိုးချက်ရန်စွယ် လက်နက်မျိုး အန္တရာယ်တို့ကို၊ ဝိဇယန္တံ - ဗိုလ်ပါအပေါင်း သောင်း ကုဋေအား ဆောင်နိုင်ငြားလည်း ရိုက်လားပုတ်လား အဖအပါးဝယ် ဆိုးဝါး မာန်မူ သားငယ်တူသို့ သိတင့်နွန်းကြည့်ရှုလုံ့ဖြင့် မြေလုံးငြိမ့်အောင် သက်သေဆောင်၍ အောင်မောဘ်မှုကြီး အောင်တော်မူထသော၊ ဝါ— အောင်တော်မူသောကြောင့်၊ ဇိန— ဇိနဟူသည့် အောင်မည် တံဆိပ် ဘွဲ့ပုံလိပ်ဖြင့် ခက်နိုပ်ပေါ်ထင် အောင်ပွဲရှင် မြတ်စွာဘုရား ကို၊ နမာမိ — ကိုယ်နှုတ် နှလုံး သုံးပါးပြောင်းပျော့ မာန်ကို လျှော့၍ ကန်တော့မြက်နိုး လက်စုံမိုး·လျက် ရှိခိုးပါ၏မြတ်စွာဘုရား။

အဟံပိ – စတုသမုဋ္ဌာန် ပြုလုပ်ဖန်သည့် ရုပ်နာမ်ပေါင်းချုပ် အကျုံးနိုပ်သည်လည်း၊ တေန ပုညေန — လက်နက်မျိုးကို ဖျက်ချိုး နှိမ်ချူး ဂုဏ်ကျေးဇူးဖြင့် ပြိုးကျူးဝန္ဒနာ စေတနာကောင်းမ မြတ် ပုညကြောင့်၊ သဗ္ဗမာဝုဓေ—သေနက် လေး များ လှံ ဓား မီးပေါက် အမြောက် စိန်ပုံး မျှော်နိုး ခွင်းဖြတ် အကျဉ်းမှုပ်သော လှတ်အပ် မလှတ်အပ် နှစ်ရပ်ကျုံးခြုံ အလုံးစုံသော လက်နက်မျိုးတို့ကို၊

ဝိဓဇယံ—ယနေ့ကစ နိဗ္ဗာန်ရသည့် ကာလတခွင် သံသယပြင်ဝယ် မမြင်ရ မကြားရ အဝေးကပင် အောင်ရ နိုင်ရ အောင်နိုင်ရသည့် ကိုယ် ဖြစ်ရပါလို၏ မြတ်စွာဘုရား။

## အနေကဇာတင်ရန် နှိုးဆော်သံ

သူပွင့်ပွန္န ဂုဏ်ရှိကြသည့် အရိယာနွယ်ဝင် သံဃာတော် အရှင်မြတ်တို့နှင့် တကွ အောင်စည်ဗောဓိ စံနန်းရှိပြီး ဇေယျာဘူမိ ထုတိမင်္ဂလာ ဤနေရာသို့ ကြွရောက်လာကြ သာသနာဝင် အများတို့ ယနေ့ အဖို့ အကျွန်ုပ်တို့၏ အစဉ်ထာဝရ မမေ့ကြဖို့ မင်္ဂလာနေ့လို့ ဆိုကြပါစို့၊ ဘာလို့လဲဆိုတော့ ဒီကနေ့ဟာ ကဆုန်လပြည့် ဗုဒ္ဓနေ့ အခါတော်မြတ်ကြီးဖြစ်လို့ပါပဲ၊ ရှင်တော်မြတ်ဘုရားသည် ဟောဒီနေ့လို ကဆုန်လပြည့် ဖြစ်ခဲ့တဲ့ ဟို—လွန်ခဲ့သော သက္ကရာဇ် ၁၀၃-ခုနှစ်မှာတုန်းက မဟာဗောဓိပင်ရင်းမှာ ဗုဒ္ဓမြတ်စွာ ဖြစ်ခဲ့ပါတယ်၊ ဘုရားဖြစ်တော်မူတဲ့နေ့ဖြစ်လို့ ဒီကဆုန်လပြည့်နေ့ကို နှစ်စဉ်ထာဝရ ရောက်တိုင်းရောက်တိုင်း အကျွန်ုပ်တို့ ဗုဒ္ဓသာသနာဝင် သူတော်စင် အများတို့ တတွေဟာ ဒါန သီလ ဘာဝနာ ကုသိုလ်တွေကို အထူး တလီ ပြုလုပ်ကြပါတယ်၊ ပြုလုပ်ကြသည့် ကုသိုလ်တွေထဲမှာ ပိုပြီး ပေါ်လွင် ထင်ရှားနေတာကတော့ ဗုဒ္ဓစံရာ မဟာဗောဓိပင်တော်မှာ ညောင်ရေသွန်းခြင်း ကုသိုလ်ပါပဲ။

ညောင်ရေသွန်းတယ်ဆိုတာဟာ အင်မတန်မှ အဓိပ္ပါယ်အနေနဲ့ ပါဝင်မွန်မြတ်လို့နေပါတယ်၊ စင်ကြယ်သန့်ရှင်းပြီး အမွှေးနံ့သာ များ သင်းနေတဲ့ ရေစင်တော်နဲ့ မဟာဗောဓိပင်တော်ကို အဘိသိက် မင်္ဂလာ ပြုခြင်းဖြစ်ပါတယ်၊ ဘိသိက်သွန်းတာဟာ နှစ်မျိုးနှစ်စား

ပါရှိတယ်၊ သက်ရှေကျန်းမာ ချမ်းသာစွာဖြင့် မင်္ဂလာဆင်ယင် အောင်ပွဲဝင်၍ အောင်မြင်ပါစေ အောင်ပါစေ ဟု အစရှိသော ဓအောင်ဆုမင်္ဂလာ စကားသက်သက်ကို နှုတ်မြွက်ပေးခြင်းသည်လဲ အဘိသိက်သွန်းခြင်းတစ်ပါးပဲ၊ နောက်တစ်ပါးကတော့ ဒီမင်္ဂလာ စကားရပ်တွေကို နှုတ်ကလဲ မြွက်ဆိုပေးတယ် ရေစင်နဲ့လဲ ဘိသိက် ခံယူသိုက်သူ၏ ဦးခေါင်းထက်မှာ သွန်းဖျန်းပြီးပေးပါတယ်၊ အဲ့ဒီလို ဘိသိက်သွန်းမှုမှာ နှစ်မျိုး ရှိပါတယ် သူတော်ကောင်းတို့ .. ။

အဲဒီနှစ်မျိုး တမျိုးမျိုးနဲ့ ဘိသိက်သွန်းခြင်းကို ခံယူခြင်းငှါ ဘယ်သူတွေ ထိုက်သလဲ၊ ဘိသိက်ခံသင့်သလဲဆိုပယ် – မင်းလောင်း ရှင်ရဟန်းလောင်း၊ ဘုရားလောင်း၊ ( တနည်း ) မင်း၊ ရှင်ရဟန်း၊ ဘုရားတို့ဖြစ်ပါတယ်၊ ဒီသုံးဦးတို့အား ဘယ်သူတွေက ဘိသိက် ဆရာ ပြုလုပ်ပြီးတော့ ဘိသိက်သွန်းပေးရမှာလဲ ဆိုပြန်တော့ မျိုးရိုး ဇာတိမြင့်မြတ်တဲ့ ဂုဏ်သိရ်ရှိသော ပုရောဟိတ်ကဖြစ်စေ သုခမိန်က ဖြစ်စေ ဘိသိက်သွန်းမှုကို ဆောင်ချဉ်းပေးရမယ်–တဲ့။

ရှင်ဘုရင်ကို ဘိသိက်သွန်းလောင်းတဲ့အခါ နှုတ်မှ မြွက်ဆိုတဲ့ မင်္ဂလာစကားတွေကတော့ လောကီ ဗေဒင်ပညာများမှာလာတဲ့ ဂါထာမန္တာန်တွေကို ရွတ်ဆိုပြီး သွန်းရပါတယ်။

ရှင်-ရဟန်းလောင်းများကို သွန်းလောင်းပေးတဲ့ အခါမှာတော့ သရဏဂုံ - ဥတ္တိစတုတ္ထ ကမ္မဝါစာများ ဌာန်ကရိုဏ်း ကျကျနန ရွတ်ပြီးကာ သွန်းပေးရတယ်။

ဘုရားရှင် ကိုယ်တော်စား စေတီတော် လေးပါးတို့ကို သွန်းကဲ့အခါမှာတော့ ပထမ ဝစနနှင့်တကွ ပဋိစ္စသမုပ္ပါဒ် ယဒါ

ဟာဝေ ပတ္ထယုဒ္ဒေသ ဇေယန္တောတို့ကို ရွတ်ဆိုပြီး သွန်းရပါတယ်၊ (ဒါတွေကို ရွတ်ခြင်းငှါအသင့်မြွက်ဆိုပဲလို့ ဆိုပြီးတော့ ပညာရှိ ဥသျှောင်များက သတ်မှတ်ခဲ့ကြတာပါပဲ၊)ဒါတွေကို ရွတ်ပေးလိုက် ခါမှ ဘုရားဖြစ်တယ်လို့တော့ မမှတ်ကြရဘူး၊ ဒီစေတီတော်တွေကို မရိုမသေမလုပ်ရဘူး၊ မဖျက်မဆီးရဘူး။

အထ ယေစ ပရိနိဗ္ဗုတေ တထာဂတေ စေတိယံ ဘိန္ဒန္တိ၊
ဗောဓိံ ဆိန္ဒန္တိ၊ ဓာတုမှိ ဥပက္ကမန္တိ၊ တေသံ ကိံ ဟောတီတိ၊
ဘာရိယံ ကမ္မံ ဟောတိ အာနန္တရိယသဒိသံ— လို့ အဋ္ဌကထာ
ဋီကာများမှာရှိတယ်။

စေတီတော်ကိုဖျက်ဆီးမယ်၊ဗောဓိကိုင်း အခက် အလက် အရွက် တွေကို ဖြတ်မယ်၊ ဓာတ်တော် မွေတော်တွေ ဖျက်မယ်ဆိုယင် အကြီး လေးဆုံးသော ပဉ္စာနန္တရိယကံ ထိုက်တာနဲ့ အတူတူဘဲတဲ့၊ အဲဒါ ကြောင့်မို့ စေတီတော် လေးပါးအား ပူဇော်ထိုက် နေတယ်ဆို တာကို အမွှန်းတော်တင် မင်္ဂလာယဉ်တဲ့အနေမျိုးဖြင့် အနေကဇာ တင် ဗုဒ္ဓါဘိသေက အခါ ဆင်ယဉ်ရတာပါ သူတော်ကောင်း အပေါင်းတို့။

အနေကဇာတင် ဗုဒ္ဓါဘိသေကအခါ ဆင်ယဉ်ကြတဲ့ သာသနာ့ အစဉ်အလာ ကုသိုလ်မြတ်ကို ယခုလိုအခါမြတ်ဖြစ်တဲ့ (ဗျာ+ဖွား+ မြင်+ဗော၊ စံ+ဓာတ်+ဟော၊ အံ့သြကြုံရ၊ ကဆုန်လ)ဟူသည် နှင့်အညီ ခုနစ်မည် စုံညီကြတဲ့ ကဆုန်လပြည့် ဗုဒ္ဓနေ့မှာ အများ မရွေ့ ပွားများပြုလုပ်လေ့ ရှိကြတာမို့ ယခု အကျွန်ုပ်တို့လဲဘဲ

## အနေကဇာတင် ပါဠိတော်များကို
## အောက်ပါအညွှန်းအတိုင်း ပုံနှိပ်ရပါမည်

### နမော တဿ ဘဂဝတော........ဒွယံ

ခေါင်းစည်း: ဗုဒ္ဓါဘိသေက ဂါထာတော်
ပုံနှိပ်ရမည့်စာ အနေကဇာတိ သံသာရံ (လ) ခယ မဇ္ဈဂါ။
ခေါင်းစည်း: ပဋိစ္စသမုပ္ပါဒ် ပါဠိတော်
ပုံနှိပ်ရမည့်စာ အဝိဇ္ဇာပစ္စယာ (လ) သမုဒယော ဟောတိ။
အဝိဇ္ဇာယတွေဝ (လ) နိရောဓော ဟောတိ။
ခေါင်းစည်း: ဗုဒ္ဓါဘိသေက ဂါထာတော်
စာသား: ယဒါ ဟဝေ (၃-ဂါထာ)
ခေါင်းစည်း: ပဋ္ဌာန ပစ္စယုဒ္ဒေသ
စာသား: ဟေတုပစ္စယော (လ) အဝိဂတ ပစ္စယောတိ
ခေါင်းစည်း: ဇေယျာဘိသေက ဂါထာတော်
စာသား: ဇယန္တော ဗောဓိ ယာ.... သဟ သဗ္ဗေဟိ ဉာတိဘိ အာဂမိ။

### အောင်စည်ပေါ်ဓိ ပင့်လာပြီ

မန္တလေးမြို့ ချမ်းမြအောင်စည် (မဟာစည်) သာသနာ့ရိပ်သာ ပင့်ပတ္တိပြုနိုင်ပွားရာ မင်္ဂလာ အာရာမ်တော်ကြီး ထဲတွင် ဘာနင်္ဂနွေ သတ်မှတ် နေရာတော်ပြုတ်၍ လေးရပ် ပစ္စည်း ထောက်ပံ့ပြီးရှိ ပွားစည်းဆာသနာ လိုလားပါသော ဒေါက်တာ ဦးတင်အေးဇနီး ဒေါ်နုနုဝေ တို့က ကာလရှည်ကြာ ဘည်စိမ့်ငှါဟု သဒ္ဓါမှုဖြင့် ဂရုဂါရဝအလှူ ထားရပါသော ဆရာသခင် ဘဒ္ဒန္တသံဝရထေရ်အား ရှိသော့ကာ လျှောက်ထားကြပြီးလျှင် ရှစ်ခွင်မျက်နှာ ရပ်ဒိသာမှ လာ

လာသမျှ ဒကာ-ဒကာမတို့က ဂါရဝမူ ချမ်းသာစွာပြုကြ၍ သုံးလူ့မျက်ဖျော် ဗောဓိတော်အား ပူဇော်နိုင်ရန် စိတ်ရည်ဆန်ပြီးလျှင် ဗောဓိပလ္လင်နန်း၊ ဆောက်လုပ်ဒါန်း၍ ထိုနန်းအထက် စံမြန်းတက်ပြီး လေးမင်္ဂ လေးဖိုလ် မြတ်ကုသိုလ်ကို ရလိုကြသူ များဗိုလ်လူတို့ ရယူစေကြောင်း ဖြစ်တုံလျှောင်းဘိ အောင်စည်ဗောဓိကို အိန္ဒိယပြည် နယူးဒေလီ ရှေးခါဆီက ဗုဒ္ဓဂယာ မြတ်ဌာနာမှ ၁၃၄၇-ခုနှစ်၊ နယုန်လဆန်း (၁၄) ရက်နေ့တွင် ရန်ကုန်မြို့ မဟာဂန္ဓာရုံ စာသင်တိုက်ကြီး၏ ဦးစီးနာယက ပဓာနဖြစ်တော်မူသော စတုတ္ထမြောက် တိပိဋကဓရ ဆရာဖြစ်သို့ ရောက်ရှိတော်မူသော ဆရာ ရှင်သုမင်္ဂလာလင်္ကာရက လေယာဉ်ဖြင့် ပင့်ဆောင်တော်မူခဲ့ပါသည်။

မြန်မာ့မြို့တော် ရန်ကုန်နေပြည်တော်သို့ ကောင်းစွာ ရောက်ရှိတော်မူပြီးလျှင် မဟာဂန္ဓာရုံ စာသင်တိုက်၌ ကိန်းဝပ် စံပယ်တော်မူပါသည်၊ ထိုမှ တဖြာ (၂၄-၈-၈၇) မင်္ဂလာ အခါတွင်ပင် အောင်စည်ဗောဓိ အလှူတော်ရှင်ဖြစ်သော ဒေါက်တာဦးတင်အေး-ဒေါ်နုနုဝေ တို့၏ ပါရမီရိပ်သာ အိမ်ဂေဟာမှာ တညတာစံပျော်သီတင်းသုံးတော်မူပါသည်၊ (၂၅-၈-၈၇) နံနက် ၅း၁၅ အချိန် နေသူရိန်က ရောင်ခြည်လွှယ်စ အရုဏ်တွင် နေအိမ်မင်္ဂလာ စံနန်းရာမှ မင်္ဂလာဒုံ လေယာဉ်ဘုံဟု ခေါ်ပြနေကြ လေဆိပ်ဌာနသို့ ကြွရောက်လာပြီးလျှင် ကောင်းကင်ခရီး လေယာဉ်ကြီးဖြင့် ၆း၅၅ မှာ ရတနာပုံ အမည်ဂုဏ်ဖြင့် လှမ်းခြုံထက်အောက် ထတင်းပေါက်ရာ မန္တလေးမြို့ မဟာဆီသို့ ဦးတည်လို့ ထွက်ကြွခဲ့ပါသည်။

၈း၂၀ မှာ ရတနာမြေ မန်းဌာနေလေဆိပ်မှ ချမ်းမြအောင်စည် ဘဒ္ဒန္တသံဝရထေရ်နှင့် သံဃာတော်များတို့က အဆင်သင့် စောင့်

ကြို၍ ပင့်ပြီး ချမ်းမြအောင်စည် (မဟာစည်) ရိပ်သာတော်ကြီးသို့ ၄ နာရီနီးနီးမှာ ရောက်ရှိတော်မူခဲ့ပါတယ်၊ ရှိသေစွာစိတ်ဓာတ်ဖြင့် အသေအချာ ပင့်လာသော ဒါယကာ ဦးတင်အေး၏ ကိုယ်စား ဗဟိုတရားရုံးရှေ့နေ ဦးမြရှိန်ထံမှ ထာဝရစံပျော် သီတင်းသုံးတော်မူရန် စိတ်သန့်သန့် တောင်းပန်ချက်ဖြင့် အဓိဋ္ဌာန်လျက် ရှိသော ဘဒ္ဒန္တသံဝရလက်သို့ ကြွရောက်တော်မူခါ ဇေတိယာသန မြတ်ဌာန၌ ယခုပိုက်မျှညီ သီတင်းသုံးတော်မူခဲ့ပါပြီ။

ယခုအခါ ကောဇာသက္ကရာဇ် တွက်ခါစစ်ခေသော် ၁၃၅ဝပြည့်နှစ် ဖြစ်ပါသည်၊ ထိုခုနှစ်ဂဏန်း ရည်ရွယ်မှန်း၍ အောင်စည်ဗောဓိဟု အမည်တော်ပြုပါသည်၊ သာသနလုပ်ငန်း သာသနထုံးတမ်းဆိုတော့ သာသနာ့ မှတ်တမ်းနှစ်ကိုလဲ လွှမ်းပစ်လို့ မဖြစ်ပါ၊ သို့တွက်တာကြောင့် သာသနာနှစ် ၂၅၃၂ ပါ တခါတည်း ပေါက်စပ်မိသွားအောင် အောင်စည်ဗောဓိကို ပူဇော်ကြဟု မှတ်တမ်း ပြုလိုက်ပါသည်။

## အသုညော လောကော အရဟန္တေဟိ။

အောင်စည်ဗောဓိ—၁၃၅၀၊ ကိုပူဇော်ကြ—၂၅၃၂၊ အဲဒီလို နှံသ ဂဏန်း ကောက်ယူ၍ မှတ်သားနိုင်ကြပါစေ၊ အဲဒီမှာ ပူဇော်ကြ ဟူသောစကားရပ်သည် ကောဇာ - သာသနာဖြစ်တဲ့ ဒီခုနှစ်များမှာ စသင်၍ ပူဇော်ကြတယ်၊ အထူးအားဖြင့် စိုက်ပျိုးတယ်လို့ သိစေလိုမှုမကတဲ့ နောင် နှစ်ပေါင်းများစွာ ရှည်မြင့်ကြာအောင်လဲ ပူဇော်သွားကြပါလို့ တိုက်တွန်း နှိုးဆော်သည့် သဘောမျိုးလဲ ရှိပါတယ်၊ ထာဝစဉ် မှတ်တမ်းဖြစ်နိုင်အောင် အခုလို နာမည်ပေးကို ကုန်းကြီးမှာ စဉ်းစားပါတယ်။

အောင် စည် ပေ့ာ ဓိ ကို ပူ ဇော်ကြ။

၁ ၃ ၅ ၀၊ ၂ ၅ ၃ ၂ ဒီလို ပေးရကောင်းမလား

ချမ်း မြ စည် ကြီး အ စဉ် မြည် တယ်။

၂ ၅ ၃ ၂၊ ၁ ၃ ၅ ၀ ဒီလို ပေးရကောင်းမလား လို့ စိတ်ထဲမှာ ခွဲမရ ဖြစ်နေတယ်၊ နောက်တော့ ယနေ့ ပူဇော်မှု လုပ်ငန်းဟာ ဘာလဲလို့ စဉ်းစားမိတော့ခါမှ မြတ်စွာဘုရား၏ အောင်မြင်ရာဖြစ်တဲ့ ပေ့ာဓိပင်စိုက်ပွဲ ဖြစ်လို့ အောင်စည်ပေ့ာဓိကို ပူဇော်ကြဆိုတဲ့ မှတ်တမ်းကို ရွေးချယ်လိုက်ရပါတော့တယ်၊ ဒါပေ သည့် နှစ်ခုစလုံး အဓိပ္ပါယ်ရှိနေတော့ စာတမ်းနှစ်ခုကို အထပ်ထပ် ကြည့်ကာ တဝါကျတည်းဖြစ်အောင် ဟောဒီလို အောက် ထက်– ထက် အောက် အပြန်ပြန် အနေနဲ့ စကားကိုဆက်စပ်ပြီး ဆန့်လိုက် ပါတော့တယ်။

ချမ်းမြအောင်စည် ပေ့ာဓိစည်ကြီးကို ပူဇော်ကြ အစဉ် မြည် တယ်-တဲ့၊ ချမ်းမြအောင်စည် ဆိုတာက ရိပ်သာနာမည်၊ ပေ့ာဓိ ဆိုတာက ပေ့ာဓိပင်၊ စည်ကြီးဆိုတာက မဟာစည်ဆရာတော်ကြီး၏ ဩဝါဒကိုခံပြီး ပြုနေတဲ့ သတိပဋ္ဌာန် ပဋိပတ္တိစည်ပေါ်ကြီး၊ ပွား များ အား ထုတ် ပူဇော်နေကြတဲ့အတွက်ကြောင့် သူတော်ကောင်း တွေ မဆိတ်သုဉ်းတဲ့ နေရာတဲ့။

သမ္ဗုဒ္ဓဉာဏ်တော်ပြက်ကြီး ပွင့်မြို

ပါတော ဖုလ္လံ ပဒုမံ၀, အာဂမဂ္ဂေန ဖုလ္လိတံ၊

သော ဂန္ဓိကံ ဝိဝေရောစန္တံ၊ ဗုဒ္ဓံ ပဿာဟိ သာဒရံ။

ပါတော–အရှက်ရောင်သမ်း ကပ်လာချဉ်း၍ ဖြူကင်းသန့်စွာ ဟိမ်ဝါကြည်ဘိ ကော်းကင်၌ ကျက်သရေ လျှံဆန်းဂေသော

နံနက်စောစော အခါ၌၊ ပဒုမံ ဣဝ — အာဒိစ္စ ပွင့်ချပ်လှသဖြင့် လန်းစွာ ထင့်ဆန်း ပဒုမ္မာကြာပန်းကဲ့သို့၊ အဂ္ဂမဂ္ဂေန — ရှိလေသမျှ ကိလေသာ အနုသယ်စက် မြောင်အောင် ဖျက်သည့် အရဟတ္တမဂ် ဂုဏ် နေအချွတ်ကြောင့်၊ ဖုလ္လိတံ—သဗ္ဗညုဉာဏ် ဗောဓိဉာဏ်ဖြင့် ရောင် လျှံ ထွန်းလင်း အောင်လံဖွင့်၍ ပွင့်တော်မူထသော၊ သော ဂန္ဓိကံ — ကိုယ်ဒဏ်အနံ့ ဂုဏ်ရနံ့ဖြင့် သင်းပျံ့ မွှေးထုံ ရနံ့ ပေါင်းပြည့်စုံခဘင် မူထသော၊ ဝိနေယျစန္တိ-အကောင်းမွန်သောအကျင့်ဖြင့် ယဉ်ကျေးမြောင်မြင့်ကြွယ် တင့်တယ်တော်မူထသော၊ ဗုဒ္ဓံ-ဗောဓိညောင်ဗွေ နန်းအောင်မြေ ဝယ် သန်း ထောင်ရေမက ကျက်သရေ အဝဝတို့ဖြင့် လုပ စုံလင် ဘုရားရှင်ကို၊ သာဒရံ—လေးမြတ်ကြည်လင် စိတ်ဓာတ်စဉ်တို့ ကပ် ယှဉ် ဖြစ်ပေါ် လွန်ရှင်ပျော်ဘွယ် ဂါရဝရှိသည်ဖြစ်၍၊ ပဿာဘိ— ပဿထ — လွန်စွာကြုံရ ဒိဋ္ဌကဆုန်လမှာ ဒုလ္လဘဒဿနာဝို့ မြတ် သာဂဝါကို စိတ်မှာမှန်းပြီးတော့ နိဗ္ဗာန်နန်း ကူးသန်းကြရလေ အောင် ဖူးကြစမ်းပါကုန်တော့လော။

ရွှေရောင်နှင့် တွေ့ရာ ပဒုမ္မာ ပွင့်ကာလသလို၊
အရဟတ္တမဂ် ဉာဏ်နှင့်တွေ့ချပ် ဉာဏ်သဗ္ဗညု ပွင့်ပင် ပွင့်မြဲကို။
သဗ္ဗညုဉာဏ်ပွင့် စကားဖြင့် ဘုရားပွင့် ခေါ်ရကို။

ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ၊
မာရဿ စ ပါပိမတော ပရာဇယော။
ဥဂ္ဃောသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ ဗြဟ္မဂဏာ မဟေသိနော။

(ဒေဝဂဏာ, နာဂဂဏာ, သုပဏ္ဏဂဏာ)ဟု ပြင်ဆို။

အယံ ဇေယျာ - ဗောဓိအောင်ခန်း ပလ္လင်နန်းကို သိမ်းမြန်း စိုးပိုင် အနိုင်ရရှိခြင်း ဟူသော ဤ အောင်ပွဲတော်ကြီးသည်၊ သိရီမတော - ဘုန်းကြက်သရေနှင့် ပြည့်စုံတော်မူသော၊ ဗုဒ္ဓဿ -သိဒ္ဓတ်မင်းသား လောင်းဘုရား၏၊ ဇေယျောတိ ဇေယျာ ဧဝ - တုနိုင်းမပေါ် သောင်းလုံးကျော်အောင် အောင်ကော်မူတဲ့ အနုတ္တ ထုတိ သိရီပဝရ ဇယမင်္ဂလာ မဟာအောင်ပွဲတော်ကြီး ပါပေတည်း၊ ပါပိမတော - ပလ္လင်ကိုလုမည်ဟု ယှဉ်ပြိုင်လာသော စစ်ဂိုလ်ပါနှင့် ယုတ်မာမှုပေါင်း မကောင်းသော စိတ်နှလုံးရှိသော၊ မာရဿ — ဝသဝတ္တီ ပူရီတာစိပ် စိုးနှိပ်ပိုင်နင်း မာရ်နတ်မင်း၏၊ ပရာဇယော - ဗိုလ်ပါအလုံး ပျက်ပြိုပြုံး၍ နှလုံးမသာ မျက်နှာမလှ အရှုံးကြီးရှုံးရသော မဟာပရာဇယ ပွဲကြီးပါပေတည်း၊ ဣတိ — ဤသို့၊ ဃုဋ္ဌာ - ထုတ်ဖြဘာ သောသော ဌာအောင် မင်္ဂလာစကား မြွက်ကြား ပြောဆိုကြကုန်၍၊ ပမောဒိတာ — အလှူန် ဝမ်းမြောက်ခြင်း ရှိကြကုန်သော၊ (မြစ္ဆဂဏာ — များစွာသောင်းဖသောင်း ဗြဟ္မာအပေါင်းတို့သည်၊) ဗောဓိမဏ္ဍေ — ဗောဓိမဏ္ဍိုင် မြေဦးခိုင်၌၊ တဒါ — ထို အောင်ပွဲသဘင် ဆင်ယဉ်ကျင်းပသောအခါ၌၊ မဟေသိနော - သိဒ္ဓတ်မင်းသား လောင်းဘုရား၏၊ ဇယံ — ဒါနပါရမီ အကူအညီဖြင့် မဟိတသောင်း ရိုက်ခြောင်းတုန်ဟီး ဇယမင်္ဂလာ အမည်ရှိတဲ့ အောင်ပွဲတော်ကြီးကို၊ ဥဃောသယုံ —အားရနှစ်သက် မြေမိုးသက်မျှ နက်နက်လေးလေး သံပြိုင်ပေး၍ ကြွေးကြော်ကြလေကုန် သတည်း။

ဗောဓိညောင်နန်း အောင်ခန်း ပလ္လင်မှာ၊
မာရ်နတ်မင်းက [illegible] ရှုံ၊

ဖြူကျွဲမျှားက အားရဝမ်းသာ,
သဗ္ဗညု ဇေယတု အောင်မင်္ဂလာ၊
ညောင်သဘင်ဇလာ အောင်မြင်ခုအခါ,
သပြေနှံ့ ငွေခရ ဇေယတု အောင်မင်္ဂလာ။
( နတ်အမျှားက....၊ နဂါးမျှားက....၊ ဂဠုန်မျှားက....၊ )
ယခုနှစ်လဲ အောင်ပွဲဆင်တယ်၊ ညောင်ပွဲသဘင်မယ်၊
နောင်နှစ်စဉ်နဲ့ ညောင်ပွဲသဘင်ဝယ် အောင်ပွဲဆင်ပါမယ်၊
ယခုနှစ်လဲ ညောင်ပွဲသဘင်မယ်၊ အောင်ပွဲဆင်ရတယ်၊
နောင်နှစ်စဉ်လဲ အောင်ပွဲဆင်မယ် ညောင်ပွဲသဘင်ဝယ်။

---

## အောင်စည်ဗောဓိ
## ကဆုန်ညောင်ရေသွန်း ပူဇော်ရန်

အောင်စည်ဗောဓိ မှိုခိုးပါ၏။ ( ၃ – ခေါက် )

၁။ ရေသွန်းအစ ဘယ်ကစတင်၊ မဒုမုတ္တာရ ဗုဒ္ဓထွတ်တင်။
လက်ထက်တော်ကစ၍ပေါ်ထင်၊ယခုလဲသွန်းမြဲထိုနည်းမင်၊
ညောင်ရည်ပွဲ ဆင်နွဲခါသဘင်။
၂။ ညောင်တော်ဆယ်မျိုး တန်ခိုးပေါ်ထင်,
ဘယ်အမျိုးကို သွန်းဖြိုးရေစင်၊
ရွှေညောင်ဗုဒ္ဓ ဥက္ကဋ္ဌကိုပင်,
ရေစင်သွန်း တောင်ကျွန်းလကျ်ာတွင်၊
ယခုလဲ သွန်းမြဲ ထိုနည်းပင်,
ညောင်ရေပွဲ ဆင်နွဲခါသဘင်၊

## ကဆုန်လပြည့်နေ့ အံ့ဖွယ်တော်ခုနစ်ပါး မှတ်သားစရာများ

၁။ ဗုဒ္ဓလောင်းလျာ သုမေဓာဘဝက,
ဆုချေကာသတဲ့ ပါရမီရှင်၊
ဒီပင်္ကရာဘုရား လျှောက်ဖို့,
အလျားမှောက်လို့ ညွန်ဗွက်တင်၊
ဆံတားခင်းကာ ဗျာဒိတ်ပန်းကို,
ဆင်မြန်းပါတဲ့ တို့အရှင်၊
ဩော်.. ကြုံရ ကဆုန်လတွင်, ပူလှ ကျိုနေတွင်။

၂။ သက္ကရာဇ် ကောဇာ ခြောက်ဆယ့်ရှစ်မှာ,
ဥတ္တရာသာဠ် သာကီဝင်၊
မယ်တော်မာယာ ကြာတိုက်နန်းက,
ဘဂဝါမကိုဋ္ဌပန်း ဖွားသန့်စင်၊
လုမ္ဗိနီဥယျာဉ် အင်ကြင်းမှာ,
မြေပြင်ယင်းလို့ ကြွတဲ့အရှင်၊
ဩော်...ကြုံရအောင် ကဆုန်လတွင်, ပူလှ ကျိုနေပင်။

၃။ ဖွားတော်ခင် ခုနစ်ပြီးတွင်, အလွန်ထူးပါတဲ့ ဗောဓိပင်၊
တချိန်တည်းတွင် အတူကြာလို့, တဆူမမှရစ်ပွင့်ရာပင်၊
လူ နတ် ဗြဟ္မာ သတ္တဝါများသို့, ဘဂဝါဘုရားသို့
ရှိခိုးတင်။
ဩော်... ကြုံရအောင် ကဆုန်လတွင်, ပူလှ ကျိုနေပင်။

၄။ သက္ကရာဇ် ကောဇာ တရာသုံးမှာ, သတ္တဝါ အတွတ်သုံး
မြတ်သခင်၊

စစ်ပွဲဆင်ကာ မာရ်အလုံးကို, ပါရမီစက်ရုံး အကုန်လုံးနှင်၊
ဗောဓိညောင်ရှင် အောင်ပလ္လင်ထက်မှာ,
အောင်သံမြွက်လို့ အောင်ပွဲဆင်၊
ဩော်....ကြုံရအင် ကဆုန်လတွင်, ပုဏ္ဏ ဤနေ့ပင်။

၅။ ကပိလဝတ်ပြည် ဘဂဝါကြွလို့, လာလာသမျှ သာကီဝင်၊
အဏ္ဏရာဇ်ကောဇာ တရာ့လေးမှာ, မမှာရေအေး ဗုဒ္ဓဝင်၊
ဟောပြည့်ကာ မမှာရေလောင်းလို့,
သာကီအပေါင်း နိဗ္ဗာန်တင်၊
ဩော်....ကြုံရအင် ကဆုန်လတွင်, ပုဏ္ဏ ဤနေ့ပင်။

၆။ ကုသိနာရုံ မလ္လာမင်းတို့, စံရာပျော်ခင်း မြတ်ဥယျာဉ်၊
မြောက်ရပ်သို့သာ ဦးခေါင်းပြုလို့, ရှပ်ပေါင်းအစု
ကြွင်းခဲ့အင်၊
သက္ကရာဇ်ကောဇာ ရာလေးရှစ်မှာ, ခန္ဓာကိုယ်ပစ်နိဗ္ဗာန်ဝင်၊
ဩော်.... ကြုံရအင် ကဆုန်လတွင်, ပုဏ္ဏ ဤနေ့ပင်။

၇။ သုံးထောင့်ရှစ်ရာ တဆယ့်ရှစ်မှာ,
သာသနာနှစ် ငါးထောင်တွင်၊
ပြည့်သောအခါ ဗောဓိရိပ်မှာ,
ဓာတ်တော်တဖိတ်ဖိတ် နိဗ္ဗာန်ဝင်၊
ဖူးမြင်ရသူ မရှင်ပြသမို့, သခင်ဘုရားလို့ ငိုပွဲဆင်၊
ဩော်....ကြုံရအင် ကဆုန်လတွင်, ပုဏ္ဏ ဤနေ့ပင်။

(၉)

## အမျှဝေ

ဗောဓိညောင်တော် ကြက်သရေခလို့, အရွက်တွေက နုနုဝေ၊
ဒေါ်နုနုဝေ ရဟန်းအမကြီးက, နန်းအမတခရီး သွားဖို့ပေ၊
စိုက်ပျိုးပူဇော် အလှူပြီးလို့ , တူပျော်ပျော်ကြီး အမျှဝေ၊
သာဓုအောင်သံ အောင်သံမြွက်လို့,အောင်နဘာထက်ချဉ်းပါစေ
ဩြာ်........ရကြပါစေ အမျှ အမျှဝေ၊
သာဓု သာဓု သာဓု ခေါ်ပါလေ။

ဦးသံဝရ
ချမ်းမြအောင်စည်

---

၁။ ရှင်တော်မြတ်ဘုရား တရားသခင်,
ဗျာဒိတ်တော်ပန်း ရှင်လန်းပန်ဆင်၊
သဒ္ဓါတတ်ပွား မှတ်သား လူရှင်,
ကဆုန်လ ကြုံရ ဒီနေ့ပင်။

၂။ မယ်တော်ဝမ်းတိုက် ကိန်းပိုက် ပျော်ရွှင်,
လုမ္ဗနီတွင်း အင်ကြင်း ဥယျာဉ်၊
ဖွားမြင်အထူး မီးရှူးသန့်စင်,
ကဆုန်လ ကြုံရ ဒီနေ့ပင်။

၃။ သစ်ပင်အထွတ် တမွတ်ဦးကင်,
မဟာဗောဓိ မည်ရှိခေါ်တွင်၊

မြေပြင်ဖေါက်ထွင်း ပေါက်လျှပ်ပေါ်လွင်၊
ကဆုန်လ ကြုံရ ဒီနေ့ပင်။

၄။ ဗောဓိပင်မင်း ကပ်ချဉ်းပလ္လင်၊
ငါးမာရ်ပယ်ဖြုတ် ကွယ်မြုပ်ကျွတ်တွင်၊
ကိုးသွယ်ရဏ်ပန်း ခြုံလွှမ်းပန်ဆင်၊
ကဆုန်လ ကြုံရ ဒီနေ့ပင်။

၅။ ကပိလနန်း ကြွလှမ်းစံဝင်၊
ဆွေတော်ရှစ်သောင်း မျိုးပေါင်းစုံလင်၊
ဗုဒ္ဓဇာတ်လမ်း မှတ်တမ်းတော်တင်၊
ကဆုန်လ ကြုံရ ဒီနေ့ပင်။

၆။ နယ်မလ္လာမင်း အင်ကြင်းမြိုင်ခွင်၊
သုံးလောကနှံ့ အမြွက်ထွက်တာင်၊
နိဗ္ဗာန်မြန်နှုန်း ကြွလှမ်းစံဝင်၊
ကဆုန်လ ကြုံရ ဒီနေ့ပင်။

၇။ သာသနာ့ဘုဉ်း ကွယ်ဆုံးကြုံလျှင်၊
ရှင်တော်မြတ်ဘုရား ဓာတ်သားစုံလင်၊
တောဇောလောင်မီး ပြောင်ညီးရောင်ပျှင်၊
ကဆုန်လ ကြုံရ ဒီနေ့ပင်။

၈။ နေ့ရက်အထူး ခုနစ်ဦးစုံလင်၊ ဗုဒ္ဓနေ့ယူ ဆေါ်ပူမည်တွင်၊
ဗောဓိပင်မြတ် သွန်းအပ်ရေစင်၊ ကဆုန်လ ကြုံရ ဒီနေ့ပင်။

၉။ ဖွားဖက်တော်ရင်း ညောင်မင်းမဟာ၊
သက်န်းသပိတ် ပရိက္ခရာ၊
ပရိဘောဂ ဟောပြသချာ၊ စေတီဘိုက် အမြိုက်ပူဇော်ရာ။

၁၀။ သံတောင်တွက်စစ် အမြင့်တရာ,
လျှံဖြာတက်ကြွ ခက်မ ငါးဖြာ၊
ကောင်းစွာယှက်မြွေး ခက်သေး တရာ,
ခက်ငယ်များ မှတ်သား တထောင်သာ။
၁၁။ ဗျာဒိတ်တော်ရ အသောကရာဇာ,
ခစတီခေါ်ဘိ ပေါဓိ မဟာ၊
လက်ျာတောင်ညွန့် ဖူးကွန့်ဝေဆာ,
ကိုင်းအပြတ် ပိုင်းဖြတ် ဓိဋ္ဌာန်ကာ။
၁၂။ ဓိဋ္ဌာန်တော်ချက် မပျက်သချာ,
ရွှေဖျဉ်းအိုးထက် ဆင်းသက်ဟည်ကာ၊
မြစ်မှား မြစ်သေး ဖွေးဖွေးထင်လာ,
ခက်အညွန့် ယှက်ကွန့် ငါးဖြာ။
၁၃။ ထိုခဏတွင်းရွှေဖျဉ်းနှင့်သာ,ပေါဓိခက်မ တက်ကြွအာကာ၊
ဝေဟင်တိမ်တွင်း မယှင်းသချာ,
ခုနစ်ရက် တည်လျက် စံပျော်တော။
၁၄။ တိမ်တိုက်ဆီးနှင်း, ပွင့်လင်းလေရာ,
အသောကမင်း ဝပ်စင်းခါ၌၊
ဦးချိညွှတ်ကျိုးရှိခိုးပန်ကာ,ဆင်းအကြွ ပင့်မယူဆောင်ကာ။
၁၅။ သဃ်မိတ္တာ မည်ရထေရီ,
ကောင်းကင် မြေလျှိုး တန်ခိုးတုန်ဟိ၊
အသောကမင်း ထင်လင်းဂုဏ်ညီ,
သမီးချစ် ရနှစ်ကော်။

၁၆။ သီဟိုဠ်ရပ်ဝန်း မြေကျွန်းဌာနီ၊
ကိုးကွယ်စိုက်ပျိုး မြတ်နိုးယုံကြည်၊
လက်ျာသွားတော် ကိုင်းဖျားပင်စည်း၊
တအောင့်ပွား မှတ်သား ညောင်စေတီ။

၁၇။ ပြည်မြန်မာနန်း ကြက်ပျံ့ရှင်ကြ၊
မြို့တော်ရွှေမန်း တောင်ခန်းပေ်ဆီ၊
အောင်စည်ချမ်းမြ မင်းလေပျပင့်သည့်၊
အောင်(စည်)ဗောဓိ ပသိုရ်မြတ်စေတီ။

၁၈။ အောင်စည်ဗောဓိ လှူသည့်ဒကာ၊
ဒေါက်တာတင်အေး ကမ္ဘာအေးကပါ၊
သူ့ဇနီးဟု ဒေါ်နုနုဝေပါ၊ စိတ်နေလှ မိတ္တာဆွေသိပါ။

၁၉။ ကောင့်သုံးရာနဲ့ ငါးဆယ်ကွဲ့ပြေ့ရှာ၊
ကြုံ့ရဆုံရ ကဘုန်လာဒပြုံ့မှာ၊
သံဃာတော်များ အပေါ်းတရာ၊
ဟိသိက်မွန်း အောင်ခွန်းဝေဝေဆာ။

၂၀။ အခက် အလက် အရွက်ဖုံညီ၊
ဆန်းဆန်းတင့်တင့် အမြင့်ဂုဏ်ရည်၊
စိမ်းလဲ့ တိမ်ငွဲ့ ယိမ်းနွဲ့ဟန်ချီ၊
ဖူးမဝ ထူးလှညောင်စေတီ။

၂၁။ သဒ္ဓါနုံ့သင်း သန့်ရှင်းထုံကြည်၊ မသွင်းဒုံ စိတ်ကအာတည်၊
ဗောဓိပုထိုး ဝိုက်ပါသည့်၊ ဆွေတူယာ ဖူးရကောန်ရည်။

၂၂။ ပေါဓိထွတ်ဖျား ညွှတ်တွားအညွှလိ,
သဒ္ဓါမြဲတော်မိုး မြတ်နိုးတင်ချီ၊
ညောင်ရေလောင်းပြု ပေါင်းစုစုံညီ,
နိဗ္ဗာန်သို့ ရောက်ဖို့ ဆုပန်သည်။
၂၃။ ရတနာပုံဟု ဂုဏ်ပြုလို့ခေါ်,
ရွှေမြို့တော်မန်း ခေါ်စမ်းခုနော်၊
ကိုယ်စိတ်နှစ်ဝ ချမ်းမြစေသော်,
အောင်စည်းတီး အောင်ကြီး အောင်စေသော်။
၂၄။ မြင့်ပန်း တင့်ဆန်း ပွင့်လန်းကြည်သာ,
ရောင်ဆင်း ပြောင်ဝင်း ညောင်မင်းတောဇာ၊
ဝတ်လျှိုးညွှတ်ကျိုး ရှိခိုးပူဇာ, ဒိဋ္ဌာန လာကြပြု [illegible]ဟာ။
၂၅။ ကောင်းမှု ပေါင်းစု အကြောင်းပြုတာဟာ,
နိဗ္ဗာန်ပမှန်း [illegible]ဒါန်းတာပါ၊
အခုလက်ငင်း ချက်ခြင်း ဘဝမှာ,
ဘေးမသန်း အေးချမ်းစေဖို့ရာ။
၂၆။ ပေါဓိတန်ခိုး ရန်မျိုးဘယာ,
ပြည်ပြန်မာတိုင်း မဆိုင်းပယ်ခွါ၊
ကမ္ဘာရပ်ခြား တိုင်းတပါးကိုပါ,
အမှောင်ခွင်း အောင်ခြင်း ဘိသေကာ။
၂၇။ ရောင်းပန်း ဝယ်ပန်း တကာယ်တန်းသာယာ,
ချမ်းသာလာဘ်မိုး မပြတ်ဖြိုးစေဆာ၊
လမင်းပဝင်း မြအဆင်း ပမာ,
ဆင့်ခာင့်တို့၊ မြ[illegible]ရာ။

၂၈။ ကိုယ်တွင်း ကိုယ်ပ ဌာနနှစ်ဖြာ၊
အန္တရာယ်ဘေး တကယ်ဝေးစေရာ၊
ကုသိုလ်ပုညာ စုံကြစေရာ့၊ စောင့်သီလ ပွားကြ ဘာဝနာ။

၂၉။ မအောင်စည်ဗောဓိ စိုက်သည့်ပူဇာ၊
လာအမျှ အဟာယ ကလျာဏဒေဝါ၊
ဝေယျာဝစ္စ မလွတ်ရစေပါ၊
မအောင်စေကြောင်း ညောင်ရေလောင်း အောင်ပေါင်း
ဝေစေပါ။

သင်္ချေလေးရပ်နှဲ့ ကပ်ကမ္ဘာ တစ်သိန်း မြတ်စွာဘဂဝါ ထိန်း ရကဲ့ ကိန်းကြတဲ့ ပါရမီ အနုမတ္တ ဘဝအလီလီ...သား၊ ဖို့လှူသည့်၊ မယားကို လှူသည့်၊ အသားကို လှူသည့်၊ အသွေးကို လှူသည်၊ ကိုယ် မန္တာ မင့်ကွက်လို့ အသက်ကိုပင် လှူပြန်ပါသည် – ဟု ပစိတ ပါရမီအစုံ ပြည့်ဝအောင် ဖြည့်ရတော်မူသည်။

ဘုန်းလွန်သမျှ အဆုံးတွင်ဘဝ ရောက်လို့လာသည်၊ အတူပင် မရနိုင်တော့ပြီ၊ ဘုံဖြာလယ်လီ ပါရမီတရားတွေက တသက်ကို ပွားကို လာတုက်ခါ သူ့ဘက်ငါ လုယက်ခါ ဘဝမည့်ပြီး ဆတ်ပိုး အကျိုးပေါင်လေပြီ။

...ား ဘဝက ဘုရားဖြစ်လာပြန်တော့ ခြောက်ရောင် ယှက်လ ...က်ပြောင်လက်ညီ၊ သုံးလောကမှန်ကူ သယမ္ဘူ ဘုရားမြတ်... ၊ လူမင်းနတ်မင်း ဗြဟ္မာမင်းတို့က ဝတ်စင်း ကော်ရော် ပူဇေ... တော်သည်၊ မြေပထဝီ သိမ့်သိမ့်လဲအောင် ချိမ့်ချိမ့်မတဲ့ အောင်ပွဲ... ၊ ဘုရားဖြစ်သည်မှ သည်...လေးဆဲ့

စာကြည့်ခန်း
-၁၇၅၄-

သာသနာ့ဗောဓိတွင်းတောပြန့်ပွားရေးဦးစီးဌာ၊
အောင်စည်ပေါ်ပေါ် ကြည်တိုက်
ထမ္မာစာအေး - ရန်ကုန် ။

ါ:ဝါ တိုင်ကာလာ အခိုင်ဆိုင် ညွန်ပြနေရပြီ၊ အမေးပုစ္ဆ ပြဿနာအနန္တ အမှန်ကျအောင် ရှင်းပြရသည်၊ လူ ရှုပ်ရဟန်းတို့ကဲ လဲ တလီ, ဖြဟ္မာနတ်တို့ကိုလဲ တလီ, တလှည့်စီ တလှည့်စီ နေ့စဉ် ရက်ဆက် မမှစက် လည်နေပြီ၊

ရွှေညာဏ်တော်ကွန်ရက်ဖြန့်ကျက်ပြန်တော့သည်၊သတ္တဝါဝေနေ ကျွတ်ထိုက်သူ ရှာရပြန်ပေပြီ၊ တွေ့ပြန်ကသည် – မေ့မကျန်ရပြီး သောဘဂဝါ အရဟံတစ်ဆူသည် မမှောသမကို ဟောပြတော်မူသည်၊ မအားလပ်ပါသည် ဘုရားမြတ်ဘဂဝါသည် တရားစကား ရဟတ် အခါခါလည်တော့သည်၊ နေ့စဉ်ပင် များလှပါတဲ့ ဘုရားရဲ့ တာဝန် အလီလီ၊ သေချာရွှေရူ စေ့ငုမြင်ရမည်၊ သို့ပါမှ မြတ်ဗုဒ္ဓ ဂုဏ်ကို ထုံလိုသူသည်၊ ဂုဏ်တော်အသွင် ပုံဖြစ်မှ ဂုဏ်သကပ်ကိုလဲ မလွဲတွေ့မည်၊ ဘဝင်သည် ရှင်ကြည် အညလိ တင်ချီသလို့ ရှင်ရှင် ပြုပြု ကန်တော့ကြပါမည်၊ ဗုဒ္ဓဂုဏ် ဝမ္မဂုဏ် သံဃာ့ဂုဏ်မှန်သမျှကို မ ... တည်၊ ချမ်းမြအောင်စည် ဝတ်အသင်းက ရွတ်ဖတ် ရင်း ဝတ်ဝင်း ပူဇော်မည်။

မန်းနန်းဂရုဂတောင်ယံ ... ရောင်ခြည် ချမ်းမြအောင်စည်
မန်းအလှကို ဆောင်လို့ နေပါပြီ၊ ထိုယောဂီ....ထိုယောဂီ
အို - ယောဂီ၊ ဒို့ငှာနီ လှမ်းကြ စေချင်သည်
အောင်မြင် စည်ပင်စေရမည်။